
www.burmeseclassic.com

# မောင်ဉာဏ်ကျယ်

## ချစ်လို့ချောတာမဟုတ်ဘူး

(အချစ်ဟာသလုံးချင်းဝတ္ထုသစ်)




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## စီစဉ်သူ

## မောင်သွေးရှင်

| | |
|---|---|
| မျက်နှာဖုံးကာတွန်း | ပိုးဇာ |
| ဒီဇိုင်း | အေးလွင်(Eagle) |
| မျက်နှာဖုံးဖလ | Eagle |
| အတွင်းဖလင် | ထက်အာကာကျော် |
| ကွန်ပျူတာ | မာကျူရီ |
| စာအုပ်ချုပ် | မင်းမင်း |
| ထုတ်ဝေသည့်ကာလ | ၂၀၀၈-ခုနှစ်၊ မတ်လ |
| တန်ဖိုး | (၁၅၀၀) ကျပ် |

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၉၀၀၅၈၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၀၁၂၃၅၀၆၁၀ အရ
ဦးဝင်းမင်းကို၊ တော်ဝင်ကျောက်စိမ်းပုံနှိပ်တိုက် (၀၇၀၉၅)၊
အမှတ်(၁၁၇)၊ လမ်း-၄၀(အလယ်)၊ ကျောက်တံတားမြို့နယ်တွင်
မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ်၍ ဦးလှမိုး၊ ဧယျာမြေစာပေတိုက်
၂၂၄ အခန်း(၂၈)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့မှ
ပထမအကြိမ်၊ အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

ဖြန့်ချိရေး
ရွှေရည်ထုံစာပေ
အမှတ်(၂၁၁)၊ (၃၉)လမ်း၊ ရန်ကုန်မြို့။ ဖုန်း- ၀၁ ၃၇၉၂၇၆

www.burmeseclassic.com

www.burmeseclassic.com

နှမောဝှူးသ

ဝါသနာစာပေ တစဉ်(၂၇)

# မောင်ဉာဏ်ကျယ်

# ချစ်လို့ချော့တာမဟုတ်ဘူး

(ဟာသလုံးချင်းဝတ္ထုသစ်)

ဝါသနာစာပေ
အခန်း(၂)၊ ဗိုလ်တထောင် အ·ထ·က (၆) G.E.C
ဗိုလ်အောင်ကျော်လမ်း(အထက်)၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၇၀၃၇၈၊ ၃၇၀၃၇၉

www.burmeseclassic.com

www.burmeseclassic.com

# မောင်ညာဏ်ကျယ်

## ထွက်ရှိပြီးသောစာအုပ်များ

- ❑ ဓွတ်
- ❑ အပဟီး (မျက်ချယ်ဗွီဒီယိုမှ မိုးဒီ၊ ချစ်ဖွယ်တို့နှင့် ဗွီဒီယိုထွက်ပြီး)
- ❑ အချစ်ဘောထုပ်
- ❑ ကြွေးဆပ်သူတို့နှလုံးသား
- ❑ အချစ်ကန်ထရိုက်
- ❑ လှကြော့ရှင်း
- ❑ ယမမင်းတောင် စိတ်ညစ်တယ်

---

**ယခု**

ချစ်လို့ချောတာမဟုတ်ဘူး

---

**ဆက်လက်၍**

- ✶ ရိုက်ကွင်း ...
- ✶ တိုင်ပတ်တဲ့အသည်း ...
- ✶ ဟော့ ... တိုးတိုး ...
- ✶ အခင် ...
- ✶ သူကြီး (စိန်ငွေဗီဒီယိုမှ ၊ ကျော်ဟိန်း ၊ ချိုပြုံး ၊ ခရိုင်းတို့နှင့် ဗီဒီယိုထွက်ပြီး)

တို့နှင့်အတူ ဟာသလုံးချင်းဝတ္ထုအသစ်များ ဆက်တိုက်ထွက်လာပါဦးမည်။

www.burmeseclassic.com

www.burmeseclassic.com

ချစ်လို့ချောတာမဟုတ်ဘူးတဲ့ . . . .

ဒါဆို . . . .

နဂိုချောလား . . . .

ဘာကြောင့် ချောရတာလဲ . . . ...

ချောတာတော့ ချောသတဲ့လေ . . . .

www.burmeseclassic.com

www.burmeseclassic.com

"ကဗျာဆရာပါဆိုမှ. . .
မယုံရင် ကိုရိုးကွန့်တို့ . . မင်းရိုးယဉ်တို့ကို
မေးကြည့်ပါ။ ကျွန်တော်က ရိုးအုပ်စုဝင်ပါ။
ကျွန်တော့်အဘိုးက ရိုးကုမ္ပဏီမှာ
လုပ်ခဲ့ဖူးသတဲ့ . . ."

ကဗျာဆရာလေး
ရိုးရိုးလူ

www.burmeseclassic.com

www.burmeseclassic.com

"ရှင် ဝင်တိုက်တဲ့ကိစ္စက အစ . . .
အခုလို မထီလေးစားလုပ်နေတာတွေ
အဆုံး . . .
အားလုံးကို ခြုံပြီး တောင်းပန်ပါ
ရှင် မတောင်းပန်ရင်
ရှင့်ကို ပုဒ်မတွေတသီကြီးတပ်ပြီး
စွဲပစ်လိုက်မယ် . . ."

ရွှေနေမလေး
အိမွန်သည်းပိုဇော်

www.burmeseclassic.com

www.burmeseclassic.com

## ဈစ်လို့ ချောတာမဟုတ်ပါ

နံနက်ခင်းရဲ့ နေရောင်ခြည်အောက်မှာ
ဖျတ်ခနဲဆို . . .
အချစ်ကလေး ဖြတ်ပြေးသွားလေရဲ့။
သိပ်လှတယ် အချစ်ရယ် . . .
သိပ်ချောတာပဲ . . .
ငါးရံ့လည်းဇို . . . ငါးရှဉ့်ဇိုနဲ့ . . .
မြွေလေးတွေလည်း ဇိုကုန်တယ်။
ငါးမြွေထိုးကတော့ ပြုံးမလိုလို . . .
ဇိုမလိုလိုနဲ့ . . .
သူတို့ စကားတစ်ခွန်းပဲ ပြောသွားနိုင်ကြတယ် . . .
"တို့ အရှုံးပေးပါပြီကွာ . . . တဲ့တာ" တဲ့။
သူတို့အားလုံး . . .
မျက်ရည်စက်လက်နဲ့ . . .
ဟင်းအိုးထဲ စင်သွားကြတယ်။
အဲဒီ ဟင်းအိုးတစ်အိုးလုံး
မင်း စားပစ်လို့ . . အချောတွေစုနေတာလား . . .
ဘာပဲဖြစ်ဖြစ် . . .
မင်းကို ငါ ချစ်တယ် . . .
ငါ့ကို ပြန်မချစ်ပါနဲ့ . . .
အလုပ်ရမှ ဆက်သွယ်မယ် . . ဘိုင့် . . ဘိုင် . .

-ရိုးရိုးလူ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ဤအမှုတွင် . . . "
"ဤအမှုတွင် . . . "
"မှန်ကန်စွာ. . . "
"မှန်ကန်စွာ. . . "
"ထွက်ဆိုပါမည်ဟု . . . "
"ထွက်ဆိုပါမည်ဟု . . . "
"ကတိသစ္စာ ပြုပါသည်. . . "
"ကတိသစ္စာ ပြုပါသည်. . . "

တရားခွင်တစ်ခုလုံးမှာ ကျမ်းကျိန်သံက လွှမ်းမိုးနေတယ်။

ရှေ့နေမလေး အိမွန်သည်းပိုဇော်က ပိတ်နီအိတ်လေးနဲ့ ထည့်ထားတဲ့ ကျမ်းစာထုပ်ကို တစ်ဖက်ကကိုင်ပြီး၊ တစ်ဖက်ကတော့ သက်သေထွက်ဆိုမယ့် လိုပြ(၁)က ကိုင်ထားတယ်။ လိုပြ (၁)ဆိုတာ လား။ တရားလိုဘက်က တင်ပြထားတဲ့ သက်သေများအနေနဲ့တ နံပါတ်(၁)သက်သေပဲပေါ့။ သူတို့ ဆက်လက်ကျမ်းကျိန်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မမှန်မကန် ထွက်ဆိုပါက. . ."

"မမှန်မကန် ထွက်ဆိုပါက. . ."

"ဤကျမ်းစာပါ. . ."

"ဤကျမ်းစာပါ. . ."

"ကျိန်စာဆိုးကျိုးများကို ခံစားရပါစေသား . . ."

ဒီနေရာမှာ လိုပြ(၁)က လိုက်မဆိုဘဲ ကျမ်းစာထုပ်လေးတွေကို ကြည့်နေလေရဲ့။ ရှေ့နေမလေး အိမ္ဗန်သည်းပိုဇော်က . . .

"ဆက်ဆိုလေ. . ."

"ဟင့်အင်း . . . ဘာတွေပါမှန်းမှ မသိတာ"

"သိသိ. . မသိသိ. . ဆို. ."

"ဆိုဘူး . . ."

ပြဿနာက စ,နေပြီ။

အိမ္ဗန်သည်းပိုဇော် ရှေ့နေလိုက်လာတာမှ ဘာမှမကြာသေးဘူးရယ်။ ဒီလိုသက်သေမျိုး ဒီတစ်ခါပဲ တွေ့ဖူးသေးတာ။ လာလာချင်း ဆောက်နဲ့ထွင်းပဲရယ်။ ဘာဆက်ပြောရမှန်း မသိဘူး ဖြစ်နေလေရဲ့။

အခြေအနေကို ရိပ်စားမိလိုက်တဲ့ တရားသူကြီးမင်းက တည်တည်တံ့တံ့နဲ့ ဝင်ပြောလိုက်တယ်။

"တစ်ဖက်ရှေ့နေရဲ့ ကျမ်းကျိန်ချက်ကို လိုက်ဆိုပါ. . . မဆိုရင် ရုံးတော်ကို မထီလေးစားလုပ်မှုနဲ့ အရေးယူခံရပါလိမ့်မယ်"

တရားခွင်ထဲက လိုပြသက်သေက တရားသူကြီးမင်းကို ကြည့်ပြီး လေးလေးစားစားနဲ့ ပြန်ပြောရှာပါတယ်။

"တရားသူကြီးမင်း ခင်ဗျား . . ကျွန်တော်ဟာ ရုံးတော်ကို ထိထိကြီးလေးစားပါတယ်၊ ဒီကျမ်းစာထဲ ဘာတွေပါလဲဆိုတာ သိချင်လို့ပါ"

သူ တကယ်သိချင်နေတာ။ မျက်လုံးတွေကလည်း အရောင်



www.burmeseclassic.com

www.burmeseclassic.com



တွေ လက်နေတယ်။ ကျမ်းစာထဲ ဘာတွေပါတယ်ဆိုတာ တကယ်ကို သိပ်သိ ချင်နေတာပေါ့။ တကယ်တော့ တရားရုံးတော်ပေါ်က ကျမ်း ကျိန်စာထဲမှာ ကြောက်မက်ဖွယ် ကျိန်စာဆိုးတွေကို ရေးသွင်းထား တာ။ မမှန်မကန်ထွက်ဆိုရင် အဲဒီကျိန်စာတွေသင့်ပါစေသား။ မှန်ကန်စွာထွက်ဆိုရင်တော့ ကောင်းကျိုးချမ်းသာတွေ ဖြစ်ပါစေ သား။ အဲဒီလို ကျိန်ထားတာမျိုး။

"ကဲ ကဲ, သိချင်ရင် နောက်မှမေးပါ၊ အမှုစစ်ဖို့ အချိန်ရှိသေး တယ်၊ ရှေ့နေပြောတာကို လိုက်ဆိုပြီး သူမေးတာကို သိရင်သိတယ် မသိရင် မသိဘူးဖြေပါ"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

တရားသူကြီးရဲ့ တည်ငြိမ်ပြတ်သားတဲ့ အသံသြဇာအောက်မှာ ပွဲကငြိမ်သွားပြီ။ ရှောရှောရှူရှူ ကျမ်းဆက်ကျိန်လို့ ပြီးသွားပြီ။

လိုပြ (၁)ကို ဆက်လက်စစ်မေးမှာ ဖြစ်လေရဲ့။

✔ ✔ ✔



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"နှာမည်. . ."

"ဘာချို. . ."

"ဘာ. . ."

"ဘာချိုပါ. . . ဆရာမပြောတဲ့ ဘာချိုပဲ. . ."

ရွှေနေမလေး မျက်မှောင်ကြုတ်တယ်။ မျက်စောင်းထိုးတယ်။ ဆက်မေးတယ်။

"အဘနှာမည်. . ."

"ဦးသာချို. . ."

"အသက်. . ."

"ဘယ်သူ့အသက်လဲ . . . ကျွန်တော့်အသက်လား . . . အဖေ့ အသက်လား . . ."

"ရှင့်အသက်. . ."

"သုံးဆယ့်နဲ့မှင်း . . ."

"မြန်မာဗုဒ္ဓပဲနော်. . ."



www.burmeseclassic.com

www.burmeseclassic.com



"မွန်မြန်မာ ဗုဒ္ဓဘာသာပါ"

"အလုပ်အကိုင် . . ."

"ဘာမှန်းမသိ . . ."

"ရှင် . . ."

"ဘာပြောရမှန်းကို မသိတာပါ"

"ရှင် ဘာတွေလုပ်လဲ"

"ထင်းခွေ၊ ရေခပ်၊ မီးလှူ၊ ရေငုပ်၊ ဝါးခုတ်၊ လှည်းမောင်း၊ လယ်ထွန် . . အကုန်လုပ်ပါတယ်"

"အထွေထွေလုပ်သားပဲပေါ့ . . . ကဲ, ထိုင်ပါ ကျွန်မ မေးတာကို စဉ်းစားပြီး ဟုတ်ရင် ဟုတ်တယ် . . မဟုတ်ရင် မဟုတ်ဘူး . . သိရင် သိတယ် . . မသိရင် မသိဘူးဘဲဖြေပါ"

"ဟုတ်ကဲ့ . . ."

ကိုဘာချိုက တရားခွင်ထဲက ခုံလေးပေါ် ထိုင်လိုက်တယ်။

ရွှေနေမလေးကတော့ တရားသူကြီးရဲ့ ခုံရှုံးရှေ့မှာ မတ်တတ်ရပ်လျက်နဲ့ လိုပြသက်သေကို စတင်စစ်မေးပြီ။

"ကိုဘာချိုက ညောင်သုံးပင်ရွာသားနော်"

"ဟုတ်ပါတယ်"

"သူ့ကို သိပါသလား"

တရားခံနေရာမှာရှိနေတဲ့ သူကို ညွှန်ပြရင်း မေးလိုက်တာပဲ။

ကိုဘာချိုက တရားခံကိုလှမ်းကြည့်ပြီး . . .

"သိပါတယ် . . ဝက်ကျော်ဝင်းပါ"

လူကြီးငုတ်တုတ်ဖြစ်နေရဲ့သားနဲ့ ဝက်ကျော်ဝင်းဆိုလို့ တရားခွင်တစ်ရပ်လုံး မျက်မှောင်တွေကုတ်ကုန်တယ်။

ဝက်ကများ လူယောင်ဖန်ဆင်းလာသလားလို့ပေါ့။

ရွှေနေမလေးလည်း မသဲမကွဲတွေဖြစ်ကုန်လို့ ရှင်းအောင် ပြန်မေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"နာမည်ကို သေချာပြောပါ. . ဘာကျော်ဝင်းလဲ"

"ဝက်ကျော်ဝင်းအစစ်ပါ. . ရွာမှာ ဝက်သတ်တဲ့အလုပ်လုပ်လို့ သူ့ကို တစ်ရွာလုံးက ဝက်ကျော်ဝင်းလို့ခေါ်တာပါ"

"ကောင်းပြီ ဆက်ဖြေပါ. . အခင်းဖြစ်တဲ့ညက ကိုဘာချို ဘာတွေမြင်လဲ၊ မြင်သမျှ သိသမျှရုံးတော်ရှေ့မှာ မှန်ကန်စွာထွက်ဆိုပါ"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

လို့ ပြောရင်း ကိုဘာချိုက ထိုင်ရာမှထ,လိုက်တယ်။

ရှေ့နေမလေး မျက်လုံးပြူးသွားပြီး . . .

"ထိုင်ဖြေလေ. . ဘာလို့ထ,ရတာလဲ" လို့ ပြောရှာတယ်။

"ဆရာမက ထွက်ဆိုပါဆိုလို့ အပြင်ဘက်ထွက်ပြီး ဖြေမလို့ပါ"

တကယ်ကို ကြောင်တာ။ တကယ်ကိုကြောင်မှန်းသိလို့ တရားသူကြီးတောင် ပြုံးစိစိဖြစ်သွားရင်း . . .

"ထွက်ဆိုပါဆိုတာ ထိုင်ပြီး ဒီထဲမှာပဲထွက်ဆိုခိုင်း . . . အဲ, ပြောခိုင်းတာ, . သိသမျှ ဖြစ်သမျှပြော. . ဒီမှာပဲ ထိုင်ပြော"

"ဟုတ်ကဲ့. . မသိလို့ပါခင်ဗျာ. . . ကျွန်တော်မှန်မှန် ကန်ကန် ပြောပါ့မယ်"

"ဟင်း . . . "

ရှေ့နေမလေး အိမ္မနှင်သည်းပိုဇော် သက်ပြင်းချလိုက်တယ်။ ဘယ်လိုသက်သေမျိုးနဲ့ လာတွေ့နေပါလိမ့်လို့တွေးရင်း ဆက်မေးရှာပါတယ်:

"ကဲ, အခင်းဖြစ်တဲ့ညက ရှင်ဘာတွေမြင်လဲ"

"ဟုတ်ကဲ့ . . အခင်းဖြစ်တဲ့ညက ကျွန်တော်အခင်းသွားမလို့ . . အခင်းဘေးသွားတုန်း အခင်းနဲ့ခပ်လှမ်းလှမ်း အခင်းစောင့်တဲ့နားမှာ သူ့ကို ကျွန်တော်မြင်ပါတယ်"

"ဘယ်လိုမြင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမြင်တာပါ"

ကိုဘာချိုက မျက်လုံးနှစ်ဖက်စလုံး ပြူးပြလိုက်တယ်။ ဒီမျက်လုံးတွေနဲ့ မြင်တယ်ပေါ့။

"မဟုတ်သေးဘူး . . . မီးရောင်နဲ့မြင်တာလား၊ လရောင်နဲ့မြင်တာလား မေးတာ. . ."

"လရောင်နဲ့မြင်တာပါ. . အဲ, လူ့,လရောင်နဲ့တော့ မဟုတ်ဘူးနော်. . လ,လရောင်နဲ့မြင်တာပါ၊ အဟီး . . လူ လရောင်ဆိုတာ ကျွန်တော့်ညီပါ၊ သူက ဒီအမှုနဲ့ပတ်သက်ပြီး ဘာကိုဘာမှ မသိပါဘူး"

"ရှင်မြင်တော့ သူ ဘာလုပ်နေလဲ"

"ကျွန်တော့်ကို လှံပြတယ်"

ကိုဘာချို့အဖြေကြောင့် ရှေ့နေမလေး ပခုံးလေးမြင့်တက်သွား လေရဲ့။ လှံပြတယ်ဆိုတာကို ဘယ်လိုမြင်လဲတော့ မသိဘူး။

မျက်မှောင်ကုတ်ပြီး ထပ်မေးတယ်။

"ဘယ်လို လှံပြတာလဲ"

"ဟို, ရှည်ရှည်ကြီး . . အရိန္ဒမာလှံလိုဟာမျိုး . . "

အရိန္ဒမာလှံကယ်လို့ သက်သာသွားတယ်။

ရှေ့နေမလေးလည်း သဘောပေါက်သွားတယ်။

သက်သေခံ (က)အဖြစ် သိမ်းဆည်းထားတဲ့ လှံပဲဆိုတာ သိလိုက်ပြီလေ။ ဒါနဲ့ ဆက်မေးလေရဲ့။

"ရုံးတော်ရှေ့က လှံလား"

"ဟုတ်ပါတယ်"

"သူက လှံပြတော့ ကိုဘာချိုက ဘာဆက်လုပ်လဲ"

"အခင်းဆက်သွားပါတယ်"

"ဘယ်သွားတယ်"

"ကိုယ့်အခင်းနားမှာပဲ အခင်းဆက်သွားပါတယ်၊ ဟီး . . ယာထဲမှာ အိမ်သာမရှိဘူးလေ၊ ဒီလိုပဲ အခင်းနားမှာပဲ အခင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



အခင်းလေး သွားကြရတာပဲ"

အခင်းတွေရော အခင်းကြီး အခင်းလေးတွေရော ရှုပ်ယှက်ခတ်နေလို့ ရွှေနေမလေး မျက်စိလည်သွားတယ်။

နောက်တော့မှ သဘောပေါက်သွားပြီး ဆက်မေးတယ်။

"သူ လုံပြတော့ ကြောက်မသွားဘူးလား"

"မကြောက်ပါဘူး"

"သူဟာ ရာဇဝတ်မှုတစ်ခုခုကို ကျူးလွန်တော့မယ်လို့ မတွေးမိဘူးလား"

"မတွေးမိပါဘူး . . . ကျွန်တော်ကတောင် လှမ်းအော်လိုက်ပါသေးတယ်"

ရွှေနေမလေး မျက်နှာဝင်းသွားတယ်။

အားတက်သရော ဝမ်းသာအားရနဲ့ ရွှေနေမလေးက မေးလိုက် သေးတယ်။

"ရှင် ဘယ်လိုအော်လိုက်လဲ"

"ငါ့ဖို့ အခေါက်အသား တစ်ပိဿာချန်ထားဟေ့လို့ အော်လိုက်ပါတယ်"

သွားပြီ. . .။

ပုဒ်မ ၃၀၂ (က) လူသတ်မှုနဲ့ စွဲချက်တင်ထားတဲ့ဟာ သူနဲ့ကျမှ ဝက်သတ်မှုဖြစ်သွားပြီ။

တကယ်တော့ . . . ကိုဘချိုကလည်း အမှန်အတိုင်း ထွက်ဆိုတာ (အဲ. . . အဲ. . .) ရုံးတော်ရှေ့မှာပဲ ဖြေသွားတာပါ။

ဟုတ်တယ်. . .

ကျော်ဝင်းဆိုတာ ဝက်ထိုးသမားပဲ။

သူ့ကို လုံပြတော့ အရင်လိုဝက်ပေါ်မယ်ထင်ပြီး အခေါက် အသား တစ်ပိဿာ မှာလိုက်တာ။

သွားရော. . .



www.burmeseclassic.com

www.burmeseclassic.com



အဲဒီညက ကိုဘာချို အခင်းသွားနေတုန်း အခင်းနဲ့ခပ်
ပုတ်လုတ်မှာ အခင်းဖြစ်တယ်။

ဝက်ကျော်ဝင်းက ဝက်မသတ်ဘဲ လူသတ်လိုက်တယ်။

ဝက်နဲ့လူမှားတာတော့ မဟုတ်ဘူးရယ်။

ရန်ငြိုးကြောင့် လှံနဲ့ထိုးလိုက်တာ။

သေရော။

လူသတ်မှုနဲ့ ရုံးရောက်လို့ အခုပဲ အဲဒီအမှုကို စစ်နေတာ။

တရားလိုရှေ့နေက အိမ့်မွန်သည်းပိုဇော်နဲ့ သူ့ဆရာ ဗဟိုတရား
ရုံးရှေ့နေကြီး ဦးစောဝင်းပဲပေါ့။

ဦးစောဝင်းဆိုတာ အိမ့်မွန်သည်းပိုဇော်ရဲ့ ဆရာဦးလေး ..
ဦးလေး ဆရာပဲပေါ့။

အိမ့်မွန်သည်းပိုဇော်ရဲ့ ဖခင် ဦးဇော်မောင်က ဦးစောဝင်းရဲ့
ညီအရင်း ...။

အိမ့်မွန်သည်းပိုဇော်က ဦးစောဝင်းရဲ့ တူမအရင်း ...။

အိမ့်မွန်သည်းပိုဇော် ဥပဒေနဲ့ကျောင်းပြီးတော့ သူ့ဦးလေးထံမှာ
ချိန်ဘာဆင်း။ နောက် ရှေ့နေဖြစ်တော့ သူ့ဦးလေးနဲ့ပဲ အမှုတွဲလိုက်။

ကဲ.. ဆရာတပည့် ...

ဦးလေးနဲ့ တူမ...

တူမနဲ့ ဘကြီး ...

ဟုတ်တယ် ဟုတ်...

ရှင်းရှင်းလေးနော် ဘာမှရှုပ်တာ မပါဘူး။

ရှုပ်နေတာက ဘာချိုပဲ။

လူသတ်သမားကို ဝက်သတ်သမားဖြစ်အောင်ပြောတယ်။

တစ်ရွာလုံးက အခင်းထဲမှာ အခင်းသွားတာကို သူက ဖော်
ကောင်လုပ်ဟယ်။

သူတို့ရွာက ပဲတီစိမ်းစိုက်ခင်းတွေ များတယ်။ သူတို့ရွာက



www.burmeseclassic.com

www.burmeseclassic.com



ဝဲတွေ ဘာလို့အောင်မြင်ဖွံ့ထွားနေတယ်ဆိုတာ ခုမှပဲ ပေါ်တော့တာ။

ဘာချိုလို မအူမလည်မျိုးကိုမှ တရားလိုဘက်က သက်သေထည့် ရတယ်လို့ . . .

ကောင်းရော . . .။

အဲဒီနေ့ ရုံးချိန်းနေ့က အိမ္ပန်သည်းပိုဇော်တစ်ယောက်ထဲ အမှုစစ် ရတာ။ သူ့ဆရာ သူဦးလေးက တိုင်းရုံးသွားနေရလို့တဲ့။

တရားခွင်မှာ အမှုစစ်လို့ပြီးတော့ ရှေ့နေမလေး အိမ္ပန်သည်းပိုဇော် သက်ပြင်းချတယ်။

မှတ်ချက်လည်းချတယ်။

"ဘယ်လိုအူကြောင်ကြားကိုမှ သက်သေစာရင်း သွင်းထားလဲ မသိဘူး . . ."

ဟူး . . . မောပါ့။

✔ ✔ ✔



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ရှေ့နေမလေး အိမွှန်သည်းပို့ဖော် အတော်မောသွားတယ်။

အမှုစစ်ပြီးတော့ ရုံးခန်းကို မပြန်တော့ဘဲ အိမ်ပြန်ဖို့ ပြင်လိုက်တော့တယ်။

ရှေ့နေဂျူတီကုတ် လည်ရှည်ထောင်အနက်လေးကို ခေါက်ပြီး လက် ပေါ်တင်ထားတယ်။

တစ်ဖက်က အမှုတွဲတွေနဲ့ ဖိုင်ကို ပိုက်ထားတယ်။

တရားရုံးက လှေကားထစ်တွေအတိုင်း တစ်လှမ်းချင်း ဆင်း လာ လေတယ်။

ဟိုး တတိယထပ်ကနေ ဆင်းလာရတာလေ။ လှေကားထစ် တွေ အကွေ့တွေက များတယ်။

အဲဒီအကွေ့မှာပဲ ပြဿနာဖြစ်တော့တာ။

"အို. . . အမေ့ . . ."

"အို. . . အဖေ. . ."



www.burmeseclassic.com

www.burmeseclassic.com



လှေကားထစ်အတိုင်း ဖြည်းဖြည်းလေးဆင်းလာတဲ့ အိမ့်မှန်ကို အပြေးလေး ကမျှောသောပါးတတ်လာတဲ့ ကောင်လေးတစ်ယောက်က ဝင်တိုးမိတော့တာ။

"အို . . . အမေ့ . . ."

ဆိုပြီး အိမ့်မှန်လက်ထဲက ဖိုင်တွေ လွတ်ကျကုန်တယ်။

ရှေ့နေကုတ်လေးလည်း ကျသွားတယ်။

ဝင်တိုးမိတဲ့ကောင်လေးကလည်း ပြန့်ကျဲသွားတဲ့ ဖိုင်တွေနဲ့ ကုတ် အင်္ကျီလေးကိုကြည့်ရင်း . . .

"အို . . . အဖေ . . ." လို့ ရေရွတ်မိတာ။

အဲ . . ဒါကိုက နောက်ဆက်တွဲ ပြဿနာပဲ။ ပထမ ဝင်တိုက်မိတဲ့ ပြဿနာက မရှင်းရသေးဘူး။ နောက်ဆက်တွဲ ပြဿနာကို အရင်ရှင်းရတော့တယ်။

"ရှင် ရိုင်းလှချည်လား"

"မတော်လို့ပါ ခင်ဗျာ"

"ဘာမတော်လို့လဲ . . ဝင်လဲတိုက်သေးတယ် နောက်လဲ နောက်သေးတယ်"

"ခင်ဗျာ . . ကျွန်တော် ဘာနောက်မိလို့လဲ"

"ဘာမနောက်ရမှာလဲ . . အို . . အမေလို့ ယောင်တာကို ရှင်က အို . . အဖေဆိုပြီး လိုက်နောက်တယ်၊ ဝင်တိုက်တာကိုလဲ မတောင်းပန်ဘူး . . ရှင် မရိုင်းလို့ ဘယ်သူရိုင်းမလဲ"

"ဟီး . . ကျွန်တော် မရိုင်းပါဘူးခင်ဗျာ၊ ရိုင်းတဲ့သူတွေက သူ့ဟာ သူ ရှိပြီးသားပါ၊ အာဖရိက တောနက်ထဲက လူရိုင်းတွေဆို ဘာရိုင်းသလဲ မမေးနဲ့ . . ကျွန်တော်က ယဉ်ကျေးလို့သာ အို . . အဖေလို့ ယောင်တတ်တာပါ"

"တောက် . . ."

"ဒေါက် . . ."



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးဗျ. . ."

သံစုံတီးလုံးတော့ မဟုတ်ဘူး။ နှုတ်လည်းသွက် လက်လည်း မြန်တဲ့ အိမ္မွန်က ကျနေတဲ့ ဖိုင်တွေနဲ့အကျီကို ငုံ့ကောက်နေရင်းက တွယ်လိုက်တာလေ။

ပေတံစောင်းနဲ့ ကောင်လေးရဲ့ခြေခုံကို ခုတ်လိုက်တာများ ဒေါက် ခနဲရယ်. . .။

"တော်တော်ရိုင်းတဲ့လူ . . ဝင်လဲတိုက်သေးတယ် မတောင်း ပန်တဲ့အပြင် ထပ်နောက်နေတယ်၊ ကျကုန်တာတွေတောင် ပြန်ကောက် ပေးဖော်မရဘူး"

အိမ္မွန်က ပွစိပွစိလုပ်နေတော့ ကောင်လေးလည်း တမန်း ကတန်း ထိုင်ပြီး စာရွက်တွေကို ကောက်ပေးတယ်။

"ပြောမှသိ ခိုင်းမှလုပ်တာ လူဗာလ"

အိမ္မွန်က စက်သေနတ်ပစ်နေတယ်။

ကောင်လေးက ရှုံ့မဲ့သွားပြီး . . .

"ဟောဗျ. . . ကောက်ပေးတော့လဲတစ်မျိုး . . . "

လို့ ညည်းရှာတယ်။

"ဟင်း . . . တောင်းပန်ဖို့တော့ ဝေးရော"

တစ်တောင့်ချင်း ခွဲနေပြန်တာ။

"မဝေးပါဘူးခင်ဗျာ . . . ကျွန်တော် တောင်းပန်ပါ တယ်. . . နီးနီး ကပ်ကပ်လေးကို တောင်းပန်ပါတယ်"

"ပြောမှသိ. . ."

"စတိုက်မိကတည်းက တောင်းပန်မလို့ပါ"

"ပြောမှ. . ."

"မပြောလဲ ကောက်ပေးပြီး တောင်းပန်မလို့ပါပဲ ခင်ဗျာ. . . ကျွန်တော်လူဗွပါပ. . . အဲ၊ လူဗလ မဟုတ်ပါဘူးဗျာ၊ ပေါင်တစ်ရာ သုံးဆယ် ပဲရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လွှဗာလမှန်းမသိ . . လွှဗလမှန်းမသိ . . နားဝေတိမ်တောင်"

အိမ္ဘန်ကတော့ ပွစိပွစိလုပ်တုန်းပဲ။ သူက ရှေ့နေပဲလေ။ ပွနေတာ ပြန်စီရမှာ သူ့အလုပ်ပဲ။

ဖိုင်တွေကို ပြန်ပိုက်၊ ရှေ့နေကုတ်အနက်လေးကို လက်ပေါ် ပြန်တင်ပြီး ခရီးဆက်ဖို့သူ ဟန်ပြင်တယ်။

ဒါပေမယ့် . . .

ဒီအတိုင်း ဆက်ထွက်မသွားဘူး။

သိတယ်မို့လား . . .

မိန်းမတို့လက်နက်ငါးဖြာထဲက ဒုတိယလက်နက်နဲ့ ကောင် လေးကို ပစ်ထည့်လိုက်တယ်။

"အဲ့, ထိုးသဟ . . မျက်စောင်း . . ."

တိုးတိုးလေး ရေရွတ်တာပဲ။ ဒါပေမယ့် စိတ်ပါသွားပြီး အသံထွက်သွားလို့ ကောင်လေးက သူ့ပါးစပ်ကို လက်ဝါးလေးနဲ့ ပိတ်လိုက်ရတယ်။

မရတော့ဘူး။ အချိန်မမီလိုက်ဘူး။ အိမ္ဘန်က ပထမလက်နက် ဖြစ်တဲ့ လေသေနတ်နဲ့ ထပ်ပစ်ပြန်ရော။

"မျက်စောင်းထိုးတာ နည်းသေးတယ်မှတ် . . လက်ဝါး စောင်းနဲ့ကို ခုတ်လိုက်ချင်တာ"

"အာယ် . . ."

"မအယ်နဲ့ . . . တကယ်ပြောနေတာ . . ရှင့်ကို ပုဒ်မတွေ တသီကြီးနဲ့ စွဲလို့ရတယ် . . သိလား . . ."

"ဗုဒ္ဓေါ . . ."

"မဗုဒ္ဓေါနဲ့ . . . အဟုတ်ပြောတာ . . ခုနေ ကျွန်မအော် လိုက်ရင် ရှင်ဘာဖြစ်သွားမယ်ထင်လဲ . . ."

"ဘုရား . . . ဘုရား . . ."

"ပါးစပ်က ဘုရား ဘုရားနဲ့ လက်က ကားယား ကားယား



www.burmeseclassic.com

www.burmeseclassic.com



လုပ်မနေနဲ့၊ ကျွန်မအော်ပြီး ဆက်ငိုလိုက်ရင် ရှင်လက်ထိတ်လေး တန်းလန်းနဲ့ ဖြစ်သွားမယ်"

အိမွန်က ရှိုရှိုသမျှ လက်နက်ငါးပြောလုံးနဲ့ ခြိမ်းခြောက်လိုက်တာ ကောင်လေး ငြိမ်ကျသွားတယ်။

လက်ကလေးလည်း ပိုက်ထားတယ်။ ရွှေနေမလေးတို့ တွေကြည့်နေတယ်။

"လှလိုက်တာ. . ."

"ဘာပြောတယ်. . ."

"အယ်, ကြောက်လိုက်တာလို့ ပြောတာ"

"ရှင် မုန်လာဥမလုပ်နဲ့"

"ကျွန်တော် မုန်လာဥမကြိုက်ဘူး"

"လက်ထိတ်တော့ ကြိုက်မှာပေါ့"

"အင်း . . အယ်. . မအင်း . ."

"အင်းတွေ ကန်တွေ လုပ်မနေနဲ့ . . ကျွန်မသွားမယ်"

"ဟုတ်ကဲ့ . . ."

"ဟုတ်ကဲ့ နောက်ထား . . ရှင် ကျွန်မကို တောင်းပန်"

"ဗျာ. . ."

"ရှင် ဝင်တိုက်တဲ့ ကိစ္စကအစ အခုလို မထီလေးစားလုပ်နေတာတွေအဆုံး အားလုံးကိုခြုံပြီး တောင်းပန်ပါ၊ ရှင် မတောင်းပန်ရင် ရှင့်ကို ပုဒ်မတွေ တသီကြီးတပ်ပြီး စွဲပစ်လိုက်မယ်"

"မလုပ်ပါနဲ့ဗျာ. . . ခုနက အနီးကပ်တောင်းပန်ပြီးပြီပဲ"

"မရဘူး . . လက်ပိုက်ပြီး ရှိုရှိုသေသေတောင်းပန်. . ကျွန်မကို ဘာထင်လို့လဲ"

"သာဒင်. . အဲ, ဘာမှမထင်ပါဘူးဗျာ. . ဘယ်လိုတောင်းပန်ရမှာလဲဗျာ. . ကြေပါနော် မအေးစိန်ရယ်"

"ကျွန်မနာမည် မအေးစိန် မဟုတ်ဘူး၊ ရွှေနေ ဒေါ်အိမွန်



www.burmeseclassic.com

www.burmeseclassic.com



သည်း ပိုဇော်ဆိုတာ ကျွန်မပဲ၊ ကြားဖူးတယ်မို့လား"

"တင့်အင်း . . ."

"ဘာမကြားဖူးဘူးလဲ . . အခုကြားဖူးနေပြီ မဟုတ်လား၊ မလိမ်နဲ့ လိမ်လည်မှုနဲ့ တစ်မှုထပ်တိုးသွားမယ်"

"မှားပြီ . . . လှတပတနဲ့ကို မှားတာ"

"မှားရင်တောင်းပန်လေ"

"ဗွတ် . . ."

ကောင်လေးက ကြောင်ကြည့်နေလေရဲ့။ တကယ်တော့ ကြောင် ကြည့်တာ မဟုတ်ဘူး။

ရှေ့နေမလေး အိမ့်ွန်သည်းပိုဇော်ကို ကြည့်နေတာ။

သူကြည့်တာ တကယ်တော့ ကြောင်ကြည့်လည်း မဟုတ်၊ ကြွက် ကြည့်လည်း မဟုတ်ဘူးရယ်။

ငမ်းကြည့် ကြည့်နေတာ။

"လှလိုက်တာ . . ."

"ချောမှချော . . ."

"ညှိချောလေးဟ . . ."

ကောင်လေးစိတ်ထဲက ပြောနေတာ။ ကြားအောင်ပြော ရင်တော့ ပါးကွဲမှာ သေချာတယ်။

မိန်းမတို့လက်နက်ငါးဖြာထဲက ဒုတိယလက်နက်ဖြစ်တဲ့ လက်ဝါးစောင်းက ပါးကို 'ဖြန်း'ခနဲ နေအောင် ရိုက်တတ်တယ်။

လက်သီးဆုပ်ပြီး ရင်ဘတ်ကြီးကိုလည်း ဖွဖွလေး ထုတတ် တယ်။

သြော် . . . မိန်းမလက်နက် ငါးဖြာဆိုတာလား။

မှတ်ထား . . .

***တစ် . . . ပါးစပ်သေနတ်***

မိန်းမတိုင်းရဲ့ မွေးရာပါလက်နက်ပဲ . . . သမီးရည်းစားဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



သိပ်မသုံးတတ်ကြဘူး။

အိမ်ထောင်ရှင်မဖြစ်မှ ထုတ်သုံးတတ်ကြတာ. . တစ်အိမ်လုံးကို စက်သေနတ်နဲ့မွှေသလို မွှေ့တတ်ကြတာ။

ယောက်ျားတွေ အိမ်သားတွေ အကြောက်ဆုံးလက်နက်ပဲ. .

အိပ်ရင်တောင် ကျည်ထိုး မောင်းတင်ပြီးမှ အိပ်တတ်တာ. . တစ်ရေးနိုး ထ,ပစ်ရင် ပစ်တတ်ကြတာ။

(အဟုတ်. . ကိုယ်တွေ့၊ ပွဲတွေ့)

**နှစ်. . . မျက်စောင်း**

အဲဒီမျက်စောင်းက အမျိုးမျိုးရှိတယ်။ မှုကွဲတွေပေါ့ . . .

ချစ်မျက်စောင်း၊ မုန်းမျက်စောင်း၊ ရောစွက်မျက်စောင်း . . .

ရောစွက်မျက်စောင်းဆိုတာ အရေးကြီးတယ်. . ဘာသာပြန်မှန်ဖို့လိုတယ်။

ချစ်သလိုလို မုန်းသလိုလို ဘာကြီးမှန်းကိုမသိတဲ့ မျက်စောင်းမျိုးလေ. . .

ဘာသာပြန်များ အဓိပ္ပါယ်ကောက်လွဲလို့ကတော့ တတိယလက်နက်စာ မိသွားနိုင်တယ်။

**သုံး . . . လက်ဝါး၊ လက်သီးဆုပ်၊ လက်ဝါးစောင်းတွေပဲ**

သူကလည်း မှုကွဲတွေများတယ်။

လက်ဝါးပြရင် နှစ်မျိုးတွေးလို့ရတယ်။

လက်သီးဆုပ်ပြရင်လည်း နှစ်မျိုးတွေးလို့ရတယ်။

အဲ. . . လက်သီးဆုပ်ကြီးနဲ့ ကိုယ့်ရင်ဘတ်ကြီးကို ဖွဖွလေး လာထုရင်တော့ တစ်မျိုးတည်းသာ တွေးလိုက်တော့။

အိုကေ. . ပြေလည်ပြီလို့ မှတ်။

အဲဒီလက်သီးဆုပ်လေးကို ဖမ်းကိုင်ပြီး ဖွဖွလေးသာ နမ်းလိုက်

ရဲရဲသာလုပ်. . .



www.burmeseclassic.com

www.burmeseclassic.com



အာမခံတယ်. . .

ဒီအမှုက အာမခံပေးလို့ရတယ်။ အာမခံလိုက်ပေးမှာ ပြောနေတာ။

အဟုတ်မှတ်ပြီး သွားမလုပ်နဲ့ . . .

ကြုပ်ကျက်လိ. . .။

လေး . . . ရင်ဘတ်စည်တီး အော်ကြီးဟစ်ကျယ်လုပ်တတ်ခြင်း

အဲဒီလက်နက်ကလည်း ကြောက်စရာ. . .

အရှက် ဟက်တက်ကွဲစေမယ့် လက်နက်ပဲ. . .

(ပြောရင်းတောင် ကျောချမ်းပါဘိသေး)

ငါး . . . မျက်ရည်လေ မျက်ရည်

ဒါနောက်ဆုံးလက်နက်ပဲ. . . မျက်ရည်ယိုဖုံးခွဲတတ်သေးတာ

မျက်ရည်လေ. . . မျက်ရည်. . .

ဘာပေါ်သလဲ မမေးနဲ့ . . .

သူတို့မနိုင်တော့ဘူးဆိုရင် မျက်ရည်လေး စမ်းစမ်း စမ်းစမ်းနဲ့

လုပ်ပစ်လိုက်ကြတာ၊ သွားရော. . .

အကုန်ကြွေပေတော့ . . .

လူပါ ပေါင်ပေးချင်စိတ် ပေါက်သွားလိမ့်မယ်။

ဒါမှမဟုတ်. . .

ဘေးက ကိုယ့်ကို ဝိုင်းရိုက်ချင်စိတ်ပေါက်သွားစေနိုင်တယ်။

ကဲ. . . အဲဒါက ယောကျ်ားတွေ ဂရုစိုက်ရမယ့် မိန်းမလက်နက် ငါးဖြာပဲ။

စေတနာနဲ့ ကိုယ်လိုမခံကြရစေဖို့ ကိုယ်တွေ့ကို ဖော်ပြပေးလိုက် ရတာပါ။

"တတောင်"

ကဲ. . . ကြားလား . . . ဒီလို ရေးရပါ့မလားဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



**ကျွပ်မိန်းမက နောက်တနေ့ ပေတံနဲ့ ခေါက်လိုက်တာဗျ . . . နာလိုက်တာဗျာ. . .။**

မထူးပါဘူးဗျာ။ ဆက်ပြောပါဦးမယ်။ မိန်းမတွေများ မှတ်ရည်ဘာပေါ်သလဲ မမေးနဲ့။

ဘယ်သူမှတော့ မမေးပါဘူး။ ကိုယ့်ဟာကိုယ် လျှာရှည်ချင်လို့ ဆက်ရေးနေတာ။

အကြံပြုချင်တာက. . .

စီးပွားရေးလုပ်ချင်တဲ့ ယောက်ျားသားတွေ မိန်းမသုံးယောက်လောက်ကို တစ်ပြိုင်တည်း ယူထားလိုက်ကြ. . .

စိတ်ဆင်းရဲအောင် နည်းနည်းချင်း နှိပ်စက်ပေး . . .

ပြီးရင် ခင်ဗျားရေသန့်စက်ရုံ ထောင်စားတော့ . . .

ရေဝယ်စရာမလိုတော့ဘူး . . .

သူတို့မျက်ရည်တွေနဲ့ကို ခင်ဗျားချမ်းသာသွားနိုင်တယ်။

သုံးယောက်လုံး လှည့်သတ်နေပစေ။

ခင်ဗျားက သနားပြီး ရယ်စရာသွားမပြောနဲ့။ ဟာသစာအုပ်တွေ ဗွီဒီယိုခွေတွေ ဝှက်ထား . . .။

မျက်ရည်ပေါက်ပေါက်ကျစေမယ့် ,အလွမ်းစာအုပ်တွေဖတ်ခိုင်း

ငိုရမယ့် ဗွီဒီယိုကားတွေ ကြည့်ခိုင်း . . .

ခင်ဗျား ချမ်းသာပြီမှတ်. . .။

ခင်ဗျားကလည်း အသည်းတော့မာရမယ်နော်. . .။

"ကိုကို တိုင်ရဦးမယ်. . အဟင့် . . အဟင့် . . မကြီးတ မီးငယ်ကို ပါးရိုက်တယ်"

လို့ လာတိုင်လို့များ သနားပြီး . . .

"ဘယ်နာသွားလဲ. . ."

သွားမမေးနဲ့။



www.burmeseclassic.com

www.burmeseclassic.com



"တင်, တုတ်လား၊ သွား. . . ဆံပင်ဆွဲပြီး နှစ်ချက်ပြန်ရိုက်၊ သူ့ ဆံပင်က ဆွဲလို့ကောင်းတယ်"

အဲဒီလို မြှောက်ပေး။

ခင်ဗျား ရေသန့်စက်ရုံကတော့ ကုန်ကြမ်း အေးဆေးပဲ။

ပိုလျှံမျက်ရည်တွေ Export တောင် လုပ်လို့ရတယ်။

မိန်းမတွေများ မျက်ရည်ပေါ်တာကို ပြောတာပါ။ ခမ်းလည်း မခမ်းဘူး။ ကုန်တယ်လည်း မရှိဘူး။

ကြိုက်သလောက် သုံးရောပဲ။

ကဲ. . . ရွှေနေမလေးနဲ့ ကောင်လေးပြဿနာက မပြီးသေးဘူး။ သူတို့ဖြစ်နေကြတာ ကြည့်ဦး။

"ရှင် ဘာကြည့်နေတာလဲ"

"မင်းကို . . ."

"ရှင် အူကြောင်ကြား လုပ်မနေနဲ့၊ တောင်းပန်လေ"

"အင်း . . အဲ. ."

"အင်းတွေ ကန်တွေ လုပ်မနေနဲ့၊ ရှင်မတောင်းပန်ရင် ရဲတိုင်လိုက်မယ်. . ဆရာကြီး ခဏ"

အိမ္ဗန်သည်းပိုဇော်က လှေကားထစ်အတိုင်းတက်လာတဲ့ ရဲသားကြီးတစ်ယောက်ကို လှမ်းခေါ်လိုက်တယ်။

"ဆရာမ. . ကျွန်တော် ဘာကူညီရမလဲ"

ရဲသားကြီးက ကောင်လေးကို အကဲခတ်ရင်း ရွှေနေမလေးကို မေးလိုက်တယ်။

"သူ ကျွန်မကို ဝင်တိုက်တယ်. . နောက်ပြီး မတောင်းပန်ဘူး"

"ဟုတ်လား . . ."

"ဟုတ်တယ်. . ."

"ဟုတ်ဘူး . . ."

"ညီလေး ဝင်မပြောနဲ့၊ ဆရာမဆုံးအောင် ပြောပါစေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ သူ့ကို အခုချက်ချင်း တောင်းပန်ခိုင်းပေးပါ၊ မတောင်းပန်ဘူးဆိုရင်တော့ သူ့ကို ကျွန်မ တရားစွဲပစ်လိုက်ချင်တယ်"

ရွှေနေမလေးက လက်နက်ငါးဖြာမကဘူး။ စစ်ကူတောင်းပြီး ငိုးပါ ကြဲချချင်နေတာရယ်။

ရဲသားကြီးက ကောင်လေးကိုကြည့်ပြီး . . .

"ညီလေး ကြားလား . . ."

"ကြားပါတယ် . . ."

"မြင်လား . . ."

"မမြင် . . အဲ . . မြင်ပါတယ် . . ."

မမြင်လို့ မဖြစ်ဘူး။ ရဲသားကြီးက သူ့ခါးကြားက လက်ထိပ်ကြီးကို ပုတ်ပြပြီး မေးနေတာကိုး။

"မြင်ပါတယ်နော် . . ."

"ဟုတ်ကဲ့ . . . မြင်ပါတယ်"

"မြင်ရင် ဘာလုပ်သင့်သလဲ"

"တောင်းပန်သင့်ပါတယ်"

"ညီလေး တော်တယ်၊ ညီလေး သိပ်သိတာပဲ"

"မသိရင် ကွဲသွားမယ်လေ . ."

"ညီလေး သိပ်လိမ္မာတယ်၊ ကဲ . . ကဲ . . တောင်းပန်လိုက် . . ပြီးရင် ကိုယ်နဲ့လိုက်ခဲ့ပါလား"

"ဘယ်လိုက်ရမှာလဲ"

"ရဲစခန်းကို . . ."

"ဘာလုပ်ဖို့လဲဗျ . . ."

"ညီလေးက ကိုယ့်ညီတစ်ယောက်နဲ့တူလို့ ထမင်းကျွေးချင်လို့ပါကွာ . . ."

အရေးထဲ အမျိုးစပ်နေတယ်။ ရွှေနေမလေးကတော့ မျက်နှာလေးချိုလို့။ မျက်နှာကြောကိုတင်းလို့၊ တစ်ကမ္ဘာလုံး သူ့ထမင်းကျွေး



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ပုံပဲ။

"ရှင် တကယ်တောင်းပန်မှာလား"

"ဟုတ်ကဲ့ . . တောင်းပန်မှာပါ"

"ဒါဆို ရုံးချိန်းပေးလိုက်မယ် . . . နောက်တစ်ချိန်းမှ လာတောင်းပန် . . . ကြားလား . . ."

"ဗျာ . . ."

ကောင်လေး စိတ်ပိန်သွားတယ်။ တကယ်ကို အူကြောင် ကြောင် ဖြစ်သွားတာ။

"အူကြောင်ကြောင် လုပ်မနေနဲ့ . . . မနက်ဖြန် ရုံးခန်းမှာ လာတောင်းပန် . . ရုံးချိန်းယူသွား . . ."

"ကျွန်တော် ဘာအမှုဖြစ်လို့လဲဗျာ"

ကောင်လေး မျက်လုံးပြူးနေတယ်။ ရဲသားကြီးကို အားကိုး တကြီး နဲ့ကြည့်လိုက်တယ်။

ရဲသားကြီးက ခေါင်းခါပြတယ်။ ပခုံးတွန့်ပြတယ်။

ဘာမှမလုပ်ပေးနိုင်ဘူး။

သူလည်း မတတ်နိုင်ဘူးဆိုတဲ့ သဘော။

ရှေ့နေမလေးကတော့ ဒိုင်ယာရီကိုထုတ်၊ ဘောလ်ပင်လေးနဲ့ ရက်ချိန်းပေးဖို့ ပြင်နေပြီ။

"ရှင့်နာမည်ပြော . . ."

"ပြောဘူး . . ."

"မပြောရင် တရားစွဲပစ်လိုက်မှာနော် . . ဆရာကြီး သူ တရားလိုကို မထီလေးစားလုပ်နေတယ် . . ."

"ကြားလား ညီလေး . . ပြောလိုက်လေ . ."

ရဲသားကြီးကပြောရင်း လက်ထိတ်ကို ပုတ်ပြပြန်တယ်။

ကောင်လေး ရှုံ့မဲ့သွားပြီး . . .

"ဟီး . . ကြားလဲကြား မြင်လဲမြင်ပါတယ်ခင်ဗျာ . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလဲ ပြောလိုက်လေ . . ညီလေးနာမည်ကို မြန်မြန်ပြော လိုက်လေ. . ဆရာမက စိတ်တိုတတ်တယ်ကွ"

"ဟုတ်ကဲ့ ပြောပါ့မယ်. . ရိုးရိုးလူပါခင်ဗျာ. ."

"မင်း လူရိုးမှန်းသိပါတယ်. . ဆရာမက နာမည်မေးနေတာကွ နာမည်ပြော. . ."

"ရိုးရိုးလူပါဆိုမှ. . ."

"ရှင် မနောက်နဲ့နော် အတည်မေးနေတာ၊ တရားစွဲခံချင်ပြီထင် တယ်"

"မစွဲပါနဲ့ခင်ဗျာ. . နာမည်ရင်းက ရိုးလူ. . ကျွန်တော့် အစ်ကို က ဘိုးလူပါ. . ကျွန်တော်က ကဗျာဆန်အောင် ရိုးတစ်လုံး ပိုထည့် ထားပါ၊ ကျွန်တော်က ကဗျာဆရာပါ"

"ဩော်, ကားပြတဲ့ဆရာ. . ကားပွဲစားပေါ့"

"ဟာဗျာ. . . ကဗျာဆရာပါဆို. . ."

"ကဗျာဆရာဆိုရင် ကဗျာတစ်ပုဒ်စပ်ပြ"

ရဲသားကြီးက ဝင်ရစ်နေတာ။ ကောင်လေး တွန့်သွားတယ်။

"မလုပ်ပါနဲ့ခင်ဗျာ. . . လူကြားထဲမှာ ကဗျာစပ်ရမယ်လို့"

"ဒါဆို ရှင်မနက်ဖြန်ရုံးချိန်းလာရင် ကဗျာစပ်ပြ. . ထား ပါတော့ နာမည်က ရိုးရိုးလူ. . အဖေနာမည်. . ."

"ဦးဆန်းလူ"

"ထင်သားပဲ. . မင်းကရိုးရင် အဖေက ဆန်းရမယ်လေ"

ရဲသားကြီးက ဝင်ပြောတာ။ ပြုံးလည်းပြုံးနေတယ်။

"ဘာလုပ်လဲ. . ."

"ကဗျာဆရာပါဆိုမှ . . မယုံရင် ကိုရိုးကွန့်တို့ မင်းရိုးယဉ်တို့ကို မေးကြည့်ပါ. . ကျွန်တော်က ရိုးအုပ်စုဝင်ပါ. . ကျွန်တော့်အဘိုးက နိုး ကုမ္ပဏီမှာ လုပ်ခဲ့ဖူးသတဲ့ . . ."

"ဩော်, အရိုးကုန်းမှာ နေကြသလား"



www.burmeseclassic.com

www.burmeseclassic.com



ရဲသားကြီးက ဝင်ရစ်ပြန်တာ။ ပွဲက မလှဘူးဖြစ်နေတယ်။

တကယ်တော့ ကောင်လေးဟာ ကဗျာဆရာ ရိုးရိုးလူအစစ်ပဲ။ အတုလည်းမရှိဘူး။ တုရင်လည်း ငတ်မှာ။

သူကဗျာရေးတာ ကြာပြီ။ ဘယ်မှာမှ မပါဘူး။ ရေးပြီး ခြင်းထဲလုံး ထည့်ထားတာ။ လုံးခြင်းဖြစ်နေပြီ။

နာမည်ရင်းလား . . .

နာမည်ရင်းက လှပါတယ် . . .

မောင်လှလှတဲ့ . . .

ငယ်ငယ်က ရိုးလွန်းလို့ မောင်ရိုးလှလို့ ခေါ်ကြတာ။ နောက်တော့ သူက ကဗျာဆရာ ရိုးရိုးလူလုပ်ပစ်လိုက်တာ။

ကြီးတဲ့အထိ မောင်ရိုးလှလို့ပဲ တွင်နေတော့တာလေ။

"ကဲ, ကိုရိုးရိုးလူ . . ရှင့်ကို ရုံးချိန်းပေးလိုက်မယ် . . မနက်ဖြန် မနက် (၁၀)နာရီတိတိ ရုံးခန်းကိုလာခဲ့ပါ။ ဒီမှာ လိပ်စာကတ်ပြား"

ရှေ့နေမလေးက လိပ်စာကတ်ပြားလေး ပေးလိုက်တယ်။

မောင်ရိုးလှကတော့ လှမ်းယူပြီး ငိုင်နေပြီ။ ဘာပြောရမှန်းကို မသိတော့တာ။

တကယ်တော့ သူလာတာက တရားရုံးက သူ့သူငယ်ချင်း ဆီလာလည်တာရယ်။

အခုတော့ ရုံးလှေကားမှာတင် အမှုဖြစ်ပြီး ရုံးချိန်းတွေဘာတွေ ယူနေရပြီ။

"ရှင့်မှာ မှတ်ပုံတင်ပါလား"

"မပါပါဘူး . . ကဗျာဆရာကတ်ပြားပဲပါတယ်"

"အဲဒီကတ်ပြား ပေးခဲ့"

"အင် . . ."

"မအင်နဲ့ . . ရှင့်ကို သက်ညှာခွင့်ပေးလိုက်တာ၊ တစ်ခါထဲ စွဲပစ် လို့ရတဲ့အမှု . . ."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဘာအမှုဖြစ်နေတာလဲဟင်. . ."

မောင်ရိုးလူက ညောင်နာနာနဲ့ မေးလိုက်တယ်။

ရှေ့နေမလေးက မျက်နှာလေးချိုပြီး ပြောလိုက်တယ်။

"လူတိုက်မှု"

"ကားနဲ့တိုက်တာမှ မဟုတ်ဘဲဗျာ. . လူချင်းတိုက်တာပဲ"

"လူတိုက်မှုက အပြစ်ပိုကြီးတယ်. . ကားက မျက်စိမပါဘူး . . လူက မျက်စိပါတယ်"

"အွန်. . ."

"ကဲ, ပေးလေ ကတ်ပြား . . မနက်ဖြန် ရုံးချိန်းလာမှ ပြန်ယူ"

မောင်ရိုးလူတွန့်နေတယ်။ ရဲသားကြီးကိုလည်း လှမ်းကြည့်တယ်။

ရဲသားကြီးက လက်ထိပ်ကို ပုတ်ပြပြီး မေးဆတ်ပြတယ်။

"မြင်လား . . ပေးလိုက်" ပေါ့။

မောင်ရိုးလူလည်း ညစ်ညစ်နဲ့ သူ့ကတ်ပြားလေး ထုတ်ပေးလိုက်ရတော့တယ်။

အိမ့်မွန်သည်းပိုဇော်က အောင်နိုင်သူလို ဝံ့ကြွားစွာပြုံးရင်း ပြောလိုက်သေးတာ. . .

"မနက်ဖြန် ရုံးချိန်းလာရင် အာမခံလုပ်ဖို့ နှစ်ယောက်ခေါ်ခဲ့"

"ဗျာ, ကျွန်တော် တကယ်အမှုဖြစ်နေပြီလား"

"ကဲ, ညီလေး ရုံးကျမှရှင်း သွားနိုင်ပြီ၊ ဆရာမလေး သွားပြီနော်. . ပြတ်ပြီမို့လား"

"ဟုတ်ကဲ့ရှင့် . . ကျေးဇူးပါပဲ"

"မလိုပါဘူးခင်ဗျာ၊ ကျွန်တော်က အရမ်းအရမ်း ကူညီချင်လွန်းလို့တို့ ကူညီပါရစေလို့ ဆိုင်းဘုတ်တောင်တင်ထားသေးတာပဲ၊ အကူအညီလိုရင် စခန်းကိုဖုန်းဆက်လိုက်နော်၊ ရဲကြပ်ကြီး ဇပစိန်ဆိုရင် အားလုံး သိကြပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရဲကြီးရဲ့နာမည် ကြားလိုက်တဲ့ မောင်ရိုးလူ ကျောချမ်းသွားတယ်။

ရွှေနေမလေးကလည်း အားအားရှိ တရားစွဲချင်. . .
ရဲကြီးကလည်း ပေစိတဲ့ . . .
ကျောချမ်းလိုက်တာနော်။

✔ ✔ ✔



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

"ဟား . . ဟား . . ရယ်ရတယ်ကွာ . . ဗြ . . "

"တော်သေးတာပေါ့ကွာ . . တစ်ခါထဲ စွဲထားလိုက်လို့ကတော့ မှတ်ကရောပဲ"

ရိုးလူရဲ့သူငယ်ချင်းနှစ်ယောက်ဖြစ်တဲ့ ကိုဇော်နဲ့ မင်းဟန်တို့က ရိုးလူရဲ့အဖြစ်ကို ကြားရလို့ သဘောကျနေကြလေရဲ့။

မနက်က တရားရုံးကိုအသွား လှေကားမှာဖြစ်ပျက်ခဲ့သမျှ ညနေ ပိုင်း သူငယ်ချင်းတွေနဲ့ဆုံတုန်း အတွေ့အကြုံရှင်းလင်းပွဲ လုပ်နေကြတာ။

နေ့လယ်က ရိုးလူတရားရုံးကိုသွားတာကလည်း မင်းဟန်ဆီ သွားတာ။

မင်းဟန်က တိုင်းတရားရုံးမှာ စာရေးလုပ်နေတာ။

မင်းဟန်ခွင့်ယူထားလို့ မတွေ့ခဲ့ဘူး။

ထူးခြားခဲ့တာတတော့ "လူတိုက်မှု" ဖြစ်ပြီး ရေ့နေမလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com


တွေ့ခဲ့တာပဲ။

တကယ်တော့ ရိုးလူက လူရိုးဆိုပေမယ့် ခပ်နောက်နောက် ရယ်။

သမိုင်းနဲ့ကျောင်းပြီးထားပြီး အလုပ်ကတော့ ကဗျာဆရာ လိုလို၊ ပွဲစားလိုလိုဖြစ်နေတာ။

ပျော်ကလည်း ပျော်တတ်တယ်။

ကြောက်စရာရှိရင်လည်း အရမ်းကြောက်တတ်တယ်။

တကယ်တော့ . . .

ရွှေနေမလေးကို သူတကယ်ပဲ မတော်တဆ ဝင်တိုက်မိတာ။

ရွှေနေမလေးကလည်း ငယ်ငယ်ချောချောလေးဆိုတော့ တမင် ဆက်နောက်နေတာ။

ဒါပေမယ့် . . .

ရိုးလူကျွတ်သွားတာက ရဲသားကြီးကြောင့်ပဲ။

သူတို့ဇာတ်လမ်းထဲမှာ ရဲပါလာတော့ ဇာတ်ကွက်က ပြောင်း သွားတော့တယ်။

ရွှေနေမလေးက ,ရဲအကူအညီနဲ့ သူ့ကိုဖြတ်ချသွားတာ။

ဟုတ်တယ်. . .

အိမ့်မွှန်သည်းပိုဇော် တမင်လုပ်လိုက်တာ။

လူပုံက ထောင့်မကျိုးဘူးမြင်လို့ ထောင့်ချိုးချင်လို့ တမင်ရစ် လိုက်တာ။

အဲဒါကိုက ရွှေနေမလေးရဲ့အမှားပဲ။

ရိုးလူတို့ သူငယ်ချင်းတွေကတော့ ဒီလိုမမြင်ကြဘူး။

ဟိုလိုမြင်နေကြတယ်။

"ဒါ ရွှေနေမလေးက မင်းကို ဟ,ပေးသွားတာကွ"

"ပါးစပ်လား . . ."

"တံခါးပြောတာကွ. . ချစ်တံခါး . . ချစ်တံခါး . . မင်းဝင်ဖို့"



www.burmeseclassic.com

www.burmeseclassic.com



ဇို့ တပေးသွားတာ”

“ဟုတ်ပါ့မလားကွ. . ငါ့ကို ချစ်ချင်လို့များလား”

“ထပ်, မိန်းကလေးက မင်းကိုချစ်ရဲ့မလား . . စဉ်းစားပါဦး”

“ချစ်ချင်လို့ ရှုံးခေါ်တယ်ထင်တာပဲ”

“အေး . . အဲဒီလိုထင်ရင်လဲ မင်း ပုဆိုးခိုင်ခိုင်ဝတ်သွား . . ခါးပတ်ပတ်သွား”

ကိုဇော်က အငေါ်တူးပြောလိုက်တယ်။

မင်းဟန်ကတော့ တဟဲဟဲ ရယ်နေလေရဲ့။

“ရယ်မနေကြနဲ့ကွာ. . အကြံပေးကြဦး”

“စဉ်းစားပါရစေဦးကွာ. . . ”

သူတို့သုံးယောက်သား လက်ဖက်ရည်ဆိုင်မှာ လာထိုင်ကြပြီး စကားတွေပြောနေကြတာရယ်။

ဘာလက်ဖက်ရည်တစ်ခွက်မှ မမှာရသေးဘူး။

မှာနိုးမှာနိုးနဲ့ စောင့်နေတဲ့ စားပွဲထိုးလေးက စိတ်မရှည်တော့လို့ မေးလိုက်တယ်။

“အစ်ကိုတို့ လက်ဖက်ရည်သောက်မှာလား၊ စကားပြောမှာလား”

“အဟင်း . . လက်ဖက်ရည်သောက်ရင်း စကားပြောမယ်ကွာ. . သရီးတီး . . . ”

လက်ဖက်ရည်မှာလိုက်မှပဲ စားပွဲထိုးချာတိတ်လေး ကျေနပ်သွားတော့တယ်။

“သရီးတီး ဆရာရေ. . ရိုးရိုးသောက်မှာ. . ”

စားပွဲထိုးလေးက လက်ဖက်ရည်ရိုးရိုးပဲ မှာလိုက်တာ။ ရှယ်လို့ ထည့်မမှာမှတော့ ရိုးရိုးပဲပေါ့။

ဒါကို မင်းဟန်တို့က ဘာလှမ်းပြောတယ်မှတ်လဲ။

“ချာတိတ်. . ရိုးရိုးတစ်ယောက်ထဲ သုံးခွက်မသောက်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တို့ပါ သောက်မှာ. . ."

စားပွဲထိုးလေးက နားရှုပ်သွားလို့ ပြန်မေးတယ်။

"အစ်ကို ရိုးရိုးနော်. . ."

"ဪအေး . . ငါက ရိုးရိုး ၊ ဟိုကောင်က မင်းဟန် . . ၊ ဒီကောင်က ကိုဇော် . ."

စားပွဲထိုးလေး ပိုစိတ်ညစ်သွားတယ်။ အဖျော်ဆရာဆီ လှမ်းတားထားလိုက်တယ်။

"ခုန သရီးတီး ဘရိတ်. . . ကိုစ္စမပြတ်သေးဘူး၊ တစ်ယောက်ပဲ ရိုးရိုးသေချာတယ်"

စားပွဲထိုးလေးရဲ့စကားကြောင့် ရိုးလူမျက်မှောင်ကုတ်တယ်။

ဒီကောင်လေး ဘာတွေပြောနေပါလိမ့်။

"ဒီအစ်ကိုနှစ်ယောက် ဘယ်လိုသောက်မှာလဲ ရှယ်လား . ."

"ရိုးရိုးပဲ သောက်မှာ"

"ဟာ. . ငါတစ်ယောက်ထဲ မသောက်ပါဘူး၊ မင်းတို့နှစ်ယောက်ပါ သောက်မှပေါ့"

သူတို့ပြောတာကို နားထောင်ပြီး စားပွဲထိုးလေး ခေါင်းကုတ်တယ်။

အဖျော်ဆရာကလည်း ဘယ်လိုဖျော်ရမှန်းမသိလို့ လှမ်းကြည့်နေပြီ။

စားပွဲထိုးလေးက သူတို့သုံးယောက်ကို သေချာကြည့်ပြီး . . .

"အစ်ကိုတို့သုံးယောက်လုံး လက်ဖက်ရည်တစ်ယောက် တစ်ခွက်စီ သောက်မှာနော်"

လို့မေးတယ်။

အတော်သတိထားပြီး မေးနေရရှာတာ။

"အေး . . တို့သုံးယောက်လုံးသောက်မှာ"

"ရိုးရိုးလား . . . ရှယ်လား . . ."



www.burmeseclassic.com

www.burmeseclassic.com



"ရိုးရိုးလဲ ရိုးရိုးပဲ . . တို့လဲ ရိုးရိုးပဲ"

"အစ်ကို နှစ်ခါပြန်ရိုးလို့ မရဘူး၊ ထုံးစံအတိုင်း ရိုးရိုးပဲရမယ် . . ရိုးရိုးသုံးခွက်နော်"

"အေးကွာ . . မှာမယ့်အရေး တိုင်ပတ်နေတယ်"

တကယ်တော့ တိုင်ပတ်တာ ချာတိတ်မဟုတ်ဘူး။ သူတို့က တိုင်ပတ်နေကြတာ။

လက်ဖက်ရည်ရိုးရိုးနဲ့ လူရိုးရိုး သွားရောနေကြတာ။

ဒီလိုဆိုတော့ ချာတိတ်စိတ်ညစ်တာပေါ့။

ကြည့်ပါဦး . . .

ချာတိတ်စိတ်ပျက်လက်ပျက်နဲ့ လှမ်းမှာနေတော့တာ။

"ဆရာရေ . . သရီးတီးလုံး ရိုးရိုးပဲ၊ ရိုးနိုင်သလောက်သာ ရိုးပေးလိုက်ဆရာရယ် . . " တဲ့။

ကဲ . . ဘာပြောကြမလဲ။

ဘာမှမပြောဘူး။

စားပွဲထိုးလေး ဘာမှမပြောရဲတော့ဘူး။

လက်ဖက်ရည်သုံးခွက်ချပေးပြီး သူတို့ဝိုင်းနဲ့ ခပ်ဝေးဝေးမှာ သွားနေတော့တာ။

ပြတ်ရော။

မပြတ်တာ ရိုးလူတို့ သူငယ်ချင်းသုံးယောက်ပဲ။

စကားပြောလို့ မဆုံးတော့ဘူး။

ရွှေနေမလေးနဲ့ပတ်သက်လို့ တစ်ယောက်တစ်ပေါက်တို ဆေဖန်နေကြတာ။

"မထူးသလိုလိုနဲ့ ဆန်းနေတာကွ . . လူတိုက်မှုဖြစ်တာ အခင်း ဖြစ်တဲ့နေရာမှာတင် ဖြတ်လို့ရရဲ့သားနဲ့ သူ့လိပ်စာကတ်ပေးပြီး သူ့ရုံးခန်းကို ခေါ်တာ ဘာသဘောလဲ"

ကိုဇော်က မေးပွတ်စဉ်းစားရင်း ပြောနေတာ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အထင်တော့ ရိုးလူကို ဖိုးထူမှတ်ပြီး ကလိချင်လို့ ရစ်လိုက တာ ထင်တယ်"

လို့ မင်းဟန်က သုံးသပ်တယ်။

ရိုးလူကတော့ ပြုံးဖြဲဖြဲနဲ့ . . .

"ငါကတော့ ရစ်တယ်မထင်ဘူး၊ ရွှေနေမလေးက ချောချော ငယ်ငယ်လေးပါကွာ၊ ရစ်တာတော့ မဟုတ်တန်ရာဘူး၊ ချစ်လို့များ လား စဉ်းစားမိတယ်"

လို့ ပြောပစ်လိုက်လေရဲ့။

"ဟော့ကောင် ချစ်တာမပါသေးဘူး၊ ဘာသဘောမှန်း မသိ သေးဘဲ ရမ်းဘဝင်မမြင့်နဲ့၊ မနက်ဖြန် ရုံးချိန်းသွားမှာလား"

"သွားမှာ. . ."

"အေး . . ဒါဆို တို့လဲလိုက်မယ်"

သုံးယောက်သား အားတက်သရောဖြစ်နေကြတယ်။

ရိုးလူကလည်း ဖြစ်နိုင်ရင် အခုပဲ ထ,သွားချင်နေတာ။

ဟိုနှစ်ယောက်လည်း ဘာထူးလဲ။

အာမခံလိုက်မလို့တဲ့။

ရိုးလူပြောတဲ့ ရွှေနေမလေးကို သိပ်တွေ့ချင်လှသတဲ့။

စွဲထားမှာကိုတော့ ထည့်မတွေးကြဘူး။

"ဟော့ကောင် ရိုးလူ. . မင်း ဒီညကတည်းက ကဗျာစပ်ထား . . ကျက်ထား . . ချစ်တာတွေတော့ များများပါပစေ"

"အေးပါ. . ငါ အုန်းသီးအလုံးနှစ်ဆယ်လောက် ယူသွားပါ့ မယ်"

အားလုံး အူမြူးနေကြတယ်။

မနက်ဖြန်ရုံးချိန်းကို သုံးယောက်သား သွားကြဦးမှာလေ။

✔ ✔ ✔



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"မမက အဲဒီလူကြီးကို ဘာလို့ရှုံးခန်းကို ထပ်ချိန်းလိုက်ရတာလဲ"

"ငါ ရစ်လိုက်တာဟ. . ရစ်တာ နည်းနည်းတော့ များသွားတယ်"

"ဦးလေးကို ဘယ်လိုပြောမလဲ"

"အိုအေ. . ဒီဘဲ တမင်စော်ကားလို့ လက်ဆင်ပေးလိုက်တာဆိုပြီး ဦးလေးကို ကြိုပြောထားလိုက်မယ်"

"ဦးလေးက မမကိုဆူနေဦးမယ်"

"ဒါတော့ဟာ. . ထုံးစံအတိုင်း ဖြစ်တာနည်းနည်းကို လံကြွက်တွေ များများနဲ့ ပြောပြလိုက်မှာပေါ့ . . ဒါလဲ ဦးလေးသင်ထားတာပဲလေ"

ညီအစ်မနှစ်ယောက်သား အိပ်ရာထဲမှာ တွတ်ထိုးနေကြတော့



www.burmeseclassic.com

www.burmeseclassic.com



အိမွှန်သည်းပိုဇော်မှာ ညီမတစ်ယောက်ရှိတယ်။

အေးမို့မို့ဇော်တဲ့ . . . အထက်အောက်ပဲ။

အိမွှန်က ကျောင်းပြီးလို့ ချိန်ဘာဆင်းပြီး လိုင်စင်ရလို့ ရှေ့နေ လိုက်နေပြီ။

အေးမို့မို့ဇော်ကတော့ အခုမှ ပထမနှစ်တက်တုန်း။

ညီအစ်မနှစ်ယောက် တစ်ခန်းထဲက ခုတင်တစ်လုံးစီ အိပ်ကြတာ။ မအိပ်ခင်မှာ ညတိုင်း စကားပြောကြတယ်။

ဘာတွေပြောရမလဲ။

တစ်နေ့ကုန်သွားလာလှုပ်ရှားရင်း တွေ့ကြုံဖြစ်ပျက်ခဲ့ကြတာ တွေကို ပြန်ပြောနေကြတာပေါ့။

"မမ . . . အဲဒီရိုးရိုးလူကို ညီမလေး တွေ့ဖူးချင်တယ် . . . သူလို ကိုယ်လိုပဲလား"

"အေး . . ခေါင်းတစ်လုံး၊ လက်နှစ်ဖက်၊ ခြေနှစ်ချောင်းပဲဟာ . . ရိုးရိုးလူဆိုမှတော့ ဘာထူးမှာလဲဟဲ့"

"မမ . . . ရှယ်လူဆိုတာရော ရှိသေးလို့လား"

"ရိုးရိုးလူရှိမှတော့ ရှယ်လူလဲ ရှိမှာပေါ့ဟဲ့"

"ရိုးရိုးလူရဲ့ ပုံစံက ဘယ်လိုလဲ"

"ပြောပြီးပြီ . . ခေါင်းတစ်လုံး၊ လက်နှစ်ဖက် . . . "

"မဟုတ်ဘူးလေ . . ပုံစံကိုပြောတာ၊ သားသားနားနားလား စုတ်ပြတ်သတ်လား၊ ဒါမေးတာ"

အေးမို့မို့ဇော်က မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်နဲ့ ပြော နေတာ။

ဒီညတော့ ဒီညီအစ်မနှစ်ယောက် အိပ်မယ့်ပုံမပေါ်ဘူး။

အေးမို့မို့ဇော်က ကော်ဖီသောက်ရင်း မုန့်စားလို့။

အိမွှန်သည်းပိုဇော်က မာမီးခေါက်ဆွဲစားလို့။

ည(၁၀)နာရီကျော်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



စားကောင်း သောက်ကောင်း စကားများကောင်းတုန်း။

"ရိုးရိုးလူဆိုတာ ကဗျာဆံရာတဲ့ . . ကဗျာရေးသတဲ့ . . မနေ့တုန်းချိန်းကျရင် သူ့ကို ကဗျာတစ်ပုဒ်ရွတ်ပြဖို့ ပြောထားတယ် . . သူ့ပုံစံကို ကြည့်ချင်ရင် ရော့ . . ကြည့် . ."

အိမ္ဗန်သည်းပိုဇော်က သူ့အိတ်လေးထဲက ရိုးရိုးလူရဲ့ စာပေစာနယ်ဇင်း ကတ်ပြားလေးကို ထုတ်ပေးလိုက်တယ်။

အေးမို့မို့ဇော်က ယူကြည့်ပြီး မှတ်ချက်တွေ တစ်သီကြီးပေးတော့ တာပဲ။

"အင်း . . လူပုံကတော့ ရိုးရိုးပဲ၊ ခတ်ပုံထဲမှာတောင် ရယ်မှာလိုလို . . ပြုံးမှာလိုလိုနဲ့ . . ဘာကြီးမှန်းမသိဘူး၊ အသက်ကတော့ မမနဲ့ မတိမ်းမယိမ်းပဲရှိမယ် ထင်တယ်နော်"

"အင်း . . ."

"ကလောင်နာမည် ရိုးရိုးလူ"

"နာမည်ရင်းက မောင်လူလူဆိုပါလား မမရဲ့"

"တော်တော်လှရှာတယ်"

"ရုပ်ကတော့ သိပ်မဆိုးပါဘူး"

"အေး . . ဆိုးရင်လဲ အဲဒီတုန်းကတည်းက ရဲလက် တစ်ခါထဲအပ်လိုက်မှာ"

"အခု ရုပ်မဆိုးလို့ မမက မမရဲ့ရုံးခန်းကို ခေါ်ထားတာပေါ့လေ"

"ဟဲ့ ငါက သူ့ကို ရစ်ချင်လို့ဟဲ့"

"ရစ်ချင်တာလား . . ချစ်ချင်တာလား . . မှန်မှန်ပြော . ."

"မို့မို့နော် . . နင် ငါ့အကြောင်းသိတယ်မဟုတ်လား . . ရည်းစားထားစွ ဇီးပြားတောင် ငါမစားဘူးဆိုတာ ညည်းသိသားနဲ့"

"စိတ်မဆိုးပါနဲ့ မမရဲ့၊ အချစ်ဆိုတာ ပန်းလေးတစ်ပွင့်လိုပါပဲ . . ပွင့်ချိန်တန်ရင် ဖူးရာက ငုံ၊ ငုံရာက အာ၊ အာရာက



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ရတာ ခမ္ဘတာပဲ၊ မမ အခု ဖူးငုံပြီး အာချင်နေပြီ မဟုတ်လား"

"တယ်. . ဒီကောင်မလေး"

အိမွန်က မို့မို့ရဲ့ပါးကို လှမ်းလိမ်ပြီး နှာခေါင်းကိုပါ ဆွဲလိုက်တယ်။

"အား . . နာတယ်၊ မမနော် . . နှာခေါင်းတော့ မဆွဲနဲ့၊ နှာခေါင်းဆွဲတာ အဖေ့ကို စော်ကားတာနဲ့ အတူတူပဲ"

"ဘာဆိုင်လို့လဲ"

"ဘာလို့မဆိုင်ရမှာလဲ. . ညီမနှာခေါင်းက အဖေ့အတိုင်းပဲလို့ အားလုံးက ပြောနေကြတာ၊ ဒါ အဖေကချစ်လို့ ရှယ်ပုံတူဖန်တီးပေးထားတာနေမှာ. . ညီမနှာခေါင်းကိုဆွဲရင် အဖေ့နှာခေါင်းဆွဲသလိုပဲမှတ်"

"မဆိုင်လိုက်တာအေ. . ဆွဲတယ်ဟာ၊ အဖေ့နှာခေါင်းဆို ပိုပြီးဆွဲလို့ကောင်း . ."

ညီအစ်မနှစ်ယောက် လုံးထွေးနေကြတယ်။

သူတို့ပြောတာကို အိမ်ရှေ့ခန်းမှာ စာဖတ်နေတဲ့ ဖခင် ဦးဇော်မောင်က တစ်စွန်းတစ်စ ကြားသွားလေရဲ့။

"ဟဲ့ . . ညီအစ်မနှစ်ယောက် မအိပ်ကြသေးဘူးလား၊ ခုနက ဘာ ပြောနေတာလဲ. . နှာခေါင်းက ဘာဖြစ်လို့လဲ"

"ဟို. . ဟို. . အဖေ့နှာခေါင်း"

မို့မို့က ပြောတာ၊ ရှေ့မဆက်ဘူး။

"ဟို၊ အဖေ့နှာခေါင်းထဲ ညှော်နံ့များမရဘူးလားလို့ပါ"

အိမွန်က ဝင်ပိတ်ပေးလိုက်တာ။ ဒါပေမယ့် ပွဲကမပြတ်ဘူး။

"မအေကြီးရေ. . ညှော်နံ့ရသတဲ့ကွာ. . ထကြည့်ပါဦး"

ဦးဇော်မောင်က စာဖတ်နေရာကနေ သူ့အိပ်ခန်းဘက်လှည့်ပြော တယ်။ အမှန်က ဦးဇော်မောင် စာအေးအေးဖတ်ချင်လို့ ညှော်တာဝန်ကို ပခုံးပြောင်းပေးလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဇနီး ဒေါ်မှုမှုက အပစ်အခတ်ကောင်းတာ သူ မေ့နေတယ်။ လေးသေနတ်နဲ့ပစ်လို့ အားမရနိုင်ရင် စက်သေနတ်နဲ့ကို မွှေ့တော့တာ။

အခုလည်း လာပါပြီ။ လက်ထဲက စိပ်ပုတီးကို လက်မှာပတ်လိုက်ပြီး အိပ်ခန်းထဲက ထွက်လာတယ်။

လေကြောင်းလိုင်းနဲ့ကို ထွက်လာတာ။

"ကျုပ်ပြောတော့ ကျုပ်လွန်တယ်တဲ့ . မအေ ပုတီးစိပ်နေတာကို အလိုက်မသိ တွတ်ထိုးနေကြတယ်၊ ဖအေက စာအုပ်နဲ့ မျက်နှာ မခွာတော့ဘူး၊ ညော်နံ့ရတယ်ဆိုလဲ ဝါယာကြိုးတွေ ဘာတွေ ရှော့ဖြစ်နေလား . . ရှင်ကြည့်ပေါ့ . . ဒါယောကျ်ားအလုပ်ပဲဟာ၊ ဒါကိုများ ပုတီးစိပ်တဲ့ မိန်းမကို ခေါ်ရတယ်လို့"

ဒေါ်မှုမှု လေကြောင်းလိုင်းနဲ့ ထွက်လာတာသိလို့ ညီအစ်မနှစ်ယောက် မျက်လုံးတွေ ပြူးကုန်ကြတယ်။

ကမန်းကတန်း ခုတင်ပေါ် ကိုယ်စီပြေးတက်ပြီး အိပ်ချင်ယောင်ဆောင်နေလိုက်ကြတယ်။

အရေးထဲ ခုတင်မှားတက်ကြမိလေရဲ့။ ပြန်လဲချိန်မရလို့ ရောက်ရာခုတင်မှာပဲ အိပ်ချင်ယောင်ဆောင်နေလိုက်ကြတာပေါ့။

"အမလေးလေး . . အိပ်ခန်းထဲလဲ ရှုပ်ပွလို့ . . စားသောက်ပြီး ပန်းကန်တွေကပက်လက်၊ ပန်းကန်လေးတောင် သွားသိမ်းဖော်မရကြဘူး၊ မိန်းမပျင်းတွေ . . ငါနဲ့တော့ တခြားစီပဲ၊ သူ့အဖေသွေးပါလို့ ဒီလို စည်းကမ်းမဲ့နေကြတာ၊ ဦးဇော်မောင် . . ရှင် ရှင့်သမီးတွေ တော်တော် အလိုလိုက် . . နောက်မှ မျက်ရည်စမ်းစမ်း ကြက်သီးဖြန်းဖြန်း ရှင်ဖြစ်လိမ့်မယ်"

ဒေါ်မှုမှုက အိပ်ခန်းမှာ စက်သေနတ်ပစ်တာ အားမရလို့ အိမ်ရှေ့က စာဖတ်နေတဲ့လူကိုပါ လှမ်းပစ်လိုက်သေးတာ။

ဦးဇော်မောင်မျက်နှာလည်း ရှုံ့မဲ့သွားတယ်။ ဦးဇော်မောင်က



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းထဲ လှည့်ကြည့်တယ်။

စာအုပ်ကို ခဏချတယ်။ ထ,ပြီးတော့ စားပွဲပေါ်က ပစ္စည်းတစ်ခုကို ရှာဖွေတယ်။ တွေ့သွားပြီ။

ယူလာပြီး ပြန်ထိုင်ရင်း ပစ္စည်းထုပ်လေးကို ဖြည်လိုက်တယ်။

ဩော်. . . ဂွမ်းလိပ်ပဲ။

ဂွမ်းနည်းနည်းစီယူပြီး နားနှစ်ဖက်ထဲ ထိုးထည့်လိုက်တယ်။

ပြီးပြီ။ ကျေကျေနပ်နပ်ကြီး ပြုံးလိုက်ရင်း သမီးတွေအိပ်ခန်းထဲဝင်ပြီး ပွစိ ပွစိလုပ်နေတဲ့ ဒေါ်မူမူရှိရာဘက် ပခုံးနှစ်ဖက် တွန့်ပြလိုက်တယ်။ နောက်ပြီး မေးငေါ့ပြလိုက်သေးတာ။ ဆက်ပြော. . ငါကတော့ အေးဆေးပဲဆိုတဲ့ သဘော။

ဟုတ်တယ်. . . ဦးဇော်မောင် ခပ်အေးအေးပဲ စာအုပ်ကောက်ကိုင်ပြီး စာဆက်ဖတ်နေပြီ။

မအေးဆေးတာက ဟိုညီအစ်မနှစ်ယောက်ပဲ။

ညီအစ်မနှစ်ယောက်လုံး စောင်ခေါင်းမြီးခြုံပြီး အိပ်နေကြပြီ။

ဒါကို ဒေါ်မူမူက မကျေနပ်ဘူး။

ခုနကပဲ တွတ်ထိုးသံတွေ ကြားနေရတာမဟုတ်လား။

"ဟင်း . . ဟင်း . . ခုနပဲ တွတ်ထိုးနေကြပြီး အခုမှ ခေါင်းမြီးတွေ ခြုံလို့ . . ခေါင်းမြီးခြုံ လုံပြီမှတ်နေကြတာ . . မလုံခြုံကြတာတော့ မသိတဲ့ ကုလားအုပ်တွေလိုပဲ. . ဒီအလုပ်တွေ ငါလုပ်လာတာ"

ဒေါ်မူမူစကားကြောင့် ညီအစ်မနှစ်ယောက် မလှုံမလဲဖြစ်သွားကြပြီး စောင်ကိုစမ်းပြီး ဆွဲချနေကြတယ်။

ဒါကိုကြည့်ပြီး ဒေါ်မူမူက ပြုံးလိုက်တယ်။

"ကောင်မတွေ တွေ့မယ်"

လို့ စိတ်ထဲကကြိမ်းပြီး သူ့အကြံနဲ့သူ ပြုံးနေတော့တယ်။ ဆက်လည်းပြောတယ်။

"အေးလေ . . ရုတ်တရက်ချက်ချင်း တက်အိပ်တာဟာ ပုံမှန်



www.burmeseclassic.com

www.burmeseclassic.com



အိပ်တာထက်ထူးရမယ်. . ပုံမှန်အိပ်သူများက မျက်လုံးပိတ်အိပ်ပေမယ့် ရှုတ်တရက် အိပ်ပျော်သူတွေက မျက်လုံးဖွင့်အိပ်တတ်ကြတာ"

ဒေါ်မူမူစကားကြောင့် စောင်ထဲက ညီအစ်မနှစ်ယောက်မျက်လုံးပြူးနေကြတယ်။ ဒေါ်မူမူက ဆက်ပြောလေရဲ့။

"ဒီကောင်မတွေ တကယ်အိပ်မအိပ် တစ်ယောက်ချင်းလှန်ကြည့်ရမယ်. . ."

သူတို့ကို ဒေါ်မူမူက လှန်ကြည့်မယ်ဆိုလို့ ထမီစရော စောင်ကိုပါ ပေါင်ကြားထဲ အတင်းညှပ်ထားကြပြန်ရော။

မလှုံမလဲ လှုပ်လှုပ်ရွရွဖြစ်နေကြတဲ့ သမီးနှစ်ယောက်ကို ကြည့်ပြီး ဒေါ်မူမူက လက်ညှိုးထောင်ပြနေတယ်။ သိမယ်ပေါ့။

"ဩော်, အိပ်တယ်တာဆိုတယ် ဟောက်သံလဲမကြားပါလား၊ အရင်ညတွေကဆို ဟောက်လိုက်ကြတာ"

သိပ်မကြာပါဘူး။ ဟောက်သံတွေ အပြိုင်ထွက်လာတယ်။

"ခလူး . . ခလော. ."

"ခလူး . . ခလော. ."

ဒေါ်မူမူက ခေါင်းတဆတ်ဆတ်ညိတ်ရင်း . . .

"အင်း . . . ကလေးတွေ အိပ်ကုန်ပြီပဲ၊ မနှိုးတော့ပါဘူး၊ ငါလဲ ဗူတီးပြန်စိပ်မှ. . "

ပြောရင်း ခြေလေးငါးလှမ်းလောက် ခြေထောက်အထွက်မှာလိုက်တယ်။ ညီအစ်မှစ်ယောက်ကလည်း ပြန်ထွက်သွားပြီအမှတ်နဲ့ ခေါင်းမြီးခြုံတွေ မ,ပြီး တစ်ယောက်နဲ့တစ်ယောက် ကြည့်ပြုံးပြကြလေရဲ့။

ထိုစဉ်မှာပဲ ဒေါ်မူမူက ရုတ်ချည်းပြန်လှည့်လိုက်လို့ ရုတ်ခနဲဆိုခေါင်းမြီးပြန်ခြုံကြပြန်ရော။

"အင်း . . . ဟိုသီချင်းလေးက ဘာတဲ့ . . . မျက်လုံးနှင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အိပ်ကြည့်ပါဆိုလား . . သိပ်တော်တဲ့ တေးရေးဆရာ. . ဒါ တကယ်ရှိတတ်လို့ သူ ရေးစပ်ထားတာနေမှာ၊ တကယ် ဟုတ်မဟုတ် ငါ့သမီးတွေအိပ်တာကို ကြည့်ရမယ်"

ပြောပြောဆိုဆို ခုတင်ပေါ်က စောင်ခြုံထားတဲ့ တစ်ယောက်ကို အသာလှပ်ကြည့်လိုက်တယ်။

ကွက်တီပဲ. . .

အိပ်နေတာ သမီးကြီး အိမွန်သည်းပိုဇော်. . .

"ခလူး . . ခလော. ."

နဲ့ ဟောက်လို့။ မျက်လုံးလေးလည်း ပွင့်လို့။ လှုပ်တော့ မလှုပ်ဘူးရယ်။ အိပ်နေတာပဲလေ။ လှုပ်လို့ဖြစ်မလား။

မိဘစကား နားထောင်တယ်။ သီချင်းအတိုင်း လိုက်နာတယ်။

တကယ်ကို မျက်လုံးဖွင့်အိပ်နေတာကလား။

ဒေါ်မူမူက ငုံ့ကြည့်တယ်။ ပြုံးတယ်။ ဒေါ်မူမူပြုံးတာ မြင်နေရတဲ့ အိမွန်ကလည်း ပြုံးချင်ချင်ဖြစ်နေတယ်။

"သမီးကြီး အိပ်ရင်း ယောင်နေပြန်ပြီ. . ပြုံးချင်ချင်နဲ့ . . အိပ်မက်ထဲမှာ ရည်းစားနဲ့တွေ့နေပြီထင်တယ်"

လို့ ဒေါ်မူမူကပြောတော့ အိမွန်က ခေါင်းခါတယ်။ မျက်လုံးတ ဖွင့်လျက်. . မှင်သေသေပဲ။

"ဩော်, ရည်းစားနဲ့တွေ့တာ မဟုတ်ဘူးတဲ့၊ သမီး အိပ်ပျော်ရင်း ယောင်နေတာပဲ၊ မေမေ ပရုပ်ဆီလိမ်းပေးခဲ့မယ်"

သွားပြီ။ အိမွန် ဘာလုပ်ရမှန်း မသိတော့ဘူး။

သူ့အမေကလည်း ရွှတ်တွတ်တွတ်ရယ်။ တကယ်ကို လိမ်းဆေးဘူး လှမ်းယူနေတယ်။ မဖြစ်ဘူး။ ဟိုဘက် လှည့်မှ။

အိမွန်က ပရုပ်ဆီမလာခင် တစ်ဖက်စောင်းပစ်လိုက်တယ်။

ဒါတောင် ဒေါ်မူမူက သူ့နားထင်ကို ပရုပ်ဆီနဲ့ ပွတ်လိုက်သေးတာ။



www.burmeseclassic.com

www.burmeseclassic.com



"ခလူး . . ခလော . . "

အိမွန်က ဟောက်သံပေးလိုက်တယ်။ အမေကို နှင်တာလေ။ အိပ်ပျော်နေတယ်။ သွားတော့ပေါ့။

ဒေါ်မူမူက သေချာအောင် ထပ်မေးလိုက်သေးတာ။

"သမီးကြီး အိပ်ပျော်နေပြီလား"

"ခလူး . . ဟုတ် . . ခလော . . "

"အိပ် အိပ် . . သမီး . . ဟို အငယ်ကောင်မကြည့်ရဦးမယ်"

ပြုံးပြီး တစ်ဖက်လှည့်တော့တယ်။

ခုနတစ်ဖက်ခုတင်မှာ သူ့အစ်မကို ပြောနေ လုပ်ပေးနေတာတွေကို ခေါင်းထွက်ကြည့်နေတဲ့ မို့မို့လည်း ခေါင်းလေးပြန်ဝင်သွားလေရဲ့။

ဒေါ်မူမူက ခုတင်ဘေးမှာရပ် ခါးထောက်ပြီး လက်ညှိုးလေး တပြပြနဲ့ လုပ်နေတယ်။ သိမယ်ပေါ့။

အငယ်မ မို့မို့ရဲ့ခြုံစောင်ကို အသာဆွဲကြည့်တယ်။

"အမယ်လေး . . . "

ဒေါ်မူမူလန့်သွားတာ။ ရင်ဘတ်ကိုဖိပြီး ကြောင့်ကြည့်နေတယ်။

ကြည့်ပါဦး . . . အေးမို့မို့ဇော်ရယ် . . .

မျက်လုံးကြီးက ပြူး . . .

ပြူးတာတောင် တည့်ပြူးမဟုတ်ဘူး၊ စောင်းပြူးကြီး . . .

လျှာကြီးကထွက်လို့ . . .

ဇက်ကြီးစောင်း . . လက်တွေကောက်လို့ . .

"သမီး . . သမီး . . သတိရလား"

ဒေါ်မူမူ လှုပ်ကြည့်တယ်။

မထူးခြားဘူး၊ တောင့်တောင့်ကြီးရယ်။

"လှုပ်တြပါဦး . . သမီးလေး တက်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မူမူ အော်တော့တယ်။ အလန့်တကြားကို အော်တာ။

အိမ့်ခွန် လူးလဲထပြီး အပေါ်လိုက်မော့ကြည့်ရင်း မေးရှာတယ်။

"အမေ . . ညီမလေး ဘယ်ပေါ်တက်နေတာလဲဟင်" တဲ့။

ဦးဇော်မောင်ကလည်း ဘာထူးမှာလဲ။ ပြေးဝင်လာပြီး ဘာမေးတယ်မှတ်လဲ။ နားထဲက ဂွမ်းစတွေတောင် ထုတ်ချိန်မရဘူး။ သူ့ဟာသူ ပြုတ်ကျကုန်တယ်။

"ဒီကောင်မလေး မကြီးမငယ်နဲ့ ဘယ်ပေါ်တက်နေသလဲ . . ပြန် မဆင်းတတ်တော့ဘူးမို့လား" တဲ့။

အဲဒီလိုမေးရင်း အပေါ်ကို မော့ကြည့်နေတယ်။

ဒေါ်မူမူလည်းယောင်ပြီး သူတို့ကြည့်သလို အပေါ်ကို လိုက်မော့ကြည့်တော့တာပေါ့။

ဒါကိုမြင်တဲ့ အေးမို့မို့ဇော်က သရုပ်ဆောင်နေရာကနေ ရယ်ချင်လွန်းလို့ ပါးစပ်ကို ပိတ်ထားရတယ်။

"ခစ် . . ခစ် . . ခစ် . ."

ဒါတောင် အသံက ထွက်သွားသေးတာ။ အသံကြားမှ ဒေါ်မူမူနဲ့ တကွ အားလုံး သူ့ကိုစုပြုံကြည့်ကြတယ်။

"လုပ်ကြပါဦး . . တက်တာကြာလို့ ခစ်ခစ်တောင် ဖြစ်နေပြီ . . . ဖေကြီး လုပ်ပါဦး . ."

ဒေါ်မူမူက ခြေမကိုင်မိ လက်မကိုင်မိနဲ့ ဦးဇော်မောင်ကို ပြောနေတာ။ ဒေါ်မူမူတက်တိုင်းလည်း ဦးဇော်မောင် ဆွဲချနေကျ (အဲလေ)လုပ် ပေးနေကျ။

ဒေါ်မူမူကလည်း အခုလိုပဲ ဘာတက်တတ်သလဲ မမေးနဲ့။

ဦးဇော်မောင်ကလည်း ဘာတော်သလဲ မမေးနဲ့။

ဒေါ်မူမူက တက်တာ နှစ်မျိုးနှစ်စားတက်တာ။

အဟုတ်တက်နဲ့ အင်တက်။

အစကတော့ ဦးဇော်မောင် မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက် ဝါရင့်လာတော့ သိရော။

ဒေါ်မှုမှုတကယ်တက်နေရင် ဖနော့င့်နဲ့ ပေါင်ရင်းကြောတို နင်း ချပေး . . ဘာမှမသိဘူး။

အင်တက်ဆိုရင်တော့ နာလို့ လူးလွန့်ပြီး အော်တော့တာ။

ဒါဆို အင်တက် . . .

နောက်တစ်နည်းရှိသေးတယ်။

နှာခေါင်းကိုပိတ်ပြီး ပါးစပ်နဲ့ တော့မှုတ်တာ။

တကယ်တက်ရင် ဖလူး . . ဖလူး . . ဆိုပြီး အတက်ကျသွား တယ်။

အင်တက်ဆို မကျဘူး၊ တင်းခံနေတတ်တယ်။

ဒါ အဟုတ်တက်နဲ့ အင်တက် ခွဲခြားနည်းပဲ။

အခု သမီးမို့မို့ တက်နေတာကြည့်ပြီး ဦးဇော်မောင် ခေါင်း ညိတ်နေလိုက်တယ်။

သမီးက အရင်မတက်တတ်ဘူးရယ်။

ဒါ သူ့အမေဆီက အတုခိုးတာပဲ ဖြစ်ရမယ်လို့ တွေးလိုက် မိတယ်။

မို့မို့ကိုကြည့်တော့ တက်ကောင်းတုန်း။ အတက်က မကျဘူး။ မျက်လုံးကြီးပြူး . . လျှာကြီးထွက်မြဲပဲ။

"တဲ့, မအေကြီးဖယ် . . ကျုပ် ကြည့်မယ်"

ဒေါ်မှုမှု နောက်ဆုတ်သွားတော့ ဦးဇော်မောင်က သမီးနား ထပ်ထိုင်ပြီး လက်တစ်ဖက်က နဖူးကိုစမ်း၊ တစ်ဖက်က ပါးစပ်ကို ထွယ်ပြီး မေးတယ်။

"သမီး . . တကယ်လား . . အင်လား . ."

"အင် . . အင် . . အင် . ."

မို့မို့က တအင်အင်နဲ့ဖြစ်လာတယ်။

မအင်လို့ မဖြစ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အစမ်းသပ်ခံနေရဦးမယ်။

"အင် . . အင် . . အင် . ."

"ဖေကြီး လုပ်ပါဦး၊ ခုန တခစ်ခစ်နဲ့တက်ပြီး အခုတအင်အင်နဲ့ ညည်းနေတာကို ငုတ်တုတ်ထိုင်ကြည့်နေရတယ်လို့ . ."

"စိတ်မပူပါနဲ့ကွာ . . ငါ နဖူးတစ်ချက်ရိုက်လိုက်တာနဲ့ ကောင်းသွားမှာပါ၊ ဟုတ်တယ်မို့လား သမီး . . အဖေ့အစွမ်းသိတယ်မို့လား . ."

မို့မို့က တက်နေရာကနေ ခေါင်းလေးတဆတ်ဆတ်ဖြစ်လာတယ်။

ခေါင်းညိတ်တာ။ ခေါင်းညိတ်တာ။

"လုပ်ပါဦး . . အကြောတွေပါလိုက်နေပြီ . . ဘယ်လိုများဖြစ်ရတာလဲ သမီးလေးရယ်၊ နှာခေါင်းကလွဲရင် ရောဂါဖြစ်ပုံကအစ အမေနဲ့ တူနေပါရောလား . ."

"ဟုတ်တယ် . . ရောဂါကတော့ မင်းဖြစ်တဲ့ အတိုင်းပဲ၊ အတူတူပဲ"

ဦးဇော်မောင်က သူ့နှာခေါင်းကို ခလုတ်တိုက်လို့ စိတ်တိုတိုနဲ့ ပြော လိုက်တယ်။

အနားမှာကြည့်နေတဲ့ အိမ္ဗန်ကလည်း တကယ်လား အင်လား မသိဘူးဖြစ်နေတယ်။ အင်ဖြစ်ဖို့များတယ်ဆိုတာတော့ ရိပ်မိနေလေရဲ့။

"ဖအေကြီး . . လုပ်လေ . . အတက်ချပေး . ."

"အေး . . အဖေကြီး ဂါထာရွတ်လိုက်ရုံနဲ့ အတက်ကျစေရမယ်၊ ကြည့်နေ . ."

ဦးဇော်မောင်က မို့မို့ရဲ့ နဖူးလေးကိုကိုင်ပြီး ဂါထာရွတ်တယ်။

"ဘုရားဆော . . တရားဆော . . သံဃာဆော . . ပေးပါလေလော့ ပေးလေလော့ . . တက်ဆရာတက် . . ဇက် . . တက် . .



www.burmeseclassic.com

www.burmeseclassic.com



ထတ်. . "

"အို. . အို. . ဘယ့်နှယ် တက်တဲ့လူကို ထပ်ပြီး တက်ခိုင်းနေရ တာတုန်း . . . "

"အေး . . မှားလို့ . . ကဲ . . ကျဆရာကျ. . ကျ. . ကျ. . ကျ. . "

"အဖေ အရမ်းလဲ စွတ်ကျခိုင်းမနေနဲ့ဦး . . တော်ကြာ စာမေးပွဲတွေပါ ရောကျနေဦးမယ်"

"အေး ဟုတ်သားပဲ. . ပြန်ရွှတ်မယ်. . ကျဆရာကျ. . စာမေးပွဲ မပါကြေး ကျ. . . "

"ဒီလိုမှပေါ့ အဖေရဲ့ . . မရောစေနဲ့ . . "

အိမွန်က အခုမှ ဘဝင်ကျဟန်နဲ့ပြောတယ်။ ဒေါ်မူမူကတော့ မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ် ဖြစ်နေလေရဲ့။

သူတို့ဖြစ်ပျက် ပြောဆိုနေတာကို ကြည့်ပြီး တက်နေတဲ့ မို့မို့မှာ ရယ်ချင်စိတ်တွေဖြစ်နေတယ်။ ရယ်လိုစိတ်က လှိမ့်လှိမ့်တက်လာနေတာ ပြန်မကျဘူး။

"ခစ်. . ခစ်. . ခစ်. . "

"တဲ့, သမီး တက်ပြန်ပြီ"

"ကျပါပြီကွာ. . "

"တိုမှာ ခစ်. . ခစ်နဲ့ တက်နေတာကို"

"တချင်လို့ ခစ်တာပါကွ"

"တစ်မျိုးပဲနော်"

"ဟုတ်တယ်. . မင်းရောဂါထက် သူက နည်းနည်းပိုတယ်၊ ဟစ်တီးရီးယားလို့ ခေါ်တယ်ကွ"

"ရှင်, ခစ်တီးရီးယား . . ကျွန်မကြားဖူးတာကတော့ ဟစ်တီးရီးယား . . စိတ်တစခွဲကလျှားဖြစ်တတ်တဲ့ ရောဂါပဲ"

"အေးလေ . . အဲဒီ ဟစ်တီးရီးယားနဲ့ အမျိုးတော်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ခစ်တီးရီးယား ဆိုတာ နောက်ဆုံးပေါ် ရောဂါပေါ့ကွာ၊ မင်းတို့ခေတ်နဲ့ ဘယ်တူမလဲ"

"ဟုတ်မှာ. ."

ဒေါ်မူမူတစ်ယောက် ခေါင်းတညိတ်ညိတ်နဲ့ မှတ်ချက်ချလိုက်ရရှာတယ်။ မို့မို့ကိုလည်း လှမ်းကြည့်ရှာတယ်။

ဟုတ်တယ်. . . မို့မို့ကလည်း ပြန်ကောင်းနေပြီ။

မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်နဲ့ သူ့ဘာသာသူ ဘာမှမသိသလိုမျိုး။

အံမယ်. . . သူကတောင် ပြန်မေးနေသေးတာ။

"ဖေဖေ. . သမီး ဘာဖြစ်လို့လဲဟင်. ."

လို့ မှင်သေသေမေးတော့ ဦးဇော်မောင်က မှင်နဲ့ပဲ ဖြေလိုက်တယ်။

"သမီး အိုက်တင်ရီးယားရောဂါဖြစ်လို့ ဖေဖေလာကြည့်တာ"

"ရှင်, အိုက်တင်ရီးယားရောဂါ. . သမီး မကြားဖူးပါဘူး၊ မေမေ ဖြစ်တဲ့ ရောဂါမျိုးလား"

ဒေါ်မူမူက မို့မို့ကို မျက်စောင်းထိုးတယ်။

"သမီးအမေ ရောဂါထက်မြင့်တယ်. . . ဒီရောဂါက ရင့်လာရင် ရုပ်ရှင်မင်းသမီးတွေလို အိုက်တင်တွေ အမျိုးမျိုးလုပ်ပြတတ်တယ်. . . မအေကြီး လုပ်ပြလိုက်စမ်းကွာ"

ဦးဇော်မောင်က ဒေါ်မူမူကို လှည့်ပြောလိုက်တော့ ဒေါ်မူမူက ယောင်ပြီး ခေါင်းညိတ်ပြလိုက်တယ်။ လက်လေးကာပြပြီး အကျီကို ဆွဲချတယ်။ နောက်ပြီး မျက်နှာကို တင်းပစ်လိုက်ပြီး ခါးထောက်လိုက်တယ်။

"ဒီမှာ ဦးဇော်မောင်. . ."

အသံက ဟိန်းသွားတယ်။ ဦးဇော်မောင်တောင် လန့်သွားတယ်။

ဝါသနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အယ်, မင်းယောက်ျားလေ. . ဘယ်လိုခေါ်လိုက်တာလဲ"

"ဘယ်လိုခေါ်ခေါ်. . ဒီအိမ်မှာ ကျုပ်ဩဇာညောင်းရမယ်. . ရှင့် ပါးစပ်ပိတ်ထား . ."

"အန်. . ."

"အန်ချင်ရင် အပြင်ထွက်အန်. . ကျုပ်က ရှုတတ်တယ်၊ ကျုပ်နာမည် သိတယ်မို့လား"

"ကိုယ့်မိန်းမပဲ. . သိတာပေါ့ . . ဒေါ်မူမူ"

"လွဲသွားပြီ . . တည့်တည့်ကိုလွဲတာပဲ"

"တည့်တည့်ဆိုမှတော့ လွဲပါ့မလား"

"တည့်လွဲ လွဲတာ"

"တော့လွဲပဲ ကြားဖူးပါတယ်"

"ခစ်. . ခစ်. . ခစ်. ."

ဝင်ခစ်နေကြတာက အိမွန်တို့ညီအစ်မနှစ်ယောက်ပဲ။ သူ့အမေ အိုက်တင်လုပ်ပြတာကို အဖေကပါ ရောယောင်နေတော့ ရယ်နေရရော။

"ဒေါ်မူမူဆိုတာ ဆယ်ရာစုက ခေါ်ကြတာ. . အခုနှစ်ဆယ့်တစ်ရာစုမှာ နာမည်ကအစ တိုးတက်နေပြီ"

"ဘယ်လိုခေါ်ရမှာလဲ ခင်ဗျာ"

"အိုက်တင် မူမူ"

"ဘာ, အိုက်စကရင်မူမူ ဟုတ်လား . . မင်းနဲ့မတည့်ဘူးလေကွာ၊ ရင်ကျပ်ပါတယ်ဆို. . ."

"ရှင့်ပါးစပ်ပိတ်ထား . . ကြားလား . . မကြားရင် ကားသွားမယ်၊ အိုက်တင် မူမူရှင့် . . ဒီလို အိုက်တင်ပြောတာ"

ဆိုပြီး ဒေါ်မူမူက မေးထောက်ပြ တင်ကောက်ပြနဲ့ အိုက်တင်တွေ လုပ်ပြနေတော့တာ။

သားအဖေတစ်တွေ တဝါးဝါးပွဲကျနေကြရော၊ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အိုက်တင်လုပ်ပြပါဆိုလို့ လုပ်ပြရသေး။ ဝိုင်းရယ်ကျတော့ ဒေါ်မူမူ ရှက်သွားတယ်။ ပစ်ဟောက်လိုက်တယ်။

"တိတ်ကြစမ်း . . ငါ့ကို လှောင်စရာလား၊ သူခိုင်းလို့လဲ လုပ်ပြရသေး . . ဟင်း . ."

အားလုံးငြိမ်သွားတယ်။ ဒီတစ်ခါတော့ ဒေါ်မူမူ တကယ်စိတ်ဆိုး သွားတာ။ ရှက်ရမ်းရမ်းတော့မှာသိလို့ ငြိမ်လိုက်ရတာ။

"ကဲ, ညီအစ်မနှစ်ယောက်လုံး အိပ်. . ညည်းတို့ကြောင့် ငါ မောသွားပြီ. . ဇက်ကြောတွေလဲ တက်လာပြီ"

ဒေါ်မူမူ ဇက်လေး ဟိုဘက်ဒီဘက်လှည့်ရင်း ပြောတာ။

နောက် ဦးဇော်မောင်ကို လှမ်းကြည့်ပြီး . . .

"ရှင်လဲ စာမဖတ်နဲ့တော့ . . ညဥ့်နက်ပြီ"

ပြောတော့ ဦးဇော်မောင်က ထ,ရပ်ပြီး . . .

"အေးပါကွာ. . . ငါလဲ အိပ်တော့မှာပါ. . . ငါ့အတွက် စိတ်မပူပါနဲ့ကွာ. . ." လို့ ပြောတယ်။

ဒါပေမယ့် . . . ဒေါ်မူမူရဲ့ နောက်ဆက်တွဲစကားကြောင့် ဦးဇော်မောင် မျက်လုံးကြီး ပြူးသွားရပါလေရော။

"စိတ်လဲမပူဘူး . . အိပ်လဲမအိပ်နဲ့ . . ကျုပ်ကို လာနှိပ်"

"အန်. . ."

အိမွှန်တို့ညီအစ်မနှစ်ယောက်ကတော့ . . .

သူ့မိခင်နောက် ကုပ်ချောင်းကုပ်ချောင်းနဲ့ ပါသွားရှာတဲ့ ဖခင်ကို ကြည့်ပြီး သံပြိုင်အော်လိုက်ကြသေးတာကလား။

"ဖေဖေကြီး . . ."

"ဖေဖေကြီး . . ."

"ဖေဖေကြီးကို သနားတယ်. . ."

"ဖေဖေကြီးကို သနားတယ်. . ."

✔ ✔ ✔

ဝါသနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဟဲ့, သား . . ဘယ်သွားမလို့လဲ. . ရှိုးနဲ့စမိုးနဲ့"
"ဟို. . ဟို. . ချောချောလေးစီ သွားမလို့ပါ မေမေ"
ရှိုးလူကို သူ့အမေက . . .
လူထူးဆန်းအဖြစ်နဲ့ကြည့်ပြီး မေးနေတာ။
ရှိုးလူဝတ်ထားတာကိုလည်း ကြည့်ဦး. . .
လည်ကတုံးရှပ်ဖြူလက်တိုနဲ့ ပိုးတွဲလုံချည်ပန်းရောင်။
ပိုးတွဲလုံချည်က . . .
သူ့အဖေလုံချည် ယူဝတ်ထားတာ။
ကျွတ်ကျမှာစိုးလို့ ခါးပတ် ပတ်ထားသေးတာ။
လည်ပင်းမှာ ပုတီးနဲ့။
ပုတီးက စိပ်ပုတီး။
စိပ်ပုတီးကို လည်ပင်းကိုက်ဆွဲထားတာ။
ပိုတဲ့အစနဲ့ ပုတီးလုံးတွေကို နောက်ဘက်မှာ စုချည်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



တလား. . .

"ဟဲ့, သားလည်ပင်းက မေမေ့ကြိမ်ပုတီးမို့လား"

ရှိုးလူက လည်ပင်းကပုတီးကို စမ်းကြည့်ပြီး . . .

"အဟီး . . . ဟုတ်ပါတယ် မေမေ၊ ဒီနေ့ ရုံးချိန်းသွားရမှာမို့ပါ၊ ဒါပေမယ့် သားက ပုံဖျက်ထားပါတယ်"

"ဟဲ့, ငါ့ပုတီးကို ဖျက်လိုက်ပြီလား"

"မဖျက်ပါဘူး မေမေရဲ့၊ ပိုတာကို နောက်မှာ စုချည်ထားတာပါ၊ ပုတီးနဲ့ဆိုတော့ ဟိုမင်းသားနဲ့မတူဘူးလား အမေရဲ့ . . "

"ဘယ်မင်းသားလဲ"

"ရာဇာနေဝင်း အမေရာ. . ပုတီးအမြဲဆွဲတယ်၊ ဘုရား တရား သမား အမေရ. . လည်ပင်းတင်မကဘူး၊ လက်မှာပါ စွပ်ထားတတ်တာ၊ လေးစားစရာပဲ အမေရာ. . "

"ဟဲ့, ဟိုက အလှဆွဲထားတာကိုများ လေးစားသတဲ့"

ဒေါ်မမကြီးက မဲ့ပြီး ပြောလိုက်တယ်။

ဆက်လည်း ပြောသေးတာ . . .

"ငါတို့လို ဘုရားနဲ့ တရားနဲ့နေလို့ ပုတီးဆွဲတာမှ မဟုတ်တာ၊ သားလိုပဲ အလှဆွဲတာနေမှာ၊ ဒါပဲ ပုတီးမပျောက်စေနဲ့ ကြားလား . . ."

"ဟုတ်ကဲ့ပါ မေမေ"

ဒေါ်မမကြီးက မျက်မှောင်ကုတ်ပြီး ဆက်မေးသေးတယ်။

"နို့ . . နေပါဦး . . သားက ချောချောလေးဆီသွားမှာများ ဘာလို့ ရှူတင်သွားမယ့်ပုံ လုပ်သွားရတာလဲ"

ဒေါ်မမကြီးပြောတာက . . .

သူ့တူမ ချောချောခင်ကိုပြောတာ။

ရှိုးလူရဲ့ညီမဝမ်းကွဲပေါ့။

"ချောချောလေးက သားကိုချိန်းထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ဖို့လဲ"

"အဲ. . အဲ, ကွာစိကျွေးမလို့တဲ့"

"ကွာစိကျွေးမှာများ အထူးတလည်ဟယ်. . ."

"အမေ မသိပါဘူးဗျာ. . သားသွားတွေ့မယ့် ချောချောလေးက ချောချောခင် မဟုတ်ဘူး၊ ရွှေနေမချောချောလေးကို ပြောနေတာ"

"ဟင်, သားက ရွှေနေနဲ့တွေ့ရအောင် ဘာအမှုဖြစ်လို့လဲ"

"လူတိုက်မှုဖြစ်ထားလို့ အမေ"

လို့ပြောပြီး . . .

မနေ့က အိမ့်မွန်သည်းပိုဇော်နဲ့ တွေ့ဆုံခဲ့ပုံကို အတိုချုံး ပြောပြလိုက်တော့တယ်။

ဒီမှာတင် ဒေါ်မမကြီး မျက်နှာကြောတင်းသွားတော့တာ။

"ဒီမှာသား . . သီးချင်တန်သီး၊ ပွင့်ချင်တန်ပွင့်တဲ့၊ သား မိန်းကလေးတစ်ယောက်ကို သဘောကျတာ အမေမကန့်ကွက်ပါဘူး၊ ဒါပေမယ့် ရွှေနေကိုတော့ မကြိုက်ပါနဲ့ သားရယ်"

"ဘာဖြစ်လို့လဲ အမေ"

"ရွှေနေဆိုတာ ရွှေ့ကပဲနေတတ်ကြတယ်၊ နောက်ကတယ်တော့မှ မလိုက်ဘူး"

"ရွှေနေဆိုမှပဲဟာ. . ."

"ဒီအိမ်ကြီးမှာ မေမေဦးဆောင်နေတာ၊ မင်းအဖေဆိုအမေ့ကို လှန်ရဲလို့လား"

ဒေါ်မမကြီးစကားကို ရိုးလူစဉ်းစားဟယ်။

လက်ညှိုးထောင်ပြီး ထောက်ခံတယ်။

"ဟုတ်တယ်. . မေမေ့ကို ဖေဖေလှန်တာ သားတစ်ခါမှမမြင်ဖူးသေးဘူး . . ."

"အိုတွာ. . လှန်ဖို့နေနေသာသာ မော့ကြည့်တာတောင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖူး သလား . . .”

“ဟင့်အင်း . . .”

ဘယ်တွေ့ဖူးပါ့မလဲ . . .

ဦးဆန်းလူက အရုပ်ရှည်တယ်လေ။

အရုပ်ပုတဲ့ ဒေါ်မမကြီးကို အမြဲပဲ ငုံ့ကြည့်နေရတာ . . .

မော့ကြည့်ဖို့တော့ ဝေးရော။

“အေး . . အမေက အဲဒီလိုနေလာတာ၊ ချွေးမက ရှေ့နေဆို ဖြစ် မှာမဟုတ်ဘူး၊ တစ်အိမ်လုံးကို သူက အမှုသည်လိုကြည့်မှာ မြင်မှာ”

“မဖြစ်စေရပါဘူး မေမေ”

“အားအားရှိ နို့တစ်ထုတ်နေမှာ. . .”

“အား . . စိတ်ချပါ မေမေ၊ နို့တစ်ထုတ်တာကတော့ သားလဲ မကြိုက်ပါဘူး၊ လူမြင်မကောင်း သူမြင်မကောင်း . . ကလေးကို နို့တိုက်ရင်တောင် ခြင်ထောင်ထဲ တိုက်ခိုင်းမှာပါ”

“ဟဲ့၊ ဘာတွေလျှောက်ပြောနေတာလဲ၊ နို့တစ်စာထုတ်မှာကို ပြောတာဟဲ့ . . အမှုမဆွဲခင် ကြိုတင်သတိပေးတဲ့စာကို ပြောနေတာ”

“ရောသွားလို့ပါ မေမေ. . . သားစိတ်က နို့တစ်ဆီရောက် သွားလို့ပါ”

ရှီးလူက ပြောရင်း နာရီကြည့်တယ်။

“သွားတော့မယ် မေမေ၊ ဟိုကောင်တွေ ဝင်ခေါ်ရဦးမှာ”

ပြောပြောဆိုဆို လစ်တော့တယ်။

လက်ထဲမှာလည်း စာအုပ်တွေ ကိုင်လို့ . . .

စတိုင်လ်လေ စတိုင်လ်။

ဘာမှမဟုတ်ဘူး . . .

တွေ့ရာစာအုပ် ကောက်ဆွဲလာတာ။

ရှေ့နေ မလေးလိုပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေတိုက်ပုံကို ခေါက်ပြီး လက်မှာ ခေါက်တင်သွားချင် သေးတော့ . . .

တိုက်ပုံက ယူဖို့မလွယ်လို့ရယ်။

ရှိုးလူအိမ်ကအထွက်မှာပဲ အပြင်ကနေပြန်လာတဲ့ သူ့အဖေ ဦးဆန်းလူနဲ့ ဆုံကြတယ်။

ရှိုးနဲ့ထွက်လာတဲ့ သားကိုကြည့်ပြီး ဦးဆန်းလူက ပြုံးစစနဲ့ မေး လိုက်တယ်။

"အံမယ် . . သားက ရှိုးနဲ့ပါလား၊ ဘယ်သွားမလို့လဲ"

"ရုံးချိန်းပါ ဖေဖေ"

"ဟေ, ဘာရုံးချိန်းလဲ"

"ဩော်, အလုပ်ကိစ္စ အင်တာဗျူးရှိလို့ပါ"

"အေး . . အေး . . သွား . . သွား . . အဲဒီလို သစ်သပ်ရပ်ရပ် ဝတ်သွားတော့ လူကြီးတွေ သဘောကျတာပေါ့၊ သား ပုဆိုးလေးက လှ သားပဲ . . ."

"ဟုတ် . . လက်ဆောင်ရထားတာပါ ဖေဖေ"

ရှိုးလူက မှင်နဲ့ဖြီးလိုက်တယ်။

"အဖေ့ပုဆိုးနဲ့ အတော်တူတာပဲနော်"

"ချွတ်စွပ်ပဲ ဖေဖေ"

"အေးကွာ . . . လူတူမရှား၊ ပုဆိုးတူမရှားဆိုတာ ဒါပေါ့"

"ဟုတ်ကဲ့ ဖေဖေ၊ သွားမယ်နော်"

"အေး . . အေး . . သွား . . သွား . . "

ဦးဆန်းလူက လေလေးချွန်ပြီး အိမ်ထဲဝင်လာတယ်။

ဒေါ်မမကြီးက ဆီးမေးတယ်။

"သား ရှင့်ကို ဘာတွေပြောနေတာလဲ"

"သားက လိမ္မာပါတယ်ကွာ၊ အလုပ်ကိစ္စ အင်တာဗျူးသွား မလို့တဲ့"

"ဒါပဲလား . . ."



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ. . ဒါပဲ. . အဲ, သူဝတ်ထားတဲ့ ပုဆိုးက ငါ့ပုဆိုးနဲ့တူတယ်ဆိုတော့ လက်ဆောင်ရထားတာတဲ့၊ ချွတ်စွပ်လို့လဲ ပြောသေးတယ်"

ဦးဆန်းလူစကားကြားတော့ . . .

ဒေါ်မမကြီး ရယ်တယ်။

"မင်း ဘာရယ်တာလဲ"

"ဩော်, ရှင့်ကိုရယ်တာပေါ့၊ နာမည်က ဆန်းလူတဲ့ . . . ဘာမှလဲ မဆန်းဘူး၊ ရှင့်သားနဲ့ ရှင်နဲ့ နာမည်ချင်းပြောင်းပစ်ကြဖို့ကောင်းတယ်"

"မင်း ဘာတွေပြောနေတာလဲ"

"ရှင်သား ပုံပြောသွားတာကို ရှင်က ယုံနေတာကိုး၊ ဘာအင်တာဗျူးမှ သွားတာမဟုတ်ဘူး၊ မြွေသွားဖမ်းတာ. . ."

"ဘာ. . . မြွေသွားဖမ်းတာ၊ ဘာတွေလဲဟာ. . . ဒီကောင်ဒုက္ခရောက်တော့မှာပဲ"

"ရှင့်ကိုလဲ မြွေလွှတ်ခဲ့တာ ရှင်မသိဘူးမို့လား"

"အယ်. . . ငါ့ကို မြွေလွှတ်တယ်၊ ဘယ်မှာလဲ. . မြွေကြောက်ပါတယ်ဆိုမှ"

ဒေါ်မမကြီးက ဦးဆန်းလူကိုကြည့်ပြီး ပြုံးနေတယ်။

ဦးဆန်းလူက မနေတတ်တော့သလို လုပ်ပြရင်း . . .

"မင်း ငါ့ကို ချစ်ရည်ရွှမ်းလဲ့တဲ့ မျက်လုံးတွေနဲ့ မကြည့်ပါနဲ့ကွာ၊ အသက်တွေလဲ ကြီးကုန်ပြီ၊ စိတ်ကိုလျှော့ . . စိတ်ကိုလျှော့ . . "

"ရှင့်ကို သနားလို့ကြည့်နေတာ"

"အေးလေ. . မင်း ငါ့ကိုသနားတယ်ဆိုပြီး ယူခဲ့လို့ ကလေးတောင် ရနေမှပဲ ထပ်မသနားပါနဲ့ကွာ . . . နောက်တစ်ယောက်လဲ ရတော့မှာ မဟုတ်ပါဘူး . . . အသက်တွေလဲကြီးကုန်ပါပြီ၊ ဗုတ်းကိုင်ကြပါစို့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"တချပ်ပုတီးက ရှင့်သားဆီပါသွားပြီ . . . ရှင့် ပုဆိုးရော့ဲ"

"ဟာ, တူလို့ပါကွာ ချွတ်စွပ်တူတာဆိုပဲ၊ ငါ မနေ့ကပဲ အလျှော မြှန်လာပြီး ချွတ်ထားတာ"

"ဟုတ်တယ်လေ . . ရှင်ချွတ်ထားတုန်း သူစွပ်သွားလို့ ရှင့်ကို ချွတ် စွပ်လို့ ပြောသွားတာပေါ့ ကိုလူဆန်းကြီးရဲ့ . . ."

သွားရော . . .

ဦးဆန်းလူ ဘာပြောကောင်းမလဲ . . .

အိပ်ခန်းထဲ ကမျောသောပါး ဝင်ကြည့်တယ်။

ဟုတ်တယ်။

မနေ့ကမှ ချွတ်ပြီး ခုတင်ခြေရင်းမှာ တင်ထားတာ . . .

အခု မရှိတော့ဘူး။

တိုကောင် စွပ်သွားပြီ။

ချွတ်စွပ်ရဲ့အဓိပ္ပါယ်ကို အပြည့်အဝနားလည်သွားပြီး ဦးဆန်းလူ တင်းသွားတယ်။

"ဒေါ်မမကြီး . . လာစမ်းပါဦး"

ဒေါ်မမကြီးကို ခပ်မာမာ လှမ်းခေါ်တယ်။

ထူးထူးခြားခြား ဟိန်းထွက်လာတဲ့ခေါ်သံကြောင့် ဒေါ်မမကြီး လန့်သွားတယ်။

အပြေးလေး ဝင်သွားတယ်။

အဲဒါ ဒေါ်မမကြီးအမှားပဲ။

အသင့်စောင့်နေတဲ့ ဦးဆန်းလူက ဒေါ်မမကြီးကို ဆီးပွေ့ထား လိုက်တော့တယ်။

နောက် ဘာပြောတယ်မှတ်လဲ . . .

"သားမကောင်းရင် အမေ့ခေါင်းတဲ့၊ မင်းမှာ တာဝန်ရှိတယ်၊ ဒါကြောင့် မင်းကိုဒဏ်ခတ်ရမယ်"

ပြောရင်း တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မမကြီးက ရှက်ပြီး မျက်နှာကိုဖွက်ထားတယ်။

ဒေါ်မမကြီးက သူ့မျက်နှာကြီးကို ဘယ်နားမှာသွားဖွက်တယ် ထင်လဲ . . .

ဦးဆန်းလူ့ရဲ့ရင်ဘတ်ကြီးထဲ ဝင်ဖွက်ထားတာဗျ။

သွားရော . . .

နောက်ဆက်တွဲ အသံတွေကတော့ . . .

"မကြီးမငယ်နဲ့ . . ."

". . . . . . . ."

"လွှတ် . . ."

"မလွှတ် . . ."

". . . . . . . ."

"မရှုန်းပါနဲ့ . . ."

"ရှုန်းမှာပဲ . . ."

"အေးလေ . . . ရုံးမှာပဲ တက်လက်မှတ်ထိုးခဲ့ကြတာပဲဟာ"

"တော်ကြီး မကဲနဲ့နော် . . ."

"အော်ပြီးလဲတောင် မလွှတ်ဘူး . . ."

နှစ်ယောက်သား လုံးထွေးနေကြတုန်း အိမ်ဘေးက သီချင်းသံ ထွက်လာတယ်။

ဘာတဲ့ . . .

"ချစ် . . . မှာပဲ . . ."

". . . ချစ်မှာပဲ . . ."

"ချစ်မှာပဲ . . ."

အာ . . . ဒါ . . .

NO အခွေပဲ . . .

တစ်ခွေလုံး "ချစ်မှာပဲ" နဲ့ ချစ်နေတဲ့ အခွေပဲ။

ကိုင်း . . . ပြတ်ရော။

✔ ✔ ✔

ဝါသနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

မြို့တော်ရန်ကုန်ရဲ့ ဗဟိုချက်မှာရှိတဲ့ မဟာဗန္ဓုလပန်းခြံလမ်းပေါ်မှာ လူသုံးယောက်. . .။

အမှန်ကတော့ လူတွေအများကြီးပါ။ အဲဒီသုံးယောက်က ထူးခြား လွန်းလို့ ထင်ရှားနေကြတယ်။

ဘယ်သူတွေ ရှိရမှာတုန်း . . .

နိုးရိုးလူ . . .

တိုဇော် . . .

မင်းတာန် တို့ သုံးယောက်ပဲပေါ့။

သူတို့တ လိပ်စာကတ်ပြားလေးကိုင်ပြီး တိုက်ခန်းတွေကို ကြည့် နေကြတာ။

နာရီတာလည်း တကြည့်ကြည့်နဲ့ရယ်။

တုတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ရုံးချိန်းလာကြတာ။

အာမခံဖို့နှစ်ယောက်လည်း ပါတယ်။ သူတို့လည်း တက်ကြွနေကြတယ်။

လိပ်စာကတ်လေးတကြည့်ကြည့်နဲ့ သူတို့လိပ်စာကို ရှာမတွေ့ကြဘူး ဖြစ်နေကြလေရဲ့။

ရန်ကုန်မြို့မှာကလည်း ရှေ့နေတွေရဲ့ ရုံးခန်းနဲ့ ဆိုင်းဘုတ်တွေက ရှုပ်ယှက်ခတ်နေတာ။

"ဟော့, ဟိုမှာဖတ်စမ်း . . ဦးစောဝင်း အဖြောင်တဲ့၊ ဒီဦးစောဝင်းက ဘာမှအဖြောင်မပါဘူး"

"ဘယ်မှာလဲ . . ဟာကွာ . . ဘယ်ကလာ အဖြောင်ရမှာလဲ . . . အဖျောက်ပါ"

"မထူးပါဘူးကွာ . . ဖြောင်တာနဲ့ ဖျောက်တာ အတူတူပါပဲ"

"သူဟာသူ ဖြောင်ချင်ဖြောင် ဖျောက်ချင်ဖျောက် တို့အလုပ်မဟုတ်ဘူး . . . သူ့အလုပ်သူလုပ်ပါစေ၊ တို့အလုပ်က မဖြောင်တဲ့ရှေ့နေ ဦးစောဝင်းကို ရှာဖို့ပဲ"

"မဖြောင်တဲ့ရှေ့နေ ရှာဖို့ဆိုတာတော့ မလွယ်ဘူး၊ တချို့ရုံးတော်ရှေ့မှာ ဖြောင်ကွယ်ဖြောင့်ကွယ် ကွယ်နေကြရတာ၊ အလုပ်သဘောကိုး"

သုံးယောက်သား လိပ်စာကို လှည့်ပတ်ရှာရင်း မောနေကြပြီ။

မတွေ့သေးဘူးရယ်။

ဟိုကြည့်ဒီကြည့်ရင်း ခပ်လှမ်းလှမ်းမှာရပ်နေတဲ့ ရဲသားကြီးကိုတွေ့သွားတော့ . . .

"ဟော့, မသိရဲမေးတဲ့ကွ၊ တို့ရဲကြီးကို သွားမေးရအောင်"

ဆိုပြီး ရဲကြီးဆီ သုတ်သုတ်လှမ်းတယ်။

ရဲကြီးက ကွမ်းဝယ်နေတာ . . . သူတို့ကိုမမြင်ဘူး။

ရိုးလူက အနားကပ်သွားပြီး အားရပါးရခေါ် လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ . . ဆရာကြီး"

ရဲကြီးက လှည့်ကြည့်တယ်။

ဒီရဲကြီးတို့ မြင်ဖူးပါတယ်ဆိုပြီး ရိုးလူ စဉ်းစားတယ်။

ရဲကြီးကလည်း သူ့လိုပဲ သူ့ကိုမြင်ဖူးသလို ကြည့်နေကြတယ်။

သတိရသွားပြီ။

ဒါ . . ဒါ . . (စိုးမြတ်နန္ဒာ မဟုတ်ပါ)

ဆရာကြီး ပေစိ . , .

ရိုးလူ ကမန်းကတန်း ပြင်ဆင်ချက်ထုတ်တယ်။

ရုပ်သိမ်းလွှာ တင်တယ်။

"မှားလို့ . . မှားလို့ . . ဆရာ . . မ . . ကြီး . . သွားမယ်နော်

. . နေကောင်းတယ်မို့လား"

ရိုးလူ ခြေလှမ်းတွေ နောက်ပြန်လှည့်တယ်။

ဒါပေမယ့် နောက်ကျသွားပြီ။

ရဲကြီးက သူ့လက်ကို ဖမ်းဆွဲထားတယ်။

"ညီလေး . . ချွတ်စွပ်တူတဲ့ ညီလေး၊ ကိုယ်နဲ့ စခန်းလိုက်ခဲ့

...လား"

ရိုးလူ စိတ်ညစ်သွားတယ်။ သူ့အဖေပုဆိုးယူဝတ်လာတာ

...လိုလုပ်ပြီး ရဲက သိပါလိမ့်လို့တွေးရင်း မျက်စိမျက်နှာပျက်

...တယ်။

"အဖေ ဖုန်းဆက်လို့လား"

"အေးကွ . . ဆက်တယ်"

တိုက် . . သွားရော။ ပုဆိုးလေးယူဝတ်တာများ ရဲစခန်း

...တ် ရတယ်လို့။

"တိုင်ချက်ဖွင့်လား"

"ဖွင့်ထားပေါ့"

"ကျွန်တော် ဘာလုပ်သင့်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အာမခံလုပ်သင့်တယ်"

"အတော်ပဲ . . . သူငယ်ချင်းနှစ်ယောက်ပါတယ်၊ သူတို့အာမခံကြမှာ"

"ကောင်းတယ်၊ ဆယ်နာရီထိုးနေပြီ သွားကြတော့"

"ဘယ်သွားရမှာလဲ"

"ရုံးခန်းလေ . . မင်းကို ရှေ့နေမလေးက ရုံးခန်းမှာချိန်းထားတာမို့လား၊ ခုခေတ်လူငယ်တွေများ သမီးရည်းစားချိန်းတာကို နောက်တီး နောက်တောက်နဲ့"

"ဆရာကြီး ဘာတွေပြောနေတာလဲ"

"မင်းလဲ ဘာတွေကြောင်နေတာလဲ"

"အဖေ ဖုန်းဆက်တယ်ဆို"

"အေးလေ . . ."

"တိုင်ချက်ဖွင့်ထားတယ်ဆို"

"အေးလေ . . ."

"ပုဆိုးတစ်ထည်အတွက်နဲ့ ဖအေက သားကို ရဲတိုင်သင့်သလား"

"မင်း ဘာတွေပြောနေတာလဲ၊ ငါ့အဖေက သူ့ဆီက ငွေလိမ်သွားလို့ တိုင်ချက်ဖွင့်ထားတာ၊ ဘာပုဆိုးမှ မပါဘူး၊ သူ့သားရဲကို သူတိုင်တာ တိုင်သင့်တာပေါ့"

"ဟောဗျ. . ."

"ရှုပ်နေတာပဲ"

"မှားပြီထင်တယ်"

သုံးယောက်သား ပါးစပ်တွေပြသွားကြတယ်။

နောက်မှ ရဲကြီးပြောတာတခြား၊ သူတို့ပြောတာတခြားဖြစ်နေ မှန်း ရိပ်မိကြတယ်။ ဒီတော့မှပဲ သက်ပြင်းချနိုင်ကြတော့တာ

ရဲကြီး အကူအညီနဲ့ပဲ ဦးစောဝင်းတို့ရုံးခန်းကို ရောက်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရဲကြီးကိုယ်တိုင် လိုက်ပို့ပေးတာ။

"ညီလေး အပြန်ကျစခန်းဝင်ခဲ့ဦး၊ လက်ဖက်ရည်တိုက်ချင်လို့"

"ဟုတ်ကဲ့ ဆရာကြီးကွာစိ"

"ပေစီပါကွ"

ရဲကြီးက တဟဲဟဲလုပ်ပြီးထွက်သွားတယ်။

ရိုးလူကို သိပ်ခင်တဲ့ပုံပဲ။

သူ့ညီမရှိရင်တောင် ပေးစားဦးမလားမသိ။

"လာကွဲ့ . . . ထိုင်ကြဦး"

ရှေ့နေကြီး ဦးစောဝင်းက ရိုးလူတို့သုံးဦးလုံးကို ထိုင်ခိုင်းလိုက်တယ်။ ရိုးလူတို့လည်း ဧည့်သည်တွေထိုင်ဖို့ ချထားတဲ့ ဆက်တီမှာဝင် ထိုင်ရတော့တာပေါ့။

အခန်းထဲမှာ ဆရာဦးစောဝင်းတစ်ယောက်ထဲရယ်။

ဒေါ်အိမွန်သည်းပိုဇော် L.L.B
အထက်တန်းရှေ့နေ

ဆိုတဲ့ ဆိုင်းဘုတ်လေးတော့ရှိတယ်။ စားပွဲနဲ့ ကုလားထိုင်လည်းရှိတယ်။ မရောက်သေးတာပဲဖြစ်မှာ။

ရှေ့နေကြီး ဦးစောဝင်းကတော့ သူတို့ကိုထိုင်ခိုင်းပြီး ဖုန်းလေးတို ကိုင်လို့ ဖုန်းဆက်နေလေရဲ့။

"ဟဲလို. . ဆရာချစ်ကိုကိုယူလား၊ ကျွန်တော် အကူအညီတောင်းချင်လို့ပါ၊ ဒီလို ဆရာရေ. . ကျွန်တော့်မှာအမှုတွေများပြီး ခေါင်မနင်းဖြစ်နေတယ်၊ အဲဒါ ရွှေဘုံသာလမ်းက စိန်မှုတစ်မှု ဆရာ့ကို လွှဲချင်လို့ . . ၊ ဟုတ်တယ်. . သိန်းနှစ်ထောင်ဖိုးလိမ်ထားတာ၊ ရှေ့နေခကာ သိန်းငါးဆယ် ဆရာ့ကို အကုန်လွှဲလိုက်မယ်လေ၊ ထဲ. . ဟဲ. . ရပါတယ်၊ ဆရာ အကုန် သောက်မပစ်နဲ့ဦး၊ ရပါတယ် ဆရာရယ်. . ဆရာတို့ စာရေးဆရာ ရှေ့နေတွေကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လေးစားပါတယ်၊ တာ. . ဆရာ့ကို နှစ်လုံးသောက် လူမိုက်ဆိုတာ ကျွန်တော်ပြောတာမဟုတ်ပါဘူး . . ဟိုစာရေးဆရာအုပ်စု ထဲက နန္ဒာမိုးကြွယ်တို့ ပြောနေတာ ကျွန်တော်ကြားခဲ့တာ၊ ကျွန်တော် အလီဘိုင်ပြရမလား . . ကောင်းပြီဆရာ. . သိန်းငါးဆယ်ပို့ခိုင်း လိုက်ရမလား . . ဆရာ့ဝတ္ထု နှလုံးလှလူမိုက် ရုပ်ရှင်ရိုက်တာ အတယ်ဒမီတွေရသွားပြီ. . ဆရာကျတော့ မေ့ထားတဲ့ကိစ္စကို အစာမကြေဘူးဆရာ. .၊ ဒါကြောင့် တီဗီကြော်ငြာမှာ လျက်ဆား တွေစွတ်ကြော်ငြာတာတွေနေမှာ၊ ဆရာကိုယ်တိုင်ရေးပြီး တစ်ကား လောက်ရိုက်ပါလား၊ ဒါမှ သိန်းငါးဆယ် ပြတ်မှာ၊ ဒါပဲနော်. . .”

ဦးစောဝင်းဖုန်းပြောနေတုန်း လူနှစ်ယောက်ဝင်လာတယ်။

ဦးစောဝင်းက ခဏနေဦးသဘောနဲ့ လက်ကာပြလို့ ရပ်နေကြ ရတယ်။

အဲဒီလူတွေက အိတ်ကိုယ်စီနဲ့၊ ဝန်ထမ်းတွေနဲ့ တူပါရဲ့။

ဖုန်းပြောနေတဲ့ ဦးစောဝင်းကို ကြည့်လိုက်. . .

သူတို့ချင်း တစ်လှည့်စီကြည့်လိုက်နဲ့ စိတ်ရှုပ်နေကြပုံပဲ။

ဦးစောဝင်းကတော့ အေးဆေးပဲ။ ဖုန်းကို ဂွပ်ခနဲချပြီးမှ ဟန်ပါပါနဲ့ မေးလိုက်တယ်။

“ဘာကိစ္စရှိကြပါသလဲ”

“ဟုတ်ကဲ့ . . ဆရာ ဖုန်းပျက်နေတာ လာပြင်တာပါ၊ ဆရာ ဖုန်း ပြင်ပေးဖို့ အကြောင်းကြားထားတယ်မို့လား . .”

သွားရော။

ဦးစောဝင်းမျက်နှာကြီး နီရဲသွားတယ်။

ဒါပေမယ့် . . .

ဝါရင့်ရှေ့နေပဲလေ . . . ဘယ်ရမလဲ။

သူ့ကိုငေးကြည့်နေကြတဲ့ ရိုးလူတို့ကို မသိမသာလှမ်းကြည့်ပြီး ဘာပြောတယ်မှတ်လဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်, ဟုတ်သားပဲ ဖုန်းက ကြောင်နေတာ၊ ရချင်လဲရလို့ မရတာများတယ်၊ ခုလေးပဲ ဖုန်းခေါ်တာရလို့ စကားပြောလိုက်သေးတာ၊ ကြည့်လေ. . လိုတာပြင်ပေးပါ"

"ဟုတ်ကဲ့ ဆရာ"

ဖုန်းဆရာနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြတယ်။

တစ်ယောက်က ဖုန်းဆီကို မေးဆတ်ပြတယ်။

တစ်ယောက်က ဖုန်းကို ကောက်ကိုင်ပြီး နားမှာကပ်ကြည့်တယ်။ မဲ့တယ်။

တစ်ယောက်က လှမ်းကြည့်ရင်း ဘယ်လိုလဲလို့ အမူအရာနဲ့ မေးတော့ ဖုန်းကိုင်ထားတဲ့ ဆရာလေးက ခေါင်းယမ်းပြတယ်။

ဆရာကြီး ဦးစောဝင်းကတော့ တဟဲဟဲနဲ့။ လူကြီးရှက်တော့ ရယ်တာပေါ့။

ဖုန်းပဲ ကြောင်တာလား။ လူပဲ ကြောင်တာလား။

တစ်ခုခုကြောင်တာတော့ အမှန်ပဲ။

ထိုစဉ်မှာပဲ. . .

"ရှပ်. . ရှပ်. . "

"ရှပ်. . ရှပ်. . "

ရှပ်လိုက်စီးလာတဲ့ ဖိနပ်သံကြောင့် အသံကြားရာဘက်ကို ကြည့် ကြတယ်။

တိုတ်တယ်။

တတ္တီပါပုံတော်ဖိနပ်ကြီးကို ရှပ်တိုက်စီးလာတာ ရွှေနေမလေး အိမ္ဘန်သည်းပိုဇော်ပဲ။

ဖိနပ်က ခုံမြင့်ကြီး။ ခုံမြင့်စီးရတာ အကြောင်းရှိတယ်။ သူက အရပ်ပုတယ်။ ရွှေနေအရပ်ပုတာ ကြည့်မကောင်းဘူး။ တရားရုံးမှာ ချို့က သူ့ကိုကလေးမှတ်လို့ ခေါင်းပုတ်မှတ်သွား

www.burmeseclassic.com



ကြတယ်။

ရွှေနေကြီး ဦးစောဝင်းက သူ့ရဲ့တူမလေးကို ခေါ်လာတယ် မှတ်ကြတာ။ နောက်မှ ရွှေနေမလေးမှန်း သိသွားကြတာ။

အိမွှန်သည်းပိုဇော် ဆိုတာလား။

တကယ် ညိုချောလေးပါ။ ပြောစရာဆိုလို့ အရပ်နည်းနည်း ပုပြီး နှုတ်ခမ်းလေး နည်းနည်းလန်နေတာပဲရှိတယ်။

ဒါကလည်း ပြဿနာမရှိပါဘူး။ အရပ်ပုတာ ဖိနပ်မြင့်နဲ့ ကာကွယ် လို့ရတယ်။

နှုတ်ခမ်းလန်တာကလည်း ပါးစပ်စေ့ထားရင် ဘာမှပြဿနာ မရှိပါဘူး။ ရိုးရိုးတန်းတန်းပြောလည်း ပြဿနာမရှိပါဘူး။

အဲ. . စွာလန်စွာလန်. . ပွစိပွစိ လုပ်ရင်တော့ နှုတ်ခမ်းလန် တာ ပေါ်ရော။

"မေမေက တို့ကိုယ်ဝန်ရှိတုန်းက ကော်ဖီတွေလိမ့်သောက်၊ အင် ဗရွှန် အားဆေးတွေထိုးတော့ တို့အသားညိုသွားတာပေါ့၊ နှုတ်ခမ်းလန် တာကတော့ နို့ဘူးကြောင့်တဲ့ကွာ"

အဲဒါ သူပေးတဲ့ဆင်ခြေပဲ။

"ဟုတ်လား . . အသားက ဒီလောက်လဲ မညိုပါဘူး၊ ကပွလီ တွေထက်စာရင် ဖြူသားပဲ"

"အေးလေ. . မင်း နှုတ်ခမ်းလန်တယ်ဆိုတာ တို့တောင်မသိ ဘူး၊ မင်းပါးစပ်မဟရင် မလန်ပါဘူး"

သူငယ်ချင်းတွေကလည်း အဲဒီလို အားပေးကြသေးတာ။ ပြောမယ့် သာပြောကြတာ . . . အိမွှန်က လှတာအမှန်ပါပဲ။

ကိုယ်လုံးလေးလည်းလှ၊ မျက်ခုံးလေးလည်းလှ၊ နှာတံလည်း ပေါ်။

ခါးလေးကလည်း ကျဉ်။

တင်လေးကလည်း ဖွံ့။



www.burmeseclassic.com

www.burmeseclassic.com



မဟူရာ (ငှက်ဖျား)အဲလေ. . မှားလို့ . . မဟူရာရောင်ဆံဝင်တလည်း တင်ပါးထိကျအောင် ရှည်လျားလှတာ။

တကယ် . . .။

"ရှင်တို့ ရောက်နေကြပြီကိုး"

"ဟုတ်ငှဲ . . . အခုပဲ ရောက်ပါတယ်၊ ပြင်နေပါပြီ ကောင်းသွားမှာပါ"

အိမ့်မွန်သည်းပိုဇော်က ရိုးရိုးလူတို့ကို ပြောတာ။

အဲဒါကို ဖုန်းဆရာဆန်းဆန်းလူတွေက သူတို့ကို ပြောတယ်မှတ်ပြီး ပြန်ပြောနေတာ။

"ဘာဘာဆရာ. . ဒါ သမီးပြောတဲ့ ကဗျာဆရာ ရိုးရိုးလူပဲ၊ ဟိုနှစ်ယောက်က အစမခံလုပ်ဖို့ခေါ်လာတာလား"

အိမ့်မွန်က ဦးစောဝင်းကိုပြောရင်း တစ်ဆက်တည်း ရိုးလူတို့ကိုပါ ပြောလိုက်တာ။

ဟိုက စကားမဆုံးသေးဘူး။ ကိုဇော်က . . . .

"ဟုတ်ကဲ့. . အာမခံမလို့ လိုက်လာတာပါ၊ ဒီကောင်နဲ့ပတ်သက်လို့ ကျွန်တော်အာမခံရဲပါတယ်၊ အိမ်ထောင်မရှိ လူပျိုပါ"

လို့ ထကစ်တော့တာ။

ရွှေနေမလေးမျက်နှာ ညိုသွားတယ် (နဂို ညိုပါဗျာ)

"ရှင့်ကို ဘယ်သူက ဘာမေးသေးလို့လဲ၊ အပြောအဆို ဆင်ခြင်ပါနော်၊ စကားများရင် ပုဒ်မတပ်ပြီး တရားစွဲလို့ရတယ်"

ကိုဇော် ငြိမ်သွားတယ်။

မင်းဟန်ကတော့ ရွှစိရွှစိဖြစ်နေတယ်။

သူလည်းရွှေနေမလေးကိုကြည့်ပြီး တစ်ခုခုပြောချင်ပုံပဲ။

မအောင့်နိုင်ဘူး။

ပြောပြီ. . .။

"ဒီလိုပါခင်ဗျာ. . သူငယ်ချင်း ရိုးရိုးလူက သူ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေးရှေ့မှာ အာမခံပေးဖို့ ခေါ်လာလို့ပါ၊ ဆရာမလေး အရမ်းချောကြောင်း သူပြောတာမယုံလို့ လိုက်လာတာ အခုမှ ငါးမြွေထိုးရဲ့တူမဖြစ်နေတာ ကိုယ်တွေ့မြင်ရလို့ ယုံပါပြီ၊ ပြောချင်တာကတော့ ရိုးရိုးလူအတွက် အာမခံပါတယ်၊ လူဖျိုစစ်ပါတယ်"

မင်းဟန်စကားကြောင့် ဦးစောဝင်းပါ တင်းသွားတယ်။

"ဟေ့ကောင် မင်းပြောပုံက ငါဟာ ငါးမြွေထိုးဖြစ်နေပြီကွ၊ ဝတ်လုံတော်ရမင်းကို မင်းတို့မှိုပြောရဲတယ်၊ တရားစွဲလိုက်ရရင်တော့လား . . ဟင်း ဟင်း . . ."

ဦးစောဝင်းတင်းသလို အိမွန်ကလည်းဖောင်းနေပြီ။

ဒေါ် . . . ဒေါ် . . .

"ရှင်တို့ကို ရုံးခန်းခေါ်ထားတာ စော်ကားဖို့မဟုတ်ဘူး၊ တောင်း ပန်ဖို့ . . ကဲ, တောင်းပန်ဖို့ပြင်ပါ၊ တောင်းပန်ပြီးရင် ပြန်ကြ"

"အေးအေးဆေးဆေးပေါ့ဗျာ . . တဝကြီးကို တောင်းပန်မှာပါ . . မတောင်းပန်ခင် ကတိအတိုင်း ကဗျာတစ်ပုဒ်ရွတ်ပြပါရစေဦး"

ရိုးရိုးလူက မှင်ကြီးနဲ့ပြောတာ။

ရိုးရိုးလူကဗျာရွတ်မယ်ဆိုတော့ ဖုန်းဆရာနှစ်ယောက်က ဖုန်းပြင်ရင်း တိုးတိုးပြောကြတယ်။

"ဟေ့ကောင် . . ကဗျာရွတ်ပွဲရှိတယ်ကွ၊ ကြုံတုန်း နားထောင်သွားရအောင် အချိန်ဆွဲပြင်"

"အေးကွ . . ကဗျာဆရာ ရိုးရိုးလူတဲ့၊ ငါတော့ မကြားဖူးဘူး . . ၊ မင်းကော . . ."

"ဟင့်အင်း"

"ဘာပဲဖြစ်ဖြစ် အလကားနားထောင်ရမှာပဲဟာ၊ အရှုံးမရှိပါဘူး"

ဖုန်းဆရာနှစ်ယောက် ကွက်ကြည့်ကွက်ကြည့်နဲ့ တွတ်ထိုးနေ



www.burmeseclassic.com

www.burmeseclassic.com



တာတို အိမ္ဗနံကမြင်တော့ လှမ်းဟောက်တယ်။

"ဖုန်းဆရာတွေ ကိုယ့်အလုပ်ကိုယ်လုပ်ပါ၊ မဆိုင်တာတို
င်မပါ ချင်ပါနဲ့၊ တာဝန်ပေါ့လျော့မှုနဲ့ တိုင်ချက်ပို့ခံချင်လို့လား"

"မလုပ်ပါနဲ့ ဆရာမရယ် ဖုန်းပဲပြင်ပါ့မယ်၊ နားရွက်ကြီးက
သူတာသူ ထောင်နေတာတော့ မတတ်နိုင်ဘူးနော်"

ဒီလောက်ခြိမ်းခြောက် ဟိန်းဟောက်နေတဲ့ကြားက အငေါ်
တူး ဖြစ်အောင်တူးလိုက်သေးရဲ့။

"ကဲ၊ အိမ္ဗနံ ညည်းစထားတဲ့ဇာတ်လမ်း . . ဘယ်လိုဖြတ်မှာ
လဲ"

"သူတို့ကို မတ်တတ်ရပ် လက်ပိုက်ပြီး တောင်းပန်ခိုင်း
မယ်လေ"

"ကောင်းတယ် . . ကဲ၊ ဟော့ကောင်တွေ ကြားလား . .
အားလုံး မတ်တတ်ရပ်"

ရိုးရိုးလူတို့သုံးယောက်သား ပြိုင်တူထရပ်လိုက်ကြတယ်။
မဆီမဆိုင် ဖုန်းဆရာနှစ်ယောက်ကပါ ရောယောင်ပြီး ရပ်နေ
ကြတယ်။

အိမ္ဗနံသည်းပိုဇော်က လက်ပိုက်ပြီး မျက်နှာမော့ထားတယ်။
ဦးစောဝင်းက စားပွဲကိုလက်ထောက်ပြီး ကြည့်နေတယ်။
သူကပဲ အမိန့်ပေးရမှာ။

"ကဲ၊ မနေ့က ငါ့တူမကိုဝင်တိုက်ပြီး မတောင်းပန်ဘဲ စော်ကား
ခဲ့တဲ့ ရိုးရိုးလူတောင်းပန်ပါ၊ ကျန်တဲ့သူတွေ နားထောင်ပါ"

ဦးစောဝင်းစကားဆုံးတော့ ရိုးရိုးလူက နှုတ်ခမ်းကို လျှာနဲ့
သပ်တယ်။ ပြောတော့မယ်ပေါ့။

"ဟုတ်ကဲ့ . . . ကျွန်တော် ရွှေနေမလေးကို မိသားဖသားပီပီ
တောင်း . . တောင်း . ."

"ဘာပြောတယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



"တောင်းပန်ပါမယ်လို့ ပြောတာပါ၊ လမ်းမှာလျှာဆီ ပိတ်သွားလို့"

"တောက်. . နောက်တစ်မှုထပ်တိုးချင်ပြီ ထင်တယ်၊ ဒီတစ်ခါဆို သုံးယောက်လုံးကို တရားစွဲမှာ"

အိမ္ဗွန်သည်းပိုဇော်စကားကြောင့် အားလုံးတွန့်သွားကြတယ်။

ဖုန်းဆရာတွေပါ ရောတွန့်သွားတာ။

"မလုပ်ပါနဲ့ ခင်ဗျာ၊ သူတို့ဟာ လူရိုးတွေပါ၊ ကျွန်တော်ခေါ်လို့လိုက်လာရတာပါ၊ ငနိုင်အလေးတွေပါ၊ ဒွေမယူပါနဲ့၊ ကျွန်တော်ကိုယ်တိုင် ရေးစပ်ထားတဲ့ ကဗျာလေးကိုရွတ်ပြပြီး အခမ်းအနားကို ရုပ်သိမ်းပါ့မယ် ခင်ဗျာ. . ."

ဘယ်သူမှ တားချိန်မရလိုက်ဘူး။

နားထောင်ချင်လား နားမထောင်ချင်လားလည်း မသိဘူး။

ရိုးရိုးလူက ကဗျာကို စတင်ရွတ်ဖတ်နေပြီလေ။

*"ကဗျာခေါင်းစဉ်လေးကတော့ . . .*

*ချစ်လို့ချော့တာ မဟုတ်ပါ. . . တဲ့ . . ."*

*"နားဆင်ကြပါခင်ဗျာ"*

သံနေသံသားနဲ့ သူ စတင်ရွတ်ဆိုနေပြီ။

တစ်ကိုယ်တော်ကဗျာရွတ်ပွဲ ကျင်းပနေသလားပဲ။

*နံနက်ခင်းရဲ့ နေရောင်ခြည်အောက်မှာ*

*ဖျတ်ခနဲဆို . . .*

*အချစ်ကလေး ဖြတ်ပြေးသွားလေရဲ့ . . .။*

*သိပ်လှတယ် အချစ်ရယ်. . .*

*သိပ်ချော့တာပဲ. . .*

*ငါးရဲ့လည်း ငို . . . ငါးရှဉ့်ငိုနဲ့ . . .*

*မြွေလေးတွေလည်း ငိုကုန်တယ်. . .*

*ငါးမြွေထိုးကတော့ ပြုံးမလိုလို . . ငိုမလိုလိုနဲ့ . . .*



www.burmeseclassic.com

www.burmeseclassic.com



သူတို့ စကားတစ်ခွန်းပဲ ပြောသွားနိုင်ကြတယ်. . .
"တို့ အရှုံးပေးပါပြီကွာ. . . တာ့တာ" တဲ့။
သူတို့အားလုံး . . .
မျက်ရည်စက်လက်နဲ့ . . .
ဟင်းအိုးထဲ ဝင်သွားကြတယ်. . .
အဲဒီ ဟင်းအိုးတစ်အိုးလုံး
မင်း စားပစ်လို့ . . အချောတွေစုနေတာလား . . .
ဘာပဲဖြစ်ဖြစ် . . .
မင်းကို ငါ ချစ်တယ်. . .
ငါ့ကို ပြန်မချစ်ပါနဲ့ . . .
အလုပ်ရမှ ဆက်သွယ်မယ်. . ဘိုင့် . . ဘိုင် . .

ရှိုးရှိုးလူ

"ဖြောင်း . . ဖြောင်း . . ဖြောင်း . ."
"ဖြောင်း . . ဖြောင်း . ."

ကဗျာဆုံးတော့ ဝိုင်းလက်ခုပ်တီးကြတယ်။ ဦးစောဝင်းတို့ တူဝရီး ကလွဲလို့ပေါ့။

ဦးစောဝင်းကတော့ လူကြီးပီပီ ခပ်တည်တည်ပဲ။

သူ့တူမ ဆတ်ခောာ့လို့ ဖြစ်တာဆိုတော့ ဘာမှဝင်မပြောတော့ ဘူးရယ်. . .။

ပြောတာကတော့ ဖုန်းဆရာနှစ်ယောက်ပဲ။ ကိုယ့်ဖုန်းကိုယ် မပြင်ဘဲ ဝင်ပြောနေကြတာ။

"ကဗျာက မိတယ်ကွာ"

"အေးကွ. . . ရုံးခန်းထဲမှာ ကဗျာရွတ်ပြီး ရည်းစားစကားပြော သွားတာကွ၊ ပိုင်တယ်နော်. . ."

"ဒါပေမယ့်ကွာ. . သူ့ကဗျာကြီးက နားထောင်သူ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကျန်ခဲ့ရမှာ၊ ပြောပြီး ဒိုးရော၊ အလုပ်ရအောင်ပဲ



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရမလိုလို. . ဒါမှမဟုတ် အလုပ်ပဲ ရှာပေးရမလိုလိုနဲ့”

“အဲဒါ ရသကွ. . ရသ. .”

“ငါးအစုံပါလို့လား”

“အဲဒီငါးတွေ စုပြုံဝင်သွားတဲ့ ဟင်းအိုးကြီးပဲ သွားရည်ကျ သကွာ”

သူတို့ ပြောချင်ရာပြောနေတာ . . .

အိမ့်ဒါဖေါ်င်းပြီး မျက်စောင်းခဲနေတာ မမြင်ကြဘူး။

“ရှင်တို့ ဘာတွေပြောနေကြတာလဲ၊ အခု ထွက်သွားကြတော့”

“အန်. . ဖုန်းက မရသေးဘူးလေ”

“မရလဲ ထားခဲ့တော့ . . .”

ဖုန်းဆရာနှစ်ယောက် ကုပ်ချောင်းကုပ်ချောင်းနဲ့ ထွက်သွားကြ ရတယ်။

“ကျွန်တော် ဝန်ချတောင်းပန်ပါတယ်ခင်ဗျာ”

“ဘဘဆရာကိုလဲ ကန်တော့ပြီးတောင်းပန်ပါတယ်၊ လွန်တာ ရှိရင် ဝန္ဒာမိပါ ခင်ဗျား”

သုံးယောက်သား ထိုင်ကန်တော့လိုက်ကြတာ ဖင်ကိုထောင်လို့ . .

ဒီလိုကန်တော့ပြီး တောင်းပန်တော့လည်း ဦးစောဝင်း ကျေနပ် ပီတိဖြစ်ရပြန်ရော။

“ဟေး . . ဟေး . . လူယဉ်ကျေးလေးတွေပဲ၊ ရိုးလွန်းလို့ ရိုးရိုးလူ လို့ နာမည်ပေးထားတာဖြစ်မှာ. .၊ မလွန်ပါဘူး အပျို လူပျိုတွေပဲ၊ မင်း လူပျိုတော့ စစ်တယ်မဟုတ်လား”

“ဟုတ်. . ဟုတ်ကဲ့ စစ်ပါတယ်၊ နောက်တစ်ခါလာရင် ရပ်ကွက် ထောက်ခံစာ ယူခဲ့ပါ့မယ်ခင်ဗျာ”

“မလာနဲ့ . . လာစရာမလိုဘူး၊ ရှင်တို့ ကိစ္စပြီးပြီး ရော့ ကတ်ပြား ရှင်တို့ပြန်တော့၊ ဘဘဆရာကလဲ ဘာတွေလျှောက်



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာလဲ၊ ရွှေနေငှာအမှု ထောင်လုံးလုံးကျတော့တာပဲ"

အိမွန်က ရှက်ရှက်နဲ့ ကတ်ပြားလေးကို စားပွဲပေါ်ပစ်တင်ပေးလိုက်တယ်။

ရိုးရိုးလူက ဘာမှမပြောတော့ဘဲ စိတ်မကောင်းဟန်နဲ့ ကတ်ပြားလေးကို ကောက်ယူလိုက်တယ်။

မျက်နှာထားတင်းမာနေတဲ့ အိမွန်သည်းပိုဇော်ကိုကြည့်ပြီး ရင်ထဲက လှိုက်မောမှုတွေနဲ့အတူ စကားလေးတစ်ခွန်းပြောလိုက်တယ်။

"ကျွန်တော် တကယ်ပဲ တောင်းပန်ပါတယ်ခင်ဗျာ" တဲ့။

တောင်းပန်ခြင်းနဲ့အတူ ကျောခိုင်းလို့ထွက်ခွာခဲ့တယ်။

ကိုဇော်နဲ့ မင်းဟန်လည်း ရွှေ့နေမလေးကိုလှည့်ကြည့်ရင်း အခန်းထဲက ထွက်လာကြတယ်။

အခန်းထဲမှာ ဦးစောဝင်း ခေါင်းကြီးယမ်းရင်း ရှိနေတယ်။

အိမွန်သည်းပိုဇော်ကတော့ . . .

ရှက်စိတ် ဒေါသစိတ်နဲ့အတူ သောကမကင်းတဲ့ မျက်နှာလေးနဲ့ ကျန်နေတယ်။

သူတို့သုံးယောက် အခန်းထဲက ပြန်ထွက်သွားကြပြီ။

မထွက်ခင်လေးမှာ ရိုးရိုးလူက ဘဏ်တျာစာရွက်လေးကို စားပွဲပေါ်မှာ တင်ထားခဲ့တယ်။

ပြီး . . .

အိမွန်သည်းပိုဇော်ကို သမင်လည်ပြန် လှည့်ကြည့်ရင်း အရွှေ့ရွှေ့ လျှောက်လှမ်းနေတယ်။

အားလုံးရဲ့မျက်နှာများကတော့ ပြုံးမယောင်ညိုနေတဲ့ မိုးနယ်ငါး

ရုပ်ရှင်ထဲမှာဆိုရင်တော့ စလိုးမိုးရှင်းပြကွက်ပေါ့။

အခုတော့ ကိုယ့်ဖာသာကိုယ် ပုံဖော်ကြည့်ကြပေတော့. . .။

ဝါသနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ . . .
ရိုးရိုးလူ . . .
တဖြည်းဖြည်း ဝေး . . ဝေး . . သွားပြီ။
လွတ် သနားဖို့ကောင်းလိုက်လေခြင်း . . . ။
ရွတ် . . . . .

✔ ✔ ✔



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"အိမွန်..ကောင်မ.. ညည်းမတရားဘူး"

"ဟုတ်တယ် မင်းလွန်တယ်..၊ မင်း သူ့ကိုခေါ်ပြီး နှိပ်စက်သလို ဖြစ်နေပြီ"

"ဟုတ်သားပဲ ...မမလွန်တာပေါ့ ...မသကာဆို ရစ်ချင်လဲ နည်းနည်းပါးပါး ရစ်လိုက် ပြီးတဲ့ဟာကို .. အခုတော့ ပွဲပြတ်ကြီး"

အခုလို ဝိုင်းပြောနေတာကတော့ အိမွန်သည်းပိုဇော်ရဲ့ သူငယ်ချင်း နှစ်ယောက်ဖြစ်တဲ့ မိုးနဲ့ ဖြူတို့ပဲ။

တစ်ယောက်တော့ သိတယ်မို့လား ...

ညီမချော အေးမို့မို့ဇော်။

ဒီနေ့ရုံးပိတ်ရက်မို့ သူတို့အိမ်မှာ မုန့်ဟင်းခါးချက်စားကြတာ။ ဖေဖေနဲ့ မေမေကတော့ ဥပုသ်နေ့ဖြစ်လို့ ဘုန်းကြီးကျောင်း



www.burmeseclassic.com

www.burmeseclassic.com



သွားဖို့ ပြင်နေကြပြီ။

"သမီးရေ. . သားကြီးနဲ့ သားငယ်တို့လာရင် အောင်သုခ ကျောင်း ကိုလိုက်ခဲ့ကြလို့ . . ဖေဖေတို့ကျောင်းမှာ ဥပုသ်သွား အိပ်. . အဲ, ဥပုသ် သွားစောင့်တယ်လို့"

ဦးဇော်မောင်က သမီးတွေကို မှာနေတာ။ ဒေါ်မူမူကတော့ ထွက်ကာနီး ကလစ်ရှာရ၊ ချိတ်ရှာရနဲ့ ပျာယာခတ်နေတယ်။

"ဥပုသ်နေ့မို့လို့ မပြောချင်လို့လဲမရဘူး၊ ငါထားရင် ထားတဲ့ နေရာမှာမရှိဘူး၊ လိုချင်ရင် ရှာရပြီ၊ ဖအေကြီး လမ်းထိပ်ကဆိုင်မှာ ပိုက်သွားဝယ်ခဲ့ဦး"

"ဟာကွာ. . ဥပုသ်နေ့ကြီး ကွန်ပစ်မလို့လား၊ မလုပ်ပါနဲ့ကွာ"

"တော်, ပေါက်ကရတွေ ပြောမနေနဲ့၊ ဆံပင်အုပ်ဖို့ ပိုက်အနက် ကိုပြောတာ၊ ထားရင်ထားတဲ့နေရာမရှိဘူး၊ ဘယ်လိုမှ စည်းကမ်း တိုင်လို့ မရဘူး၊ ကျွန်မမရှိမှ ရှင်တို့သားအဖေတွေ သိမယ်၊ ရှင့်သမီး တွေကို အလို မလိုက်နဲ့"

"ငါ မျက်ရည်စမ်းစမ်း ကြက်သီးဖြန်းဖြန်းဖြစ်မယ် မဟုတ်လား"

"ရှင် သိရင်ပြီးတာပဲ၊ ကျုပ်သားနှစ်ယောက် ဘယ်လောက် အပိုးကျိုးလဲ၊ အိမ်ထောင်ကျပြီး အိမ်ခွဲသွားတာတောင် ပိတ်ရက်ဆို မအေဆီ ပုံမှန်လာကြတယ်၊ တော့်သမီးတွေများ ယောက်ျားရသွားရင် ရှင့်ကို လှည့်ကြည့်ဖော်ရမှာတောင် မဟုတ်ဘူး"

"အဲဒီတော့ ငါက မျက်ရည်စမ်းစမ်း ကြက်သီးဖြန်းဖြန်း ဖြစ်မယ်မဟုတ်လား"

"သိ ပြီးတာပဲ၊ စကားများမနေနဲ့ သွားပါ. . ပိုက်သွားဝယ်. ."

"ဟောဗျ. . စကားများတော့ သူက. ."

ဦးဇော်မောင် ခေါင်းကုတ်ပြီး ဆင်းသွားတယ်။ ဦးဇော်မောင် ကို ကြည့်ပြီး အိမ်မှန်သူငယ်ချင်းတွေက မှတ်ချက်ချကြတယ်။

"အိတို့အဖေက မိန်းမတော့ ကြောက်ပုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထပ် . . ဘယ်က ကြောက်ရမှာလဲ၊ ကြောက်ချင်စရာ ဒုတ္တာယောင် ဆောင်နေတာ၊ ဖေဖေက လူရှုတ်၊ ပရိုက်ကြီး ဆယ့်တစ်သုတ် အကုန်ရတယ်"

အိမ္မွန်ပြောတာကို အေးမို့မို့ဇော်ကလည်း ထောက်ခံတယ်။

"ဟုတ်တယ် . . မမမိုးရဲ့၊ ဖေဖေက နားအေးပြီးရောဆိုပြီး ဘာပြောပြော ဟုတ် . . ဟုတ် . . နဲ့ လုပ်နေတာ၊ တကယ်တမ်းတော့ မေမေ ဘာပြောမှန်း ဖေဖေမသိဘူး၊ မေမေကပူဆာရင်လဲ ဘာတစ်ခုမှ မငြင်းဘူး အင်းပဲ . . ဝယ်ပေးမယ်ပဲ"

"ဝယ်ပေးလား"

"တစ်ခါမှ ဝယ်ပေးတာ မမြင်ပေါင်၊ မေမေကတော့ ဖေဖေ အင်းဆိုရင် ကျေနပ်နေတာပဲလေ"

"ဒါဆို အိတို့ဖေဖေက လူလည်ကြီးသားသမီးပေါ့"

"မဟုတ်ဘူး . . လူလည်ကြီး ဘိုးအေ"

"ခစ် . . ခစ် . . "

"ဟဲ့ . . ဘာလုပ်နေကြတာလဲ၊ ဖအေကြီး ပိုက်သွားဝယ်ကြတော့ အလိုက်သိသိ သမီးတို့သွားဝယ်ပေးမယ် မရှိဘူး၊ မေတ္တာသုတ်ကျက်ပါဆို ဘာလုပ်နေကြတာလဲ"

ဒေါ်မူမူ လှမ်းမာန်လိုက်တော့ အားလုံးဇက်လေးတွေ ပုသွားကြတယ်။ လျှာလေးတွေ တစ်လစ်ဖြစ်လို့။

"ဟဲ့ ငါပြောနေတာကိုရော ကြားရဲ့လား၊ ဥပုသ်နေ့ကြီးမှာ စုပြီး အတင်းအဖျင်းတွေ မပြောကြနဲ့၊ မေတ္တာသုတ်ကို ကျက်ထားကြဆို"

"ဟုတ်ကဲ့ . . မေမေ၊ သမီးတို့ မေတ္တာစာဖတ်နေတာပါ"

"မို့မို့ ဘာပြောတယ်"

"မေတ္တာသုတ်စာအုပ်ဖတ်နေတာလို့ ပြောတာပါ မေမေ. စကားလုံး ကျန်သွားတာ ခွင့်လွှတ်ပါ၊ သမီးက စာဖတ်ချင်အားကြီး



www.burmeseclassic.com

www.burmeseclassic.com



သွားလို့"

"ဘာစာလဲ. ."

"မေတ္တာစာ. . အဲ, ဟုတ်ပေါင်. . မေတ္တာသုတ်လေ မေမေရဲ့"

အေးမို့မို့ဇော်က ပခုံးလေးတွန့်ပြီး ပြောနေတာ။

ဒေါ်မူမူက အိပ်ခန်းထဲက ထွက်မလာသေးလို့ တော်သေးတာ။

ဒေါ်မူမူလား။ ဒီလိုပါပဲ။ အပြင်တစ်ခါထွက်မယ်ဆို မပြီးတော့ဘူး။

ချိတ်ရှာ ကလစ်ရှာရုံတင် ဘယ်ဟုတ်မလဲ။ အကျီမီးပူထိုးရင် ထိုးနေရသေးတာ။

အခုပဲ ဦးဇော်မောင် ပိုက်ဝယ်ပြီး ပြန်လာပြီ။ ဒေါ်မူမူ မပြီးသေးဘူးရယ်။

အပြင်တစ်ခါထွက်မယ်ဆို ဦးဇော်မောင်ခမျာ ဒေါ်မူမူ့ကို စောင့်ရတာတစ်လုပ်။

"တဲ. . ပြီးပြီ၊ သွားကြမယ်"

ဒေါ်မူမူထွက်လာတယ်။ သွားတော့မယ်ပေါ့။ ကြည့်လိုက်တော့လည်း ဘာမှမထူးပါဘူး။ ဒုံရင်းက ဒုံရင်းပါပဲ။

"ဟဲ့, ကောင်မလေးတွေ မေတ္တာသုတ်ကျက်ကြနော်၊ ပြန်လာရင် ငါ့ရှေ့မှာ ရွတ်ပြရမယ်၊ ကြားလား . ."

"ကြားပါတယ် မေမေ"

"ကြားပါတယ် အန်တီ"

"ကြောင်လဲ့ပါတယ် မာမီ"

မို့မို့ကနောက်လိုက်လို့ ဒေါ်မူမူမျက်စောင်းထိုးတယ်။

"မို့မို့ အငယ်ဆုံးမို့ သည်းခံနေတာ၊ နေရာတကာ ဝင်မနောက်နဲ့၊ ပြန်လာရင် ညည်းကိုလဲ မေတ္တာသုတ်ရွတ်ခိုင်းရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးလွယ်အိတ်ထဲမှာ မေတ္တာစာတွေ အများကြီးဝါ မေမေ"
ဒီစကားကိုတော့ မို့မို့အသံထွက်အောင် ပြောခြင်းမဟုတ်ပါ။
ရင်ထဲမှာသာ ပြောလိုက်ခြင်း။

တကယ်လည်း သူ့လွယ်အိတ်ထဲမှာ မေတ္တာစာတွေက အထပ်လိုက်ပါပဲ. . .။

တစ်နေ့ကျရင် ရည်းစားစာရေးနည်း စာအုပ်ထုတ်ဖို့ စုဆောင်းထားတာ ဆိုလားပဲ။

ကဲ. . ကောင်းကြသေးရဲ့လား။

✔ ✔ ✔



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ဦးဇော်မောင်နဲ့ ဒေါ်မူမူတို့ အပြင်ထွက်သွားတာနဲ့ အိမွန်တို့ သောင်းကျန်းတော့တယ်။

ပထမဆုံး . . .

ပရိတ်စာအုပ်ကြားထဲမှာညှပ်ထားတဲ့ စာရွက်လေးကို ထုတ်လိုက်ကြတယ်။

စာရွက်လေးက . . .

ကဗျာစာရွက်လေး။

သိတယ်မို့လား . . .

ရှိုးရှိုးလေးရဲ့ . . .

ကဗျာစာရွက်လေး။

ကဗျာစာရွက်ကို ပုရွက်ဆိတ် အုံသလို ဝိုင်းဖတ်ကြတယ်။

အသီးသီး မှတ်ချက်တွေပြုကြတယ်။

"ကောင်းသကွာ. . ဖတ်ရတာ အရသာရှိတယ် ငါးအစုံ



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းထားတာကိုးကွ . . .”

“အဲဒီလို ဟင်းအိုးကြီးတစ်အိုးလောက် ရလိုက်ရင်တော့ တွယ်ပေတော့ပဲ”

မိုးနဲ့ ဖြူတို့ မစားရ ဝခမမ်းဖြစ်နေကြတာ။

အေးမိုမိုဇော်ကတော့ ကဗျာကိုဖတ်ပြီး ဆရာမကြီး စတိုင်လ်နဲ့ ပြောတာ။

“မဆိုးပါဘူး . . . ရေးတတ်သားပဲ၊ မမ ချောတာ လှတာကို ပေါ်လွင်အောင် ရေးစပ်ထားတာပဲ၊ နောက်ပြီး မမကို သူချစ်တယ်ပဲ ဝန်ခံထားတာ . . . အမြေဖြမှ မတောင်းဘဲဟာ၊ အလုပ်ရမှ ပြန်ဆက်သွယ်မယ်တဲ့၊ မဆိုးပါဘူး . . . အလုပ်လေး အကိုင်လေး နဲ့ဆိုတော့ ကောင်းတာပေါ့”

“အေး . . . ကောင်းရင် ညည်းပဲဆက်သွယ်လိုက်တော့၊ ဘုမသိ ဘမသိနဲ့ . . .”

အိမွန်က စိတ်ကိုပြီးပြောလိုက်တော့ အားလုံးက ဝိုင်းရယ်ကြ တော့တယ်။

“ကဲ၊ ညည်းတို့ မုန့်ဟင်းခါး ချက်မယ်ဆိုသေး ဘာမှလဲ မလုပ် ကြသေးဘူး၊ နောက်ဖေးမှာ သွားလုပ်နှင့်ကြကွာ၊ ငါ ဒီအမှုတွဲ လေးဖတ်ပြီး လာခဲ့မယ်”

အိမွန်က အလုပ်ရှိလို့ အားလုံးကိုနှင်လိုက်တယ်။

အားလုံး နောက်ဖေးဆောင်ဝင်သွားမှပဲ အမှုတွဲကိုယူပြီး အိမ်ရှေ့ ဆက်တီမှာ ငုံ့ဖတ်နေတော့တယ်။

သိပ်မကြာဘူး . . .

အိမွန်ရှေ့ကို သူ့အစ်ကိုလေး ကျော်ဇေယျာမောင် လာရပ် တယ်။

ဒါကို အိမွန်က သတိမထားမိဘူး။

“အဟမ်း . . အဟမ်း . .”



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုလေးက ချောင်းဟန့်သံပေးတယ်။

အိမွှန်က စာဖတ်နေရာက မော့မကြည့်ဘဲ လက်ကာပြတယ်။ တစ်ခွန်းတော့ ပြောလိုက်တယ်။

"ခဏထိုင်ဦး . . "

သူ့အစ်ကို တင်းသွားတယ်။

အစ်ကိုကိုများ မော့မကြည့်ဘဲ "ထိုင်ဦး"ဆိုလို့ ပစ်ဟောက်မလို့ ကြံကာရှိသေး . . .

အိမွှန်ထံက အသံကြောင့် ဘရိတ်အုပ်နားထောင်လိုက်ရ တော့တယ်။

"အမှုအပ်မလို့လား . . ခဏစောင့်ဦး၊ ဒီမှာ တစ်မှုမပြတ် သေးဘူး၊ သိန်းနှစ်ထောင်အမှု အရေးကြီးတယ်၊ အမှုလိုက်ခတင် သိန်းငါးဆယ် ခဏလေးနော်"

"ဘာမှခဏလေးလုပ်မနေနဲ့၊ သိန်းငါးဆယ်ရရင် တလောက ငါ့ဆီက ယူထားတဲ့ အကြွေးငါးသောင်းပြန်ဆပ်၊ ကန်းတာမ. . လူရိပ်မြင်တာနဲ့ အမှုသည်မှတ်နေ"

"ဟောတော့ . . . "

"အခုမှ မဟောတော့နဲ့၊ သိန်းငါးဆယ်အမှုရထားရင် ငါ့ကြွေး ငါးသောင်းပြန်ဆပ်"

"ဟီး . . . နောက်တာ"

"ဘာနောက်တာလဲ . . . နင် ကြွားတာမဟုတ်လား၊ ဘဘ ဦးစောဝင်း ပြောတဲ့အတိုင်း နင်လိုက်ပြောမနေနဲ့၊ လူကြည့်တော့ ခွေး ပစ်တဲ့တုတ်"

"ကိုလေးကလဲ လူကို အထင်စမောလို့၊ နောက် နာမည်ရ လာရင် သိန်းငါးဆယ်တန် အမှုတွေရလာမှာပေါ့၊ အခုထဲက ကျင့်ထားရတာပေါ့ အဟီး . . . "

"ဟီးမနေနဲ့ . . . အဖေတို့ရော. . "



www.burmeseclassic.com

www.burmeseclassic.com



"ကန်ဦးကျောင်းသွားတယ်၊ အစ်ကိုလာရင် လိုက်ခဲ့တဲ့"

ကျော်ဇေယျာမောင်လည်း . . .

ကျောင်းကိုလိုက်ဖို့ ပြန်ဆင်းသွားတယ်။

"နေဦး . . နေဦး . . အဖေတို့သွားတာ ကန်ဦးကျောင်း မဟုတ် ဘူး . . အောင်သုခကျောင်း . . ဘွာ. . ဘွာ. ."

"တောက်. . နင့်သာ ရွှေနေဌားရင်တော့ ထောင်ကျကုန်ပြ တော့မှာပဲ"

တော်သေးတယ်။ အဲဒီနေ့က နောက်ထပ်အစ်ကိုကြီးဖြစ်တဲ့ တိုဇော်လင်းမောင် မလာလို့။

နို့မို့ဆို . . .

အစ်ကိုကြီးကိုလည်း ကန်ဦးကျောင်း လွှတ်ချင်လွှတ်နေမှာ။

ကန်ဦးကျောင်းနဲ့ အောင်သုခကျောင်းဆိုတာ . . .

တောင်နဲ့ မြောက်ပဲ။

တော့်တော်သေချာတဲ့ ရွှေနေ။

✔ ✔ ✔



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ရိုးလူတစ်ယောက် ငြိမ်ချက်သားကောင်းနေတယ်။ အိမ်ထဲက အိမ်ပြင်လည်း သိပ်မထွက်ဘူး။ အခန်းအောင်းပြီး ကဗျာတွေပဲ စပ်နေ လေရဲ့။ အမှိုက်ခြင်းထဲမှာလည်း ကဗျာတွေ ပြည့်နေပြီလေ။

ကြမ်းပေါ်မှာလည်း ကဗျာ. . . စားပွဲပေါ်မှာလည်း ကဗျာ. . .

ခြင်းထဲမှာလည်း ကဗျာ. . .

သူ့ရင်ထဲက ကဗျာတွေ ပွလန်ကြနေတယ်။

နေရာအသီးသီးမှာ နေရာယူထားကြတယ်။

သူ့ကဗျာလေးတွေက လွမ်းရနံ့နဲ့ မျက်ရည်ရနံ့လေးတွေ သင်းလို့။

ခံစားကြည့်ကြပါဦး . . . ။

"ပျောက်ဆုံးသွားသော ပန်းသီး"

အချစ်ဆိုတဲ့ ပန်းသီးတစ်လုံး . . .



www.burmeseclassic.com

www.burmeseclassic.com



တိုက်မြည်းမလို့ ငါကြံတုန်း . . .
ဝုန်းဆို မိုးပြိုကျလာတယ် . . .
ပန်းသီးလည်း လွတ်ကျ . . .
သောကလေပွေက တိုက်ခတ်လာ . . .
ငါ မကိုက်လိုက်ရတဲ့ ပန်းသီးလေးရေ . . .
မင်း ဘယ်မှာလဲ . . .

ရိုးရိုးလူ

အချစ်ကို ပန်းသီးနဲ့တင်စားထားတာ။ ချစ်မယ်ကြံတုန်း အချစ်ပျောက်ဆုံးသွားတာကို ရေးဖွဲ့ထားတာ။

တကယ်တော့ ဘာမှမပျောက်ဆုံးဘူး။ အချစ်က သူ့ရုံးခန်းမှာရှိနေတာပဲ။ ပန်းသီးကလည်း ဆိုင်ပေါ်မှာပေါ်ပေါ်ပဲ။ ဒါများ စာဖွဲ့နေတယ်။

"ဒါများ စာဖွဲ့စရာလားကွာ . . . မင်းရဲ့ရှေ့နေဆရာမလေးက ရှီးဂျော့နဲ့ အပြီးထွက်သွားတာမှ မဟုတ်တာ၊ ရှီးကော့နဲ့ နေ့တိုင်းရုံးတက် နေတာပဲဟာ လိုက်တွေ့ပေါ့ . . . လိုက်ပြော"

ကိုဇော်က အကြံပြုတာ။

"ဟုတ်သားပဲကွာ . . သူ နေ့တိုင်း ရုံးနဲ့အိမ်နဲ့ သွားနေတာ၊ အိမ်နဲ့ ကားမှတ်တိုင်နဲ့ကြား၊ ကားမှတ်တိုင်နဲ့ ရုံးခန်းသွားတဲ့ကြားမှာ မင်းချစ်တာတွေ လိုက်ပြောနိုင်တာပဲကွာ"

မင်းဟန်က အကြံပေးတာ . . . ရိုးရိုးလူက ခေါင်းခါတယ်။

"မင်းတို့အကြံပြုတာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် သူ့မှာ ဂုဏ်သိက္ခာ၊ သူ့မိဘတွေရဲ့ ဂုဏ်သိက္ခာ ကျဆင်းစေမယ့်အလုပ်ကို ငါ မလုပ်ရက်ပါဘူး၊ သူဟာ ရိုးရိုးလူမှမဟုတ်ဘဲ"

"အေးလေ . . မင်းက ရိုးရိုးလူ၊ သူက ဘာလူလဲ၊ ပြော်ရှေ့နေ"

"အေး . . အဲဒါပဲ၊ သာမန်လူမဟုတ်တဲ့ ရှေ့နေတစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝတ်တို မထောက်ထားဘဲ ငါ လမ်းပေါ်မှာ စကားလိုက်ပြောသင့်သလား"

"သင့် . . အဲ, မသင့်ဘူး"

သူတို့သူငယ်ချင်းတွေ စကားပြောနေတုန်း ဦးဆန်းလူ အိမ်ထဲက ထွက်လာတယ်။

"သားနဲ့ သားသူငယ်ချင်းတွေပြောတာ အဖေ အားလုံးကြားတယ်၊ သားကို အဖေ ကိုယ်ချင်းစာပါတယ်၊ အဖေ ငယ်စဉ်ကလဲ သားလိုပဲ ခံစားခဲ့ရဘူးတယ်၊ မင်းအမေလေ . . မင်းအမေ ဘာ အိုက်တင်ခံသလဲ မမေးနဲ့၊ ဒါပေမယ့် သိတယ်မို့လား ယောကျ်ားတွေရဲ့ဦးနှောက်ကို သူတို့ မမှီဘူး၊ အချစ်မှာလဲ ဒါလိုတယ် သားရဲ့"

ဦးဆန်းလူက ခေါင်းကို လက်ညှိုးနဲ့ထောက်ပြပြီး ပြောနေတာ။

နောက်က ဒေါ်မမကြီးရောက်နေတာ သူမမြင်ဘူး။ ရိုးရိုးလူက တော့ မျက်လုံးပြူးနေပြီ။ ကိုဇော်နဲ့ မင်းဟန်ကလည်း မျက်လုံးတွေ ဝိုင်းလို့။

"အဖေ. . ."

ရိုးလူက တိုးတိုးခေါ်ပြီး ခေါင်းရမ်းပြတယ်။ ဆက်မပြောနဲ့ပေါ့။

မရဘူး . . .။

"မှတ်ထား သား . . မိန်းမဆိုတာ အမြှောက်ကြိုက် မော်တာ ဖက်တတ်တယ်ကွ၊ နောက် သူတို့ကို လေးစားချင်သယောင်ဆောင်၊ ကြောက်ချင်ယောင် ဆောင်နေပေးရတယ်ကွ"

"တတောင်. . ."

"အား . . . ဆော်ပဟ. ."

ဦးဆန်းလူခေါင်းကို ဒေါ်မမကြီးလက်ထဲကလင်ပန်းနဲ့ တီး လိုက်တာလေ။ ဦးဆန်းလူအီသွားတယ်။ ဒေါ်မမကြီးကိုမျက်လုံးပြူး ကြည့်တယ်။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုခံစားရလဲ . . . တကယ် ကြောက်အောင်လုပ်လိုက်တာ ပဲလေ"

"ဟ, ငါ တကယ်ပြောတာ မဟုတ်ပါဘူးကွာ၊ မင်းသားကို အားပေးတာပါ"

"မင်းသားကိုပဲ အားပေးပေး၊ မင်းသမီးကိုပဲ မြှောက်ပေးပေး . . ကျုပ်အတင်း မပါစေနဲ့"

"အေးပါကွာ . . ကလေးတွေရှေ့မှာ ကိုယ်ထိလက်ရောက် မလုပ်ကောင်းဘူး . . ကလေးတွေ အတုခိုးမှားတတ်တယ်၊ သွား . . သွား . . လုပ်စရာရှိတာ သွားလုပ်၊ မင်းအကြောင်း မပြောတော့ဘူး"

"ဒါပဲနော်် . . ကျုပ်အတင်းချလို့ကတော့ သိတယ်မို့လား ဓါးစပ်နဲ့ မရှင်းဘူး၊ သား မင်းအဖေပြောတဲ့အတိုင်း ယုံမနေနဲ့၊ အလကား . . သူက ဘာမှအဖြစ်ရှိတာ မဟုတ်ဘူး . . . ရည်းစား စကားပြောဖို့အရေး အ,ထစ် အ,ထစ်နဲ့ . . . သား ဆရာရွေး မှားမယ်နော်"

ဒေါ်မမကြီးက လက်ဆင်တွေခြွေပြီးမှ အိမ်ထဲဝင်သွားတော့တာ။

အမှန်တော့ သားအဖနှစ်ယောက်ကြားထဲ ကွန့်သွားတာ။

ဦးဆန်းလူတို့ လင်မယားကိုကြည့်ပြီး ကိုဇော်တို့ သဘောကျနေလေရဲ့။ ဒေါ်မမကြီး အိမ်နောက်ဖေးဝင်သွားမှပဲ ဦးဆန်းဖွဲ့က ဆက်ပြောတော့တယ်။

"သား မိန်းမတစ်ယောက်ကို ရအောင်လိုက်ဖို့ ဖေဖေ နည်းပေးနိုင်ပါတယ်၊ ဒါပေမယ့် ရှေ့နေစတွေမပါဘူးကွ၊ သူတို့က ကိုယ့်ထက် အကွက် ပိုမြင်တယ်၊ နေဦးကွာ . . ဒီကိစ္စကို ဖေဖေ ရှေ့နေနဲ့ တိုင်ပင်လိုက်ဦးမယ်"

"ရှေ့နေမလေးကို ကြိုက်တဲ့ကိစ္စ ရှေ့နေနဲ့တိုင်ပင်လို့ဖြစ်ပါ့



www.burmeseclassic.com

www.burmeseclassic.com



လား အဖေရာ. . .ကြည့်လဲ လုပ်ပါဦး . ."

"ဖြစ်ပါတယ်ကွာ . . . အဖေ့ရဲ့မိတ်ဆွေ ရွှေနေကြီးရှိပါတယ်၊ အဖေ သူနဲ့တိုင်ပင်ကြည့်ပါဦးမယ်"

"ဒါဆိုလဲ အခုသွား အဖေရာ"

"ဇွတ် . . . ငါ့ထက် ကဲနေပါလား"

"အမြန်လုပ်ပေးလိုက်ပါ အန်ကယ်လ်ရာ. . ဒီကောင့်အတွက် ကျွန်တော်တို့လဲ စိတ်မောလှပြီ"

"သူငယ်ချင်းတွေ တော်တော်ချစ်နေကြတယ်ပေါ့၊ သား ကြည့်ရတာ စိတ်မချမ်းသာလို့သာ ကြိုးစားပေးရမှာ၊ ရွှေနေကို ခွေးမတော်ရမှာ ကြောက်သဟေ့ . . ."

"ဘာဖြစ်လို့လဲ အန်ကယ်လ်ရဲ့"

"ဟာ, ရွှေနေများဟာ လူတိုင်းကို သူ့အမှုသည်မှတ်နေကြတာ တလား၊ ဆရာကြီးလဲ သိပ်လုပ်ချင်ကြတာ၊ ငါ့သားကတော့ ပြားဦး တော့ မှာပဲ"

"ဩော်, ကောင်းတာလေးလဲ ထည့်တွက်ပါဦး၊ မတော်တဆ အန်ကယ်လ်အမှုတစ်ခုဖြစ်တော့ ရွှေနေမငှားရတော့ဘူးပေါ့"

"ယောက္ခမဆိုပြီး သက်သာမယ်ထင်လို့လားကွ. . ဟိုအတွက် ဒီအတွက်ဆိုပြီး လှည့်ပတ်တောင်းမှာပဲကွ . . ဟား . . ဟား . ."

ဦးဆန်းလူက သဘောကျစွာရယ်မောရင်း သူ့သားအတွက် အပြင် ထွက်သွားလေရဲ့။ တကယ်ပဲ ရွှေနေနဲ့ သွားတိုင်ပင်တော့မှာ ထင်ပါ့။

✔ ✔ ✔



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဟာ . . ဆရာ ချစ်ကိုကိုယု၊ တွေ့မှတွေ့ပါ့မလားလို့ . ."

"ဟော . . . ဦးဆန်းလူပါလား . . ဘယ်ကများ မျက်စိလည်လာပါလိမ့်၊ လာ . . ထိုင်ဦး . ."

ဦးဆန်းလူက ခုံလွတ်မှာ ဝင်ထိုင်လိုက်တယ်။ စာရေးဆရာ ရွှေနေကြီး ချစ်ကိုကိုယုကတော့ ရွှေနေတစ်ဦးနဲ့ စကားပြောနေကြတာ။ သူတို့ စကားပြတ်မှပဲ ချစ်ကိုကိုယုက ဦးဆန်းလူကို စကားဆက်ပြောတယ်။

"ပြော . . ဦးဆန်းလူ . . . ဘာများအကြောင်းထူးရှိလို့လဲ"

"ရှိဆို ဒီလိုဗျာ . . . ကျွန်တော့်သား ကိစ္စ"

"ခင်ဗျားသားက ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး . . . ဒီကောင် ကောင်မလေးတစ်ယောက်တို ကြိုက်နေတာဗျ"

"ဆန်းလားဗျာ . . ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်တယ်၊ သူ ကြိုက်နေတာက ဂုဏ်သိက္ခာရှိတဲ့ ရွှေနေမလေး၊ အဲဒါ မချဉ်းကပ်ရဲ မလိုက်ရဲဖြစ်နေလို့ ဆရာသမားဆီ အကြံဉာဏ်လာတောင်းရတာ"

"ဟား . . ဟား . . ဟား . . ဟား . . ဟား . . ဦးဆန်းလူတို့ကတော့ နာမည်နဲ့လိုက်အောင် ဆန်းပါပေတယ်၊ ဒါလေးများဗျာ"

"သားက တမှိုင်မှိုင် တတွေတွေနဲ့မို့ပါဗျာ . . ဒီကောင်က ကျုပ် လောက်အဖြစ်ရှိတဲ့ကောင် မဟုတ်ဘူး"

"ဆရာကြီးက သားကိုချစ်သားပဲ"

လို့ ဝင်ပြောတာက ဘေးကထိုင်နားထောင်နေတဲ့ ရွှေနေကြီးပဲ။

"ဟုတ်တယ် ဆရာရေ့ . . ဦးဆန်းလူက သားတစ်ယောက်ထဲရှိတာ၊ သားကလဲ သူ့လောက်အဖြစ်မရှိတော့ အားမရဘူးထင်ပါရဲ့၊ ကဲ, ဆရာပဲ အကြံပေးလိုက်စမ်းပါဦး"

စာရေးဆရာရွှေနေ ချစ်ကိုကိုယုက ဆွေးနွေးတိုင်ပင်ခံ မရမယ် မှန်းသိလို့ထင်ပါရဲ့ ထမင်းရည်ပူလာ လျှာလွှဲလုပ်လိုက်တယ်။ ဟို ရွှေနေကြီးကလည်း မပြောချင်ရှာဘူး။

"ဒီလိုလုပ်ဗျာ"ဆိုပြီး အကြံတွေကို တရစပ်ပေးတော့တာ။

"ကလေးမလေးက ရွှေနေဆိုတော့ ရုံးခန်းရှိမယ်၊ ဒါမှမဟုတ် အိမ်မှာရှိမယ်၊ ဘယ်မှာရှိရှိ အမှုတစ်ခုအကြောင်းပြပြီးဝင်၊ အမွေဆိုင်လိုကိစ္စမျိုး အကြံပြုချက်တောင်းသလိုဝင်၊ ဝင်တိုင်း လက်ဆောင် တွေဝယ်သွား"

"စိတ်ချဆရာ . . လက်ဆောင်ပါသွားစေရပါမယ်"

"ကောင်းတယ် . . ဒါနဲ့ကို အဆင်တစ်ဝက်ပြေနေပြီ၊ ကြာမယ့် တရားမမှု၊ အမွေဆိုင်မှုလိုဟာမျိုး အကြောင်းပြပြီးဝင် . . ၊ ပုဒ်မငါးရာ အသရေ ဖျက်မှုလို ပေါ့ပေါ့ပါးပါးတစ်မှုလောက်လဲ အပ်ချင်အပ်လိုက် ပေါ့ဗျာ၊ ဒီလောက်တော့ ရင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရင်းမှာပါ ဆရာ"

"ဒါဆို ပြေလည်သွားမှာပါ၊ ရဲရဲသာလုပ်ပစေ မကြောက်စေနဲ့၊ ခင်ဗျားသားကို ကိုယ်တိုင်သွားပစေ၊ ခင်ဗျား လိုက်မသွားနဲ့"

"ဟုတ်ကဲ့ပါ ဆရာ"

"ကဲ. . ကဲ. . ပြေလည်မှာပါ၊ အဆင်ပြေရင်တော့ မင်္ဂလာဆွမ်းကျွေး ဖိတ်ဦးဗျ"

"ဖိတ်မှာပေါ့ ဆရာရယ်"

"ကိုင်း . . . ဘာသိချင်သေးလဲ"

"ပြည့်စုံပါပြီ၊ ဆရာ့အကြံဉာဏ်တွေ သိပ်ကောင်းတာပဲ၊ သားတော့ အဆင်ပြေတော့မှာပဲ၊ ကဲ, ခွင့်ပြုပါဦး၊ ဆရာ ချစ်ကိုကိုယု ခွင့်ပြုနော်"

"ကောင်းပါပြီ ထူးရင်လဲ အကြောင်းကြားဦးဗျ၊ ဝါသနာပါတယ်"

"စိတ်ချ. . လက်ဖက်ရည်ကို လာတိုက်ဦးမှာ"

ဦးဆန်းလူ တော်တော်လေးကို ပေါ့ပေါ့ပါးပါးဖြစ်သွားပုံရတယ်။ အိမ်အပြန်မှာ ခြေလှမ်းတွေသွက်လို့။ သွက်ရပေမပေါ့။ ဒီအကြံအစည်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ သူ့သားရိုးလူကို ဆင့်ပွား ပို့ချပေးရဦးမှာပဲ မဟုတ်ပါလား။

✔ ✔ ✔



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"အိမ်ရှင်တို့ . ."

"အိမ်ရှင်တို့ . ."

"လာပြီ . . လာပြီ . . ဘယ်သူပါလိမ့်"

"ကျွန်တော်ပါ . . ."

"ဪ, အေး . . . မင်း ဘယ်သူပါလိမ့်"

"ရိုးရိုးလူပါ"

"အယ်, သာမန်ပုဂ္ဂိုလ်ပေါ့၊ လာ. . လာ. . အထဲကြွ"

ဦးဇော်မောင်က ရိုးရိုးလူကို ဘာထင်လို့လဲမသိဘူး၊ ဖွတ်ကို ခေါ် တော့တာပဲ။

"ကဲ, ဆို . . ဘာကိစ္စ"

"အမှုကိစ္စပါ"

"သမီးနဲ့တွေ့ချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေနေနဲ့ တွေ့ချင်တာပါ"

"အေးလေ . . . သမီးက ရွှေနေပဲဟာ"

"ဒေါ်အိမွန်သည်းပိုဇော်ကို ပြောနေတာပါခင်ဗျာ"

"ဟုတ်ပါတယ်၊ ငါ့သမီး အကြီးပါ၊ ရွှေနေဆို သူပဲရှိတာ၊ ခဏ စောင့်ကွာ အပြင်သွားနေတယ်"

ရိုးရိုးလူလည်း လက်ထဲက အထုပ်ကြီးကို စားပွဲပေါ်တင်ပြီး ထိုင်စောင့်နေတော့တယ်။

ဆယ့်ငါးမိနစ် . . .

မလာသေး။

နာရီဝက် . . .

မရောက်။

လေးဆယ့်ငါးမိနစ် . . .

အရိပ်မမြင်ရသေး။

ရိုးရိုးလူက ဇက်တွေဘာတွေ လှည့်နေရပြီ။

"ကျွန်တော် မနက်ဖြန်မှပဲ လာတော့မယ် . . အခုတော့ သွားစရာ ရှိသေးလို့ ပြန်ခွင့်ပြုပါ"

"ဩော်, အေး . . အထုပ်ကြီးက ဘာထုပ်ကြီးလဲ"

"မုန့်ထုပ်ပါ . . ဆရာမအတွက် ယူလာတာပါ"

"ဒါဆို ထားခဲ့လေ . . သမီးပြန်လာတော့ ပေးလိုက်မှာပေါ့"

ဦးဇော်မောင်က မုန့်ထုပ်ကြီးကိုကြည့်ရင်း ပြောနေတာ။

မုန့်ထုပ်ကလည်း ကြီးမှကြီး။

"ကျွန်တော် ကိုယ်တိုင်ပေးချင်တာ"

"ဒါလဲ ဖြစ်ပါတယ် . . . အန်ကယ်လ် သိမ်းထားပေးမယ်လေ၊ မနက်ဖြန်လာတော့ ကိုယ်တိုင်ပေး . . အသွားအပြန်သယ်နေရတာ မောလွန်းလို့"

စေတနာတွေ . . . စေတနာတွေ။



www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်မောင်ရဲ့ စေတနာတွေ။

ဒါနဲ့ပဲ ရိုးရိုးလူလည်း မထားချင် ထားချင် ထားခဲ့ရတော့မှာ။

ရိုးရိုးလူက မုန့်ထုပ်ကို တလွှမ်းမက်မက်ကြည့်ရင်း ဦးဇော်မောင်ကို မှာနေသေးတာ။

"အန်ကယ်. . ထားခဲ့မယ်နော်၊ စိဆိချလက်ချ ထားခဲ့မယ်နော်"

"ထားခဲ့ပါကွာ"

"ဘာမှတော့ မဖြစ်ပါဘူးနော်"

"ဘာဖြစ်စရာရှိလဲကွာ၊ လက်ဖျားနဲ့တောင် မတို့ဘူး"

"တကယ်နော်"

"နှစ်ကယ်ကွာ"

"ဘုရားစူး"

"စူးကွာ"

"မြွေကိုက်"

"ဟော့ကောင်. . တော်. . တော်. . မင်းမုန့်ထုပ်ကို စိတ်မချလဲ ပြန်ယူသွား၊ လူကြီးကိုများ မယုံသလိုနဲ့ . . ဟင်း . ."

"လူကြီးကို ယုံပါတယ်"

"ဒါဆို ဘာကိုမယုံတာလဲ"

"မုန့်ကို မယုံတာ. . မုန့်က စိတ်မချရဘူး၊ နီးရာပါးစပ်ပြေးကပ် တတ်တယ်"

"အေး . . ဟုတ်မယ် မုန့်နဲ့မိန်းမ အတူတူပဲ၊ နီးရာပါးစပ် ပြေးကပ်တတ်တာ၊ အန်ကယ့်မိန်းမဆို ငယ်စဉ်က သူမှာဝိုင်းဝိုင်းလည်နေတဲ့ကြားက အန်ကယ်နဲ့နီးတော့ နီးရာပြေးကပ်လို့ ညားရတာကွ၊ ဟုတ်မှာ ဟုတ်မှာ. ."

"ဘာဟုတ်တာယ်. . ပြင်ပြောစမ်းပါ၊ ဘယ်သူက ပြေးကပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အာ . . မိန်းမ . ."

"ဟုတ်တယ် . . ရှင့်မိန်းမ . . အခန်းထဲမှာ ပုတီးစိပ်နေတာ မပြီးသေးလို့ ထွက်မလာသေးတာ၊ အခု ရှင်မဟုတ်တာတွေ ပြောနေလို့ ထလာရတာရှင့်"

"ငါ ဘာပြောလို့လဲကွာ"

"ဘာပြောရမှာလဲ၊ မုန့်ထုပ်ကို ထားခဲ့ပါဆိုတဲ့အထိ ဟုတ်လို့ ငြိမ်နေတာ၊ မုန့်ဟာ မိန်းမနဲ့တူတယ် စပြောကတည်းက ထပြီး လုပ်ချင်နေတာ၊ အဟီး . . သားလေးကိုတော့ အားနာပါတယ်၊ သူ့ကို လွှတ်ထားလို့ မရဘူးကွဲ့"

"ရပါတယ် အန်တီ၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး၊ မနက်ဖြန် ဆယ်နာရီလောက် လာခဲ့ပါမယ်လို့ ပြောပေးပါ"

"ဘယ်သူလာတယ် ပြောရမှာလဲ သား"

"ရိုးရိုးလူလို့ ပြောပေးပါ"

"အေး . . အေး . . လူရိုးလူကောင်းတွေပဲ လက်ခံချင်တာကွဲ့၊ မရိုးမသား ဆန်းဆန်းပြားပြားတွေဆို လက်မခံချင်ဘူး၊ အန်တီတို့က သမီး နှစ်ယောက်ထဲနဲ့ နေကြရတာ၊ သမီးငယ်က ပထမနှစ်လေး ကျောင်းတက်နေတယ်"

ဒေါ်မူမူက အရေးထဲ ကြော်ငြာဝင်နေတယ်၊

တွေ့ရာလူကို သား သားနဲ့ ခေါ်တတ်တဲ့ သူ့စရိုက်အတိုင်း ရိုးရိုးလူကိုလည်း သားခေါ်နေပြန်တယ်။ ကိုယ့်သမီးကို လာတိုးတဲ့ သူကို သားခေါ်သတဲ့ . . . ကောင်းရော။

"ဟဲ့, သား နေဦး၊ ဟိုမှာ သမီးပြန်လာပြီ"

ဒေါ်မူမူက အိမ်ခြံဝကိုလှမ်းကြည့်ပြီး ပြောလိုက်တာ။

ရိုးရိုးလူလည်း ခြံဝဆီလှမ်းကြည့်လိုက်မိတယ်။

အို . . . ချောလိုက်သူလေး . . .

နတ်သမီးလေးများ ဟိုက်စကီးနဲ့ ကွင်းမှားဆင်းလာသလား



www.burmeseclassic.com

www.burmeseclassic.com



ထင် မှတ်မှားရတယ်။

ကြည့်ပါဦး . . .

အိမ္ပန်သည်းပိုဇော်ရယ် . . .

ဆင်မယဉ်သာလေးလို လှမ်းလာတာ။

သူ့ခြေဆွဲခုံမြင့် ကတ္တီပါ ပုံတော်ဖိနပ်လေးနဲ့ပဲ။

အရပ်အားနာလို့လား . . .

ဖိနပ်အားနာလို့လားတော့ မသိဘူး . . .

ခုံမြင့်ကို မချွတ်တမ်းစီးတာလေ။

လက်ထဲမှာလည်း ဖိုင်တွေပိုက်လို့။

ဖျတ်ဆို ရုံးလှေကားထိပ်မှာ ဝင်တိုက်မိတဲ့ မြင်ကွင်းကို ရိုးရိုးလူ မြန်မြင်ယောင်မိနေတယ်။

ထိုစဉ်က အိမ္ပန်သည်းပိုဇော်ရဲ့ လှုပ်ရှားပြောဆိုသံတွေကို ကြားယောင်မြင်ယောင်ရင်း ရိုးရိုးလူ ပြုံးပြုံးကြီးဖြစ်နေတယ်။

ဒါကိုမြင်တဲ့ ဦးဇော်မောင်က ရိုးရိုးလူကို သေချာကြည့်ပြီး ဘာများ ပြုံးပါလိမ့်လို့ တွေးတယ်။

သူ့သမီးတွေကပဲ ပြုံးစရာဖြစ်နေပြီလားလို့ လှမ်းကြည့်မိတယ်။

ဟင့်အင်း . . .

ဘာမှမဖြစ်ဘူး . . . ပုံမှန်ပဲ။

အိမ္ပန်နောက်မှာ မို့မို့ကပ်ပါလာတယ်။ သူတို့က အိမ်ထဲက လူတွေကို မမြင်သေးဘူး။ ခြံဝကနေ အိမ်ပေါ်ကို စလိုးမိုးရှင်း ဖြတွက်နဲ့ လာနေ ကြသလိုပဲ။

မတ်တတ်ကြီးရပ်ကြည့်နေတဲ့ ရိုးရိုးလူက ဆန်းဆန်းလူ မဖြစ်စေဖို့ ဦးဇော်မောင် ချောင်းဟန့်လိုက်ရတယ်။

"အငမ်း . . အငမ်း . ."

"အဟမ်း အဟမ်း" အစား "အငမ်း အငမ်း" ဖြစ်သွားလို့ ထူးခြားတဲ့ ချောင်းဟန့်သံကြောင့် ဦးဇော်မောင်ကို လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။

"ဆောရီး . . မငမ်း . . မငမ်း . . အဟာမ်း . . အတာင်း . ."

ပိုရှုပ်သွားရော။

ရိုးရိုးလူ ရှက်သွားပြီ။

ရှက်ပြီး အိမွှန်တို့ကို သွားထွက်ကြိုနေပြီ။

"ပြန်လာပြီလား . . ဝင်လေ . . ထိုင်ဦး . ."

ပြောပုံက သူ့အိမ်ကျနေတာပဲ။

အိမွှန်ကတော့ သူ့ကိုမြင်တော့ ရိုးရိုးလူမဟုတ်ဘဲ သရဲသဘက် မြင်သလိုကို တွန့်သွားတော့တာ။

"ရှင်. . ရှင်. ."

"ဟုတ်ပါတယ် အရှင်ကြီးပါ၊ အသေဆို လာနိုင်ပါ့မလား။ ထိုင်ဦးလေ၊ နောက်က ညီမလေးထင်တယ်၊ ဝင်ထိုင်ဦးလေ"

ရိုးရိုးလူက အိမ္မွန်နောက်က မို့မို့ကိုပါ ထိုင်ခိုင်းနေတာ။

မို့မို့က မှင်ကောင်းတယ်။ တစ်ခုခုတော့မှားနေပြီဆိုတာ သိပေမယ့် အေးဆေးပဲ။ ရိုးရိုးလူကိုကြည့်ပြီး လက်ဟန်ခြေဟန်နဲ့ သူ့ဒီမှာထိုင်ရမှာလားလို့ မေးတယ်။

ရိုးရိုးလူကလည်း ခေါင်းညိတ်ပြတယ်။

ညီအစ်မနှစ်ယောက် ဝင်ထိုင်ကြတယ်။

မတ်တတ်ကြီးဖြစ်နေတဲ့ ဦးဇော်မောင်ကလည်း ရိုးရိုးလူနား ကပ်သွားပြီး တိုးတိုးမေးလိုက်တယ်။

"အန်ကယ် ဘယ်နားမှာထိုင်ရမှာလဲဟင်"

ရိုးရိုးလူက ထိပ်ဆုံးခုံကို မေးငေါ့ပြတယ်။

"ကျေးဇူးပဲနော်"

ဦးဇော်မောင်က ကျေးဇူးတင်သလိုကြည့်ရင်း ပြောလိုက်တာ။

"သားလေး . . အန်တီကရော ဘယ်နားမှာထိုင်ရမှာလဲဟင်"

ရိုးရိုးလူက ဦးဇော်မောင်ဘေးက ကုလားထိုင်ကို မေးငေါ့



www.burmeseclassic.com

www.burmeseclassic.com



ပြတယ်။

ဒေါ်မူမူလည်း မျက်နှာချိုလေးနဲ့ ဝင်ထိုင်လိုက်တယ်။

ရှိုးရိုးလူက နီးရာခုံမှာဝင်ထိုင်ပြီး စကားစဖို့ ချောင်းဟန့်လိုက်တော့တယ်။

"အဟမ်း . . အဟမ်း . ."

"အင်မ်း . . အင်မ်း . . ယောင်ပဟ"

ဦးဇော်မောင် ယောင်သွားလို့ ပါးစပ်ဖမ်းပိတ်လိုက်မိတယ်။

သမီးနှစ်ယောက်ကတော့ အဖေနဲ့အမေကိုကြည့်ရင်း နားမလည်နိုင်သလို ကြည့်နေကြလေရဲ့။

"အမေတို့ ဘာဖြစ်နေကြတာလဲ . . သူက . ."

အိမွန်က မျက်မှောင်ကုတ်ပြီး မေးတာ။

ဒေါ်မူမူက လက်ကာပြပြီး . . .

"အဟီး . . သားလေးက လူရိုးလေးပါ၊ မုန့် . . မုန့်လာပို့တာတဲ့ သမီးဖို့ . ."

"မလိုချင်ဘူး"

"မြတ်စွာဘုရား . . လန့်လိုက်တာ သမီးရယ်၊ ကလူ . . တလူ . . ယူလိုက်ပါ သမီးရယ်၊ အဖေက ပြန်ပေးနေတာတောင် သူငယ်က ဖွတ်ကြီးထားခဲ့မယ်လုပ်နေတာကွဲ့၊ လူကို အားမနာတောင် မုန့်ထုပ်ကို အားနာပါဦး သမီးရယ် . . ဟီး . . ဟီး . ."

"အဖေနော် . . အဖေ့ကို ဘာပြောထားလဲ၊ သမီးမရှိတုန်း လက်ဆောင်လာပေးရင် ယူမထားပါနဲ့ဆို"

"သမီးမှာ ထားတာကို သတိရပါတယ်၊ ဒါပေမယ့် သားသမီးစကား နားထောင်ချင်တဲ့ မိဘဆိုတာ ဘယ်ရှိပါ့မလဲကွယ်"

ဦးဇော်မောင်က လေပြည်ထိုးရင်း သားသမီးအမိန့်ကို မနာခံနိုင်ကြောင်း လမ်းကြုံပစ်ထည့်လိုက်တယ်။

ဒေါ်မူမူကလည်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ယူလိုက်ပါ သမီးရယ်၊ လူကိုယူရတာမှ မဟုတ်တာ မုန့်ယူရတာပဲဟာ၊ လူကမှ အိမ်ရှုပ်သေးတယ်၊ မုန့်က စားပစ်လိုက် ရှင်းသွားရော"

လို့ ပြောတော့ အေးမို့မို့ဇော်ကလည်း ထောက်ခံတယ်။

"ဟုတ်တယ် မမ. . မုန့်ပေးတာများ ငြင်းရတယ်လို့ . . ညီမတို့နဲ့ များ လဲပစ်လိုက်ချင်တယ်. . ဟိုအစ်ကိုကြီး . . နောက်ဆို မုန့်သာပါရင် ဒီအိမ်ကို ဝင်စေထွက်စေ သိလား . . မုန့်မပါရင်တော့ နားထား . . ဟုတ်တယ်ဟုတ်"

"ဟုတ်. . ဟုတ်. ."

ရိုးရိုးလူလည်း တဟုတ်ဟုတ်နဲ့ ခေါင်းညိတ်နေတယ်။

သူ့ကြည့်ရတာ မခုတ်တတ် မအုပ်တတ်တဲ့ ကျားလေးလိုပဲ။

"ကဲ၊ ရှင် ဘာကိစ္စ အိမ်လိုက်လာလဲပြော"

အိမ့်မွန်သည်းပိုမဖော်ဟ မျက်နှာပေါင်းပေါင်းနဲ့မေးတယ်။

အိမ့်မွန်ကိုတစ်လှည့် မုန့်ထုပ်ကြီးကိုတစ်လှည့်ကြည့်ရင်း ဒေါ်မူမူက

"သမီး ကောင်းကောင်းပြောလေ၊ အားနာစရာကြီး"

လို့ပြောပုံက တစ်မျိုး။ မုန့်ထုပ်ကြီးကို မျက်စပစ်ပစ်ပြော မနေပဘူ။

ဦးဇော်မောင်ကတော့ တဟဲဟဲနဲ့လုပ်နေလေရဲ့။ မုန့်ဟဲချင်နေ တာနေမှာ။

မို့မို့က မြန်တယ်။

ဖျတ်ဆိုထပြီး ရှိုးကေ့စ်ထဲက ပန်းကန်တစ်ချပ်ထုတ်တယ်။

မုန့်ထုပ်ကို ဖောက်တယ်။ မုန့်တွေ ပန်းကန်ထဲထည့်တယ်။

"ဖေဖေနဲ့ မေမေစား၊ ဟိုအစ်ကိုကြီးလဲ စားနော်"

မုန့်လိုက်ကျွေးနေတာ။ သူဝယ်လာတဲ့အတိုင်းပဲ။ ဘယ်သူ စားစား မစားစား၊ ဦးမောင်မောင်ကတော့ စားပြီ။ မို့မို့ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဝါးနေပြီ။

ရှိုးရှိုးလူကတော့ မုန့်တွေကို တွေကြည့်နေတယ်။

အိမ်ရှင်က ရှိုးရှိုးလူကို ကြည့်နေတယ်။

ဒေါ်မူမူကတော့ မုန့်ယူစားရန်နိုးနိုး၊ သမီးကြီးကို လေပြည်ထိုးရ နိုးနိုးဖြစ်နေတယ်။

“သားပြောလိုက်လေ ဘာကိစ္စလာတယ်ဆိုတာ၊ သမီးက ရှေ့နေဆိုတော့ သူမေးရင် ဖြေမှကြိုက်တာ”

“ဖြေမှ သူက ကြိုက်မယ်ဆို ကျွန်တော် ဖြေပါ့မယ်၊ ကျွန်တော် အမှုအပ်မလို့လာတာပါ ခင်ဗျာ”

လို့ပြောတော့ အိမ်ရှင်မျက်စောင်းထိုးတယ်။ နှုတ်ခမ်းကိုက် တယ်။

“ဒါဆိုရင် ထိုင်စောင့်၊ အဝတ်အစားလဲဦးမယ်”

မပြောပြီး အိမ်မှုန်က ဆတ်ဆိုထသွားတယ်။

ကျန်တဲ့သူကတော့ မုန့်စားနေကြပြီ။

“သမီး ကော်ဖီသွားဖျော်ကွာ၊ ကော်ဖီနဲ့ဆို ပိုအဆင်ပြေမယ်၊ ဟကောင်. . သာမန်ပုဂ္ဂိုလ်လေးစားကွာ၊ စားမှဝမှာ. . ဟေးဟေး”

ဆိုပြီး ဦးဇော်မောင်က အားပါးတရ စားနေတော့တာ။

ဒေါ်မူမူလား ဘယ်နေမလဲ။ တွယ်တာပေ့ါ။ သူလည်း ပါးစပ်ကြီးနဲ့ဟာကိုး။

သူတို့အားပါးတရ စားနေကြတာကိုကြည့်ရင်း ရှိုးရှိုးလူ က. . .

“ကုန်ပါပြီ” လို့ တိုးတိုးလေးရေရွတ်မိတယ်။

မထူးတော့ပြီမို့ သူပါ တစ်ခုယူစားလိုက်တယ်။

အားပါး ကောင်းမှကောင်း။

“ကိုယ့်မုန့် ကိုယ်ပြန်မစားနဲ့၊ အလုပ်စကားပြောရင် မုန့်မစားရ ဘူး၊ ဒါစည်းကမ်းပဲ”



www.burmeseclassic.com

www.burmeseclassic.com



"အန်. . ."

ရိုးရိုးလူ အန်ချင်သလိုဖြစ်သွားတယ်။ အဝတ်လဲပြီး ပြန်ထွက်လာတဲ့ အိမ္ဗန်က ပစ်ဟောက်လိုက်တာ။

"ကိုယ့်မုန့်ကိုယ်စားတာ ပြဿနာရှာနေတယ်"

လို့တွေးရင်း တစ်ဝက်ကျန်နေတဲ့မုန့်ကို ပစ်ထည့်လိုက်တယ်။

ပါးစပ်ထဲ။

ပလုပ်ပလောင်းကြီးနဲ့ ပြောလိုက်သေးတာက. . .

"ဒါ. . ဒါ. . လေး ကုန်အောင်ဝါးပြီး ပြီးပါပြီ ခွင့်လွှတ်နော်၊ စားပါဦးလား"

"ရှင့်မုန့် ရှင်ပဲစား၊ ကဲ, ပြီးရင် အလုပ်စားပွဲကိုလာ၊ အလုပ်ကိစ္စ ပြောစရာရှိပြော"

အိမ္ဗန်သည်းပိုးဇော်တို့ကတော့ တင်းတင်းပဲ။ တစ်အိမ်လုံး သူ့လုပ် စာစားနေရတဲ့အတိုင်းပဲ။ တကယ်။

စားပွဲပေါ်ကမုန့်လဲ သူ့သာဝယ်လာတာဆို ဘယ်လိုနေမလဲ မသိဘူး။ ကြည့်ဦး ပြောတာ . . .

"ဟဲ့, မို့မို့. . အလကားရတိုင်း ခွစားမနေနဲ့၊ နေ့ဖို့ညစာ ငါ့ဖို့လဲ ချန်ဦး၊ တော်တော့. . . သွားသိမ်းလိုက်တော့"

"ဟုတ်ကဲ့. . မမ၊ ကဲ, အဖေနဲ့အမေ ကြားလား၊ သိမ်းသိမ်း လိုက်တော့မယ်နော်"

"သိမ်းမယ်ဆိုပြီး ဗိုက်ထဲချည်းထည့်မနေနဲ့ဦး"

"ဟုတ်ကဲ့ပါမမ၊ ဟိုအစ်ကိုကြီး တစ်ခုလောက် ယူထားလေ၊ သိမ်းတော့မှာ သိမ်းမိန့်ကျနေပြီ"

လို့ အေးမို့မို့ဇော်က ပြောတာကို အိမ္ဗန်က လှမ်းတန့်တယ်။

"ဟိတ်. . သူများမုန့် စားပိုင်ခွင့်မရှိတော့ဘူး၊ သူ့ အလုပ်ကိစ္စ ပြောရမှာ၊ သွားသိမ်း၊ ညည်းလဲ အိမ်ထဲဝင်"

"ဟုတ်. . . ဟုတ်ကဲ့မမ"



www.burmeseclassic.com

www.burmeseclassic.com



မိုမို့က မုန့်တွေအကုန်သိမ်းသွားတော့ ရိုးရိုးလူ လွမ်းစရာလေးတွေ ဖြစ်ကျန်ခဲ့ရတာပေါ့။ ခုန . . . သူ့မုန့် အခုသူနဲ့ ဘာမှမဆိုင်သလို ဖြစ်သွားပြီလေ။ လွမ်းပေါ့။

ဦးဇော်မောင်နဲ့ ဒေါ်မူမူတို့ကလည်း အလိုက်သိစွာ အိမ်ထဲပြန်ဝင်သွားကြပြီ။

"ကဲ, သမီး . . ဧည့်သည်နဲ့ ပြောစရာရှိပြော၊ အလုပ်လုပ်စရာရှိလုပ်တော့"ပြောပြီး အိမ်ထဲဝင်သွားကြတာတော့ စိတ်ချလက်ချပဲ။

ဪ . . ဧည့်သည်က သာမန်ပုဂ္ဂိုလ်မှ မဟုတ်တာ။

ရိုးရိုးလူပဲလေ။ လက်ထဲပါးစပ်ထည့် . . အဲလေ . . ပါးစပ်ထဲလက် ထည့်ရင်တောင် ကိုက်မှာမဟုတ်ဘူး။ အကောင်လိုက်မျိုမှာ။

သွားကြပြီ။ အားလုံး လူရှင်းသွားကြပြီ။

ဧည့်ခန်းထဲမှာ ရိုးရိုးလူနဲ့ အိမ်မွန် နှစ်ယောက်တည်း။

ရိုးလူ အိမ်မွန်ကိုကြည့်တယ်။ အိမ်မွန် ရိုးလူကိုကြည့်တယ်။

ရိုးလူ့အကြည့်က စူးရဲလှတယ်။

အကြည့်ဒဏ်မိသွားတဲ့ အိမ်မွန်က မေးတယ်။

"ရှင် ဘာကြည့်နေတာလဲ"

"ချောလွန်းလို့"

"အခုလာတာ ဒီကိစ္စလား"

"မဟုတ်ဘူး၊ လှတဲ့ကိစ္စ"

"ဘာလှတာလဲ"

"လူလှတာ၊ အဲ, လူလှ . . လှလှဆိုတာ ကိုယ့်နာမည်၊ ကိုယ်နဲ့မင်း ကက်ကင်းမိတယ်၊ ကြီးပွားမယ်"

"ရှင် . . ရုံးခန်းမှာ ရည်းစာကဗျာရွတ်တာ အားမရလို့ အိမ်လိုက် လာတာလား၊ အလုပ်ကော ရပြီလား"

"အလုပ်က လျှောက်ထားဆဲပဲ၊ အခုလာတာ အမှုကိစ္စပါ"

"ဘာမှုလဲ"



www.burmeseclassic.com

www.burmeseclassic.com


"ဘာမှုမှန်း မသိသေးဘူး"

"ဘာ . . ."

"ညာတာ မဟုတ်ပါဘူး၊ ဘာမှုလုပ်ရမယ်ဆိုတာ ဒီက ရှေ့နေနဲ့ လာတိုင်ပင်တာပါ၊ အလုပ်ကိစ္စသက်သက်လာတာပါ"

"ကောင်းပြီလေ၊ အလုပ်ကိစ္စဆိုရင်တော့ လက်ခံဆွေးနွေးရမှာ ကျွန်မတို့ ရှေ့နေကောင်းတွေ အလုပ်ပဲ၊ ပြော. . ကျွန်မ ဘာကူညီရမလဲ"

"ကျွန်တော့်နောက်ကို လိုက်ပေးမှာလား"

"ဘာပြောတယ်"

"ကျွန်တော့်အမှုကို လိုက်ပေးမှာလား ပြောတာ"

"ရှင် စကားကောင်းကောင်းပြောနော်"

အိမွန်က ပြောမယ့်သာပြောတာ၊ လေသံက ပျော့နေပြီ။

အစကတည်းက ရိုးလူကို ရစ်ချင်စချင်လို့နောက်နေတာ။

မြင်ရတော့လည်း ရယ်စရာတွေချည်းမို့ အိမွန် သူနဲ့စကားပြောရတာ ပျော်သလိုလို။

"တကယ်ပြောတာပါ၊ အမှုကိစ္စကို ပြောပါ့မယ်၊ ဒီလိုပါ လူတစ်ယောက်က ကျွန်တော့်ကွယ်ရာမှာ ကျွန်တော့်ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေမယ့် စကားတွေပြောနေပါတယ်၊ ကြားရတဲ့သက်သေတွေလဲရှိပါတယ်၊ အဲဒါ သူ့ကို ကျွန်တော် ဘာလုပ်သင့်သလဲ"

"တရားစွဲပေါ့"

"တရားစွဲလို့ရလို့လား"

"ရတာပေါ့၊ ပုဒ်မငါးရာ အသရေဖျက်မှု"

"ပုဒ်မငါးရာ ဟုတ်လား"

"ဟုတ်တယ်၊ ပုဒ်မငါးရာ အသရေဖျက်မှု"

"ဟာ၊ အတော်ပဲ၊ ကျွန်တော် သုံးမှုတစ်ခါထဲအပ်ချင်တယ်"

ရိုးရိုးလူ သိပ်မရိုးတော့ဘူးရယ်။


www.burmeseclassic.com

www.burmeseclassic.com



စကားဆန်းတွေ ပြောနေတယ်။

ရွှေနေမလေး မျက်လုံးပြူးသွားတော့တာပေါ့။

"ဘာ. . သုံးမှုအပ်မယ်၊ ဘာမှုတွေလဲ"

"အဲဒီ အသရေဖျက်မှုချည်း သုံးမှုအပ်မှာ၊ ကျွန်တော့်မကောင်းကြောင်းပြောတာ သုံးယောက်ဗျာ"

"ပေါင်းစွဲလို့ရတာပဲလေ"

"ဟင့်အင်း. . သုံးမှုစွဲမှာပဲ၊ သုံးမှုလက်ခံပါနော်၊ ကျွန်တော်တစ် မှုချင်းအတွက် ကျသင့်သလောက် ဘောလ်ရှင်းပါ့မယ်"

"ရှင်က အလုပ်မရှိဘူးဆို"

"အို, အဖေရှိရင် ဘောလ်ရှင်းလို့ရတယ်၊ သုံးမှုသာအပ်ခဲ့ပါရစေ"

အိမွန် စဉ်းစားနေတယ်၊ ရိုးလူ ရိုးရိုးပြောနေတာ မဟုတ်ဘူးဆိုတာကတော့ သိနေတယ်။ ရုတ်တရက် စဉ်းစားလို့မရဘူး။

"အသရေဖျက်မှု သုံးမှုလက်ခံပါနော်"

ကဲ, ကြည့်. . . ထပ်ပြောနေတာ။

မျက်နှာက တစ်မျိုးပဲ။ မချိုမချဉ်နဲ့။

အသရေဖျက်မှုက ပုဒ်မငါးရာ။

ပုဒ်မငါးရာ သုံးမှုဆိုတော့ . . .

"ဟိုက်. . ငါ့ကို ရည်းစားစကားပြောနေတာပဲ"

ပုဒ်မငါးရာ သုံးမှု (၁၅၀၀)ဆိုတာ အိမွန်ခေါင်းထဲ ပေါက်သွားတယ်။

ချက်ချင်း မျက်နှာကို တည်ပစ်လိုက်တယ်။

"တောက်. . . ရွှေနေကိုများ ပုဒ်မတပ်ပြီး ရည်းစားစကားပြောရတယ်လို့. . သိမယ်"

အိမွန် စိတ်ထဲက ရေရွတ်လိုက်တာ။

ထိုင်ရာက ဝုန်းခနဲထပြီး ခါးထောက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုရိုးလူ . . ."

"ဗျာ, လန့်လိုက်တာ၊ ကလူ . . ကလူ ဖြည်းဖြည်းပြောပါဗျာ"

"ရှင်ပြောတော့ လူရိုးဆို"

"ရိုးလူပါ"

"အတူတူပဲ၊ ရှင်က ပုဒ်မ (၅၀၀) သုံးမှုအပ်တော့ (၁၅၀၀)ဖြစ် နေပြီဆိုတာ ကျွန်မ မသိဘူးမှတ်လို့လား"

အိမွန်တို့ ပွဲကြမ်းနေပြီ။

သူ့အသံကြားလို့ အိမ်ထဲက အေးမို့မို့က အသာထွက်လာပြီး ချောင်းကြည့်နေတယ်။

ဦးဇော်မောင်နဲ့ ဒေါ်မူမူကလည်း အိပ်ခန်းထဲက နားစွင့် နေတယ်။

ရိုးလူက ဟိုဟိုဒီဒီကြည့်၊ လက်ကာခြေခါနဲ့ အထစ်ထစ် အငေါ့ ငေါ့ ပြန်ပြောရှာတယ်။

"ဟို . . ဟို . . သုံးမှုအပ်တာ (၁၅၀၀)ပြည့်အောင်လို့ပါ၊ ကျွန်တော် ဆရာမကို တကယ် (၁၅၀၀) အပ်တာပါ"

သွားပြီ၊ အိမ်ပေါ်တက်ပြီး (၁၅၀၀)သွားလုပ်နေလေရဲ့။

အေးမို့မို့ကတော့ သဘောကျပြီး ကုန်းကုန်းကြီးပြုံးလို့။

အိပ်ခန်းထဲက ဦးဇော်မောင်ကတော့ ဒေါ်မူမူကို လက်တုတ် ပြီး ပြောနေတယ်။

"ကြားလား . . တစ်မှုကို (၅၀၀)နဲ့ သုံးမှုအပ်မှာတဲ့ကွ၊ သမီးကို တကယ် (၁၅၀၀)ရှင်းခဲ့မှာထင်တယ်"

"ဟုတ်တယ်တော့၊ တစ်ခါထဲ ငွေချေမလား မသိဘူး၊ သမီးက တော်တဲ့ ရှေ့နေဆိုတော့ အမှုသည်က တစ်ခါတည်းငွေချခဲ့မှာပေါ့"

ဒေါ်မူမူ စွတ်ပြောနေတာ။

ငွေချမှာလား၊ လူချမှာလား မသိ။

အိမ်ရှေ့မှာ ပြဿနာက တက်ဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရိုးလူ. ."

"ခင်ဗျာ . ."

"ဖြင့်ပြောလိုက်စမ်းပါ"

"တခြားဟာ ဖြင့်ချင်ဖြင့်ပါခင်ဗျား၊ ပုဒ်မတော့ မဖြင့်ပါရစေနဲ့၊ သုံးမှုကနေလဲ မလျှော့ပါရစေနဲ့"

"ကောင်းပြီ၊ ကျွန်မ မေးမယ်"

"မေး. . မေးပါ ခင်ဗျ"

"ရှင်. . ဒီကိုလာတာ ဘယ်သူအကြံပေးလိုက်တာလဲ"

"ဖေဖေ. . အဲ, ရှေ့နေ"

"ရှေ့နေ ဘယ်သူတဲ့လဲ"

"ဗဟိုတရားရုံးရှေ့နေကြီး ဦးစောဝင်းဆိုလားပဲ၊ ဖေဖေ့ကို အကြံ ပေးလိုက်တာ"

"ဦးစောဝင်း အဖျောက်လား"

"မဟုတ်ပါဘူး. . မဖြောင်တဲ့ ဦးစောဝင်းပါ"

ရိုးရိုးလူစကားကြောင့် အေးမိုမို မျက်လုံးပြူးနေတယ်။

ဒီကို နောက်ပိုးပိုးဖို့ အကြံပေးလွှတ်လိုက်တာ သူ့ဘကြီးဆိုပဲ။

ဦးဇော်မောင်နဲ့ ဒေါ်မူမူလည်း မျက်လုံးပြူးလို့။

"ရှင့်အစ်ကို ရှေ့နေကြီးက ဒီလိုဝင်ဖို့ အကြံပေးလိုက်တာတဲ့၊ ကောင်းသေးရဲ့လား"

"ကောင်းပါတယ်၊ မင်း မုန့်စားနေရတယ် မဟုတ်လား"

"ရှင့်သမီး ပါသွားလိမ့်မယ်"

"မပါနိုင်ပါဘူးကွာ၊ ကောင်လေးက ရိုးရိုးလူမှ မဟုတ်တာ၊ လူရိုးလေ. . ရိုးရိုးလူ"

"လူရိုးလုပ်မနေနဲ့၊ သမီးပါသွားမှ ရှင် မျက်ရည်စမ်းစမ်း ကျက်သီး ဖြန်းဖြန်းဖြစ်နေမယ်နော်"

"မပါပါဘူးကွာ၊ ကိုယ့်သမီးအကြောင်း ကိုယ်သိပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သမီးက အချစ်ရေး စိတ်မဝင်စားပါဘူး၊ ကြည့်နေ . . ကောင်လေးတို့ ဟောက်လွှတ် လိုက်လိမ့်မယ်"

ဟုတ်မှာ . . အိမ်ရှေ့မှာ ကြည့်ဦး။

"နေစမ်းပါဦး . . ရှင်က ကိုယ့်ကိစ္စကိုယ်မစီစဉ်ဘဲ အဖေကို ပြောရတယ်လို့၊ အဖေကလဲ ရှေ့နေနဲ့ သွားတိုင်ပင်ရတယ်လို့၊ ရည်းစားစကား ပြောမှာ မဟာစီမံကိန်းကြီးနဲ့"

"ကျွန်တော် မပြောရဲလို့ပါ"

"ရှင် ယောကျ်ား မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ရည်းစားစကား တစ်ခါမှ မပြောဖူးလို့ပါ၊ နောက်ပြီး လမ်းမှာလိုက်ပြောရင်လဲ အိရဲ့ဂုဏ်သိက္ခာ ကျဆင်းမှာစိုးလို့ပါ"

"ဘယ်လိုခေါ် လိုက်တယ်"

"အိ . . ."

အသံတွေ တိတ်သွားတယ်။ အိမ္ဗန် တွေသွားတယ်။

ရိုးလူ ငေးနေတယ်။

*[ ဒီအချိန်မှာ ပရိသတ်များ ရှူးရှူးထသွားလို့ရကြောင်း ပါခင်ဗျာ၊* **စာရေးသူ** *]*

အိမ်ခန်းထဲမှာတော့ ဦးဇော်မောင် ခေါင်းတညိတ်ညိတ် လုပ်နေတယ်။

ဒေါ်မူမူ ရင်ဘတ်ကြီးကို လက်နဲ့ဖိထားတယ်။

ဦးဇော်မောင်က ဒေါ်မူမူကိုကြည့်ပြီး ပြောတယ်။

"မင်း တက်မလို့ကြံနေတာလား၊ မတက်နဲ့ဦး အိမ်ရှေ့က အမှုက မပြတ်သေးဘူး၊ စီရင်ချက်ချဖို့ စဉ်းစားနေပုံရတယ်၊ ငါ့သမီး ဘယ်လိုပြတ်ပြတ်သားသား အမိန့်ချမယ်ဆိုတာ မင်းနားထောင် ကောင်လေးတော့ သနားပါတယ်၊ ဘယ်တတ်နိုင်မလဲ အသည်းပင် ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အယူခံဝင်မလား၊ သူ့သမီးကိုပဲ အလှူခံဝင်နေတာလား မစဉ်းစားဘူး။ စွတ်ပြောနေတာ။

"ကိုရိုးလူ. ."

အိမွန်ရဲ့အသံ။

အသံကတော့ မာသလိုလို ပျော့သလိုလိုပဲ။

မမာမပျော့ကြီး။

"ခင်ဗျာ . . ."

"ရှင် တကယ်ပဲ ရည်းစားစကား မပြောဖူးဘူးလား"

"တကယ်ပါ"

"ရုံးခန်းမှာ ပြောတာရော"

"အဲ. . အဲဒါက ရည်းစားကဗျာရွတ်တာပါ"

ကဗျာဆိုလို့ ချောင်းကြည့်နေတဲ့ မိုမို့က ရိုးလူရဲ့ကဗျာကို သတိရသွားပြီး တိုးတိုးပြန်ရွတ်ကြည့်နေလေရဲ့။

အိမွန်က ရိုးလူကို ပြုံးပြုံးကြည့်ရင်း တိုးတိုးဖွဖွလေး မေးတယ်။

"ရှင်. . ကျွန်မကို ချစ်နေတယ် မဟုတ်လား"

ရိုးလူက ရှက်ကိုးရှက်ကန်း ပြန်ဖြေတယ်။

"ဟာဗျာ. . ဟုတ်တာကြီး"

"ဟုတ်ရင်. . ရှင် ကျမ်းကျိန်ရဲလား"

ရည်းစားစကားပြောတဲ့ကိစ္စများ ဘယ်ကကျမ်းကြီးပါလာမှန်း မသိတော့ ရိုးလူ မျက်လုံးပြူးနေတယ်။ မတတ်နိုင်ဘူး ကျိန်မှဖြစ်မှာပဲ လေလို့ တွေးရင်း . . .

"ကြမ်းရော နံရံပါ ကျိန်ရဲပါတယ်" လို့ ဖြေလိုက်တော့ . .

အိမွန် ပြုံးသွားတယ်။ အပြီးသတ် စီရင်ချက်ချတယ်။

"ကောင်းပြီ. . ရှင်တင်သွင်းတဲ့ (၁၅၀၀)ချစ်မှုကို ကျွန်မ လက်ခံတယ်၊ နောက်တစ်ချိန်းမှာ အဖြေပေးမယ်၊ နောက်တစ်ပတ် ဆယ်နာရီတိတိမှာ ကျွန်မရုံးခန်းကို လာခဲ့ပါ၊ သက်သေနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခဲ့ပါ"

"ဗျာ . . သက်သေ ဘာလုပ်ဖို့လဲ"

"အဆင်ပြေရင် တစ်ခါတည်း ရုံးတက်လက်ထပ်ဖို့" — ပြတ်ရော။ ရိုးလူ ကြောင်နေတယ်။

အေးမို့မို့ကတော့ ဒါမှ ငါ့အစ်မဆိုပြီး လက်သီးနှစ်ဖက်ဆုပ်ပြတယ်။

အဲ, အိပ်ခန်းထဲမှာ လာပြဿနာတက်နေကြတယ်။ ပြဿနာက တက်တာမဟုတ်ဘူး။ ဒေါ်မူမူက တက်တာ။ ရင်ဘတ်လေးဖိပြီး . . .

"ပြတ်သားလှချည်လား သမီးရယ်"လို့ ညည်းရင်း တက်သွားတာ။

ဦးဇော်မောင်လည်း မျက်ရည်စမ်းစမ်း မထွက်နိုင်ဘဲ၊ ဒေါ်မူမူကို ဖေးမပြီး ခုတင်ပေါ်တင်ပေးရတယ်။

ဒေါ်မူမူရဲ့ ပေါင်တွင်းကြောကို ခြေတစ်ဖက်နဲ့နင်းနေတုန်း ရှုံးရှုံး တွေ့ထွက်ကျလို့ ဒေါ်မူမူ ထအော်တယ်။

"မနင်းနဲ့တော့ . . ရှင် . . ရှင် သွား . . သွား . . အိမ်သာသွား" တဲ့။

✔ ✔ ✔



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"သမီး ဘယ်လိုလုပ်လိုက်တာလဲ"

"ဘာကိုလဲ မေမေ"

"မနက်က ဟိုသူငယ်ကို ဘာတွေသွားပြောလိုက်တာလဲ"

"ဩော်, မေမေတို့ ကြားသားနဲ့"

"သမီး တကယ်ပြောလိုက်တာလား"

"ဟုတ်ကဲ့ . . အစကတော့ စလိုက်တာပါပဲ၊ စရင်းစိတ်ပါသွားလို့"

"ချစ်သူရည်းစား ထားတာတော့ အဖေ မပြောလိုပါဘူး၊ ချက်ချင်းကြီးတော့ လက်မထပ်ပါနဲ့ သမီးရယ်"

"အား . . မေမေကလဲ . . အဲဒါကတော့ နောက်လွှတ်လိုက်တာပါ၊ သူ့သူငယ်ချင်းနှစ်ယောက်ကိုလဲ နောက်ချင်လို့ မှာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လုပ်ပါ သမီးရယ်၊ မနက်က သမီးဖေဖေဆို တတယ်တို ကြက်သီးဖြန်းဖြန်း ဖြစ်တော့တာ"

"စိတ်ချပါ မေမေရယ်၊ ဘယ်ချက်ချင်းကြီး လက်ထပ်ပါ့မလဲ၊ ချစ် တာကတော့ . . ဟင်း . . ဟင်း . . စတွေ့ကတည်းက"

"အေးအေး . . ဖူးစာပေါ့၊ ကောင်လေးက ရိုးရိုးလေးပါ၊ နေပါဦး သမီးကချည်း ရှေ့ကပြေးမနေနဲ့ဦး၊ သူကတောင် အလုပ်ရမှ ဆက်သွယ် မယ်လို့ ရေးထားသေးတာ"

"ဒါအတွက်လဲ မပူပါနဲ့ မေမေ၊ သမီး သူ့အတွက် အလုပ်တစ်နေရာ စီစဉ်ထားပြီးပါပြီ"

"နေပါဦး . . သမီးတို့က လူငယ်ချင်း ချစ်သူတွေဖြစ်သွားပြီလား"

"မဖြစ်သေးပါဘူး မေမေ၊ ဖြစ်တော့မလားလို့"

"ညည်းအဖေကတော့ မျက်ရည်စမ်းစမ်း ကြက်သီးဖြန်းဖြန်း ဖြစ်တော့မှာပဲ"

"မဖြစ်စေရပါဘူး၊ သမီး အဖေတို့ အမေတို့ မျက်စိအောက်က မပျောက်စေရပါဘူး၊ လက်ထပ်ပြီးရင် သူ့ကို ဒီအိမ်ခေါ်ထားမှာပါ"

"ဟင့် . . ."

"မေမေ ဘာဖြစ်သွားတာလဲ"

"မသိပါဘူးအေ၊ ရင်ထဲစို့တက်လာတော့ . . ဟင့် . . "

ဒေါ်မူမူ တဟင့်ဟင့်ဖြစ်နေတာ . . . ရှုံ့မဲ့လို့၊ ဘယ်လိုခံစားနေရလို့လဲတော့ မသိဘူးရယ်။

သမီး ဆုံးရှုံးသွားမှာကို စိုးတာလား . . .

သမက်တက်လာတာကို ကြောက်တာလားတော့ မသိဘူး . . .

တစ်ခုခုတော့ တစ်ခုခုပဲ။

သားသမီးအပေါ် အမြဲလို ကလေးပဲ မှတ်နေခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



သချာတွေးကြည့်တော့လည်း သမီးကြီးက အသက်နှစ်ဆယ့်လေးနှစ်ထဲ ဝင်နေပြီ။ ပြန်ထွက်ရင် နှစ်ဆယ့်ငါးနှစ်ပဲ။

သီးချိန်တန် သီးတော့မပေါ့။

ပွင့်ချိန်တန် ပွင့်တော့မပေါ့။

သားအမိနှစ်ယောက် နောက်ဖေးဆောင်မှာ ထမင်းစားရင်း တွတ် ထိုးနေကြတာ။

ဦးဇော်မောင်နဲ့ မို့မို့က အိမ်ရှေ့မှာ တီဗီကြည့်နေကြတာ။

ဆယ်နာရီထိုးတော့မှ တီဗီပိတ်ပြီး ထလာတယ်။

"ထမင်းဆာပြီကွာ၊ အံမယ် မင်းတို့က စားတောင်ပြီးကြပြီပေါ့"

"စောင့်ရင်း စားဖြစ်သွားတာပဲ၊ သမီးငယ်ရော"

"လာလိမ့်မယ်၊ သူက စားပြီးသားဆို"

"သူလား . . နေမှာ၊ ထပ်စားဦးမှာပေါ့"

"စားမယ် ထင်တယ်"

"စားဦးမှာပေါ့ ဖေဖေရဲ့၊ ဖေဖေတစ်ယောက်ထဲ ပျင်းနေမှာပေါ့။ မမတို့က စားပြီးကြပြီ မဟုတ်လား"

နောက်ဖေးက ထမင်းဝိုင်းကို ဝင်လာတဲ့မို့မို့က ပြောရင်း စားဖို့ ပြင်နေပြီ။

အိမွန်က ထမင်းဟင်း ခူးခပ်ပေးပြီး ထုံးစံအတိုင်း ပွစိပွစိလုပ် တော့တာ။

"မို့မို့တို့ကတော့နော် . . ဘာမှလဲ ဝိုင်းမလုပ်ဘူး၊ ပန်းကန်လေး တောင် ဆေးဖော်မရဘူး၊ စားပြီး ထမသွားနဲ့ ပန်းကန်တွေ ဆေးသွား"

မို့မို့က လျှာလေးတစ်လစ်နဲ့ ပခုံးတွန့်ပြတယ်။

"ဒီလို ပွစိပွစိကြီးကိုများ ကြိုက်တဲ့လူက ရှိသေး"

လို့လည်း ဝင်ပြောလိုက်လေရဲ့။

"မို့မို့နော် . . စကားပြောတာ ကြည့်ပြော၊ ညည်းထက်



www.burmeseclassic.com

www.burmeseclassic.com



အငယ်လေး မဟုတ်ဘူး၊ ညည်းထက် ခုနစ်နှစ်ကွာတယ်"

"သိပါတယ် အပျိုဟိုင်းကြီး၊ ရှယ်လူ မရမှန်းမသိလို့ ရိုးရိုးလူကိုပဲ ကန်တူးလိုက်တာ မဟုတ်လား"

"မို့မို့နော်. . အဖေ့သမီးကို မပြောတော့ဘူးလား"

"သမီးကို ဘာပြောနေလို့လဲ"

"သမီးက ယောကျ်ားမလိုချင်လို့ နေခဲ့တာကို ရှယ်လူမရလို့ ရိုးရိုးလူကို ကန်တူးသတဲ့၊ ဖေဖေ့ရှေ့မှာ ပြောနေတာ"

"နို့. . သမီးကရော မတူးလို့လား"

"တူး. . အွယ်. . မတူး. . ဖေဖေကပါ ဘာတွေလျှောက် ပြောနေတာလဲ၊ သမီး ရှက်တယ်"

အိမ္ဗွန်က ခြေဆောက်ဆောင့်ပြီး ထွက်သွားတယ်။

ဦးဇော်မောင်က တဟဲဟဲရယ်ရင်း. .

"သမီး ဒီဘက်လှည့်စမ်း"

"ဘာလုပ်မလို့လဲ၊ ဖေဖေကလဲ. . ."

"ရှက်တဲ့မျက်နှာ ကြည့်ချင်လို့၊ ဟေးဟေး. . မနက်က ညှို့သည်နဲ့အမူလက်ခံနေတုန်း ဒီမျက်နှာ မဟုတ်လောက်ဘူး"

"ဖေဖေနော်. . ."

"သမီးနော်. . ."

"ဖအေကြီး ဘာတွေပြောနေတာလဲ၊ ရှင့်သမီးတွေနဲ့ တဟေးဟေး လုပ်မနေနဲ့"

ဒေါ်မူမူ စကားမဆုံးသေးဘူး ဦးဇော်မောင်က ဖြတ်ပြော တယ်။

"မျက်ရည်စမ်းစမ်း ကြက်သီးဖြန်းဖြန်း ဖြစ်နေမယ်မဟုတ်လား၊ ဟေး ဟေး. ."

၉၄



www.burmeseclassic.com

www.burmeseclassic.com



"ဘာဘဆရာ"

"ဘာလဲ တူမကြီး"

"မေးစရာရှိလို့"

"ဘာများလဲ မေး"

ဦးစောဝင်းက အမှုတွဲကို ပိတ်လိုက်ပြီး နားစွင့်တယ်။

အိမွန်သည်းပိုဇော်က ဖတ်လက်စဖိုင်ကို ချပြီး မေးလေး ထောက်တယ်။ သူ တကယ်မေးတော့မှာ။

"ဒီရက်ပိုင်းအတွင်းမှာ ဘာဘဆရာ ရိုးရိုးလူတို့ကို ဘာအကြံ တွေ ပေးလိုက်မိသေးလဲ"

"ဘယ်မှတ်မိပါ့မလဲ၊ ငါ အကြံပေးတာ . . ရိုးရိုးလူတွေရော၊ အရာရှိကြီးတွေရော၊ ကုမ္ပဏီမန်နေးဂျင်း ဒါရိုက်တာတွေရော စုံနေတာပဲ၊ မမှတ်မိဘူး"

"စဉ်းစားပါဦး၊ ရှေ့နေမလေးတစ်ယောက်ကို ရည်းစားစကား ပြောဖို့ ဘယ်လိုချဉ်းကပ်ရမယ်ဆိုတာမျိုး အကြံမပြုမိဖူးလား"

အိမွန်မေးတော့ ဦးစောဝင်း စဉ်းစားတယ်။

ဆရာချစ်ကိုကိုယုနဲ့ စကားပြောနေတုန်း လူတစ်ယောက်ကို အဲဒီကိစ္စ အကြံပေးမိတာကို စဉ်းစားမိသွားတယ်။

"နေဦးဟ . . ငါ့ကို တိုက်ရိုက်မေးတာတော့ မဟုတ်ဘူး၊ ဆရာချစ်ကိုကိုယုဆီ လာအကြံတောင်းတဲ့လူတစ်ယောက်ကိုတော့ အဲဒီကိစ္စ ငါဝင်အကြံပေးဖူးတယ်"

"ဟုတ်လား . ."

"ဟုတ်တယ်၊ ငါအကြံပေးလိုက်တာ ရိုးရိုးလူတော့ မဟုတ်ဘူး၊ ဦးဆန်းလူတဲ့ဟ"

"ဟုတ်လား . . ."

"ဟုတ်တယ်"

"ဦးလေး တော်တယ်၊ ဦးလေး အကြံပေးလိုက်တာ သူ့သား



www.burmeseclassic.com

www.burmeseclassic.com


အဆင်ပြေသွားပြီ၊ ဒီကိစ္စကို ဆရာချစ်ကိုကိုယုထံက **အိမွန် မင်းနေတာ** သိရတာလေ"

"ဘယ်လို . . ညည်းက ဘယ်လိုသိတာလဲ"

"သမီးနဲ့ တိုက်ရိုက်ပတ်သက်နေတာပဲ၊ မကြာခင် ဦးလေး သိရမှာ၊ ဆယ်နာရီဆို သူတို့လာတော့မှာ"

"ဘယ်သူလာမှာလဲ"

"ရိုးရိုးလူ"

"ဟို . . ကဗျာရွတ်တဲ့ ကောင်လေးလား"

"ဟုတ်တယ်"

"သူ အလုပ်ရသွားပြီလား"

"ရတော့မှာ၊ အလုပ်ရော မိန်းမရော ရတော့မှာ၊ အဲဒါ ဦးလေး ကောင်းမှုကြောင့်"

"ငါ နားမလည်ရပါလား"

ဦးစောဝင်း တကယ်ကို ဘာမှမသိသေးတာ။

သူ့တူမရွှေနေမလေး . . .

ဝါရင့်ရွှေနေကို ပြန်ပြီးပညာပြနေလေရဲ့။

"ညည်းက ငါ့များ ပဟေဠိဝှက်နေတယ်ပေါ့"

"ဟုတ်ပါဘူး၊ တကယ့်ကို ဦးလေးကောင်းမှုငဲ ဦးလေးအကြံပြု လိုက်လို့ သူတို့သားအဖ ပြေလည်သွားကြတာ"

"ဘာမှန်း မသိဘူး၊ ရှုပ်ယှက်ခတ်နေတာပဲ၊ ငါ့ကို တည့်တည့် ပြော၊ ရွှေနေပေမယ့် တည့်တည့်ပြောမှ သိတာ"

"မကြာခင် သိရမှာ၊ ဆယ်နာရီထိုးတော့မယ်၊ သူတို့လာတော့ မှာ"

ဟုတ်တယ်။

ဆယ်နာရီ ဒေါင်ခနဲဆိုတာနဲ့ ရိုးရိုးလူတို့ ရုံးခန်းထဲဝင်လာ တယ်။


www.burmeseclassic.com

www.burmeseclassic.com



"ဝင်ခွင့်ပြုပါ ခင်ဗျား"

အခန်းဝကနေရပ်ပြီး ဝင်ခွင့်တောင်းနေတာက ရှိုးရှိုးလူပါပဲ။

သူ့နောက်မှာတော့ ကိုဇော်နဲ့ မင်းဟန်။

ဦးစောဝင်းက သူတို့ကိုကြည့်ရင်း မေးလိုက်တယ်။

"မင်း ရှိုးရှိုးလူ မဟုတ်လား"

"ဟုတ်ပါတယ်"

"နောက်က နှစ်ယောက်က. . ."

"သက်သေ လက်မှတ်ထိုးဖို့ပါ"

"မင်းတို့က ဘာလုပ်မှာလဲ"

ရှိုးရှိုးလူ မဖြေဘူး . . .

အိမွန်ကို လှမ်းကြည့်တယ်။

အိမွန် ခေါင်းလေး ငုံ့သွားတယ်။

သူ့ဦးလေးကို တိုးဖွဖွလေး ပြောလိုက်တယ်။

"ခေါ်လိုက်ပါ". . တဲ့။

"ကဲ, ဝင်၊ မဝင်နဲ့ဆိုလဲ ဝင်မယ့်ကောင်တွေ"

ဟုတ်တော့ ဟုတ်မှာ။

စကားမဆုံးသေးဘူး အထဲရောက်နေကြပြီ။

"ထိုင်ကြလေ"

အိမွန်က တိုးဖွဖွလေး ပြောလိုက်တယ်။

ဦးစောဝင်းက သူ့တူမကို ကြည့်ပြီး. . .

"ဒီကောင်မလေး တစ်မျိုးပဲ၊ ရှိုးပုံမပေါ်ဘူး၊ ဟိုကောင်က ရှိုးလို့တော်သေးရဲ့"

လို့ တွေးလိုက်မိသေးတာ။

"ဘာဘာဆရာ. . ."

အိမွန်က ခေါ်လိုက်တာ တိုးဖွဖွလေး။

"ဘာတုံးဟ"



www.burmeseclassic.com

www.burmeseclassic.com



ဦးစောဝင်း ထူးလိုက်တာ ခပ်ကျယ်ကျယ်ပဲ။

"အဲဒါ ရိုးရိုးလူ"

"သိသားပဲ၊ သာမန်ပုဂ္ဂိုလ်"

"သူလာတာ ရိုးရိုးကိစ္စ မဟုတ်ဘူး"

"ပြဿနာပါလား၊ ဘာကိစ္စလဲ"

"ချစ်မှုဖြစ်ပြီး ရောက်လာတာ"

"နားမရှင်းဘူး၊ ရှင်းအောင်ပြော"

"ကဲ, ကိုရိုးရိုးလူ ရှင်ပဲ ရှင်းပြလိုက်ပါ၊ ရှင် ကျွန်မအိမ်ကို ဘယ်လိုရောက်လာရတယ်၊ ဘယ်သူ့အကြံပြုလို့ ရောက်လာရတယ်ဆိုတာ"

အိမွန်ကပြောပြီး ခေါင်းငုံ့သွားတယ်။

ရိုးရိုးလူက ဦးစောဝင်းကို လေးလေးစားစားပဲ ပြောပါရဲ့။

"ကျွန်တော်က ရွှေနေမလေးတစ်ယောက်ကို ကြိုက်ပါတယ်၊ လိုက်စကားမပြောရဲပါဘူး၊ သူ့ရဲ့ဂုဏ်သိက္ခာကိုလဲ ငဲ့လို့ပါ၊ အဲဒါ ဖေဖေ သိတော့ ရွှေနေတစ်ယောက်ဆီမှာ အကြံတောင်းပါတယ်၊ စာရေးဆရာ ရွှေနေ ချစ်ကိုကိုယုနဲ့ ဖေဖေက သူငယ်ချင်းတွေပါ"

"ဟော. . ."

ဦးစောဝင်း ဟောခနဲဖြစ်သွားတယ်။

ရိုးရိုးလူကို လက်ကာပြပြီး . . .

"ဆက်မပြောနဲ့တော့ ငါသိပြီ၊ အဲဒီနေ့က ငါလဲရှိတယ်၊ ကြော်၊ အဲဒါ မှင်းအဖေကိုး၊ နို့နေပါဦး. . အဲဒီအကြံပြုချက်အတိုင်း ဆောင်ရွက် တော့ အဆင်ပြေရဲ့လား"

"ပြေပါတယ် ခင်ဗျ"

"ဘယ်လိုပြေလည်သွားတာလဲ"

ဦးစောဝင်း စွတ်တင်နေတာ။

ပြေလည်သွားတဲ့ ရွှေနေမက သူတူမဆိုတာ မေ့သေး



www.burmeseclassic.com

www.burmeseclassic.com



ဘူးရယ်။

သူ့အကြံကောင်းကြောင့် ပြေလည်တာကို သူ တကယ်သိချင်နေတာကလား။

"ရွှေနေ အကြံပေးတဲ့အတိုင်း ကျွန်တော် ကောင်မလေး အိမ်သွားပြီး အမှုအပ်လိုက်ပါတယ်၊ ရွှေနေ အကြံပြုတဲ့အတိုင်းပဲ ပုဒ်မငါးရာ အသရေဖျက်မှု သုံးမှု အပ်လိုက်ပါတယ်"

"များလှချည်လား"

"သုံးမှုမှ ထောင့်ငါးရာပြည့်မှာကိုး"

"အဟေးဟေး . . ဟုတ်သားပဲ၊ မင်းက ရွှေနေထက် ဉာဏ်ကောင်းသေး . ."

ဦးစောဝင်းတို့ စွတ်တင်နေတာ။

သူ့တူမကဖြင့် ရှက်လို့။

ရိုးရိုးလူကို ပြုံးပြုံးကြီးကြည့်နေလေရဲ့။

ရိုးရိုးလူက အိမ္ဗန်ကို လှမ်းပြုံးပြလိုက်ပြီး ဆက်ပြောတယ်။

"လိုရင်းတိုရှင်းပြောရရင် ကျွန်တော် ပြေလည်သွားတယ်"

"ကောင်းတယ်ကွာ၊ မင်္ဂလာဆောင်ရင် ငါ့လဲဖိတ်"

"ဖိတ်မှာပါ၊ ဖိတ်စာထဲမှာတောင် ပါရင်ပါဦးမှာ"

"ဘာကွ"

"ဖိတ်မှာပါလို့၊ ဖိတ်စာထိပ်မှာ အန်ကယ့်နာမည်တပ်ဖိတ်မှာ ပြော တာပါ"

"ဟေး . . ဟေး . . ဖိတ် . . ဖိတ် . . လာခဲ့မယ်"

"ကိစ္စက မပြတ်သေးဘူး အန်ကယ်ရဲ့၊ ကျွန်တော့် ကောင်မလေးက ရုံးခန်းကို ချိန်းလိုက်တယ်၊ ချစ်သင့် မချစ်သင့် ဒီနေ့ အပြီးသတ်အမိန့်ချမှာတဲ့"

"ဟုတ်လား၊ ဘယ်တော့လဲ၊ ဘယ်မှာလဲ"

"ဒီနေ့ပဲ . . ဒီမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုရယ်. ."

"ဒီမှာချိန်းလိုက်တာ ဆယ်နာရီတဲ့ ဆယ်နာရီတောင် ကျော်နေပြီ"

"ဟုတ်တယ် ဦးလေး၊ သမီး ချိန်းလိုက်တာ"

"ဟော. . ."

ဦးစောဝင်း စိတ်ရှုပ်သွားတယ်။

ဘာတွေမှန်းမသိ ဖြစ်နေတာ။

"ရှေ့နေရဲ့အကြံပြုချက်နဲ့ ရိုးရိုးလူ သမီးဆီ ရောက်လာတယ်"

"မြတ်စွာဘုရား"

"အမှုအပ်တယ်၊ အသရေဖျက်မှု သုံးမှု"

"မှားပြီ"

ဦးစောဝင်း ဘုရားတ,နေပြီ၊ ရှုံ့မဲ့လို့။

"အဲဒါ. . ဆမီး သုံးမှုလုံးလက်ခံလိုက်တယ်၊ ဒီနေ့ အပြီးပြတ် အမိန့်ချဖို့ ဒီကိုချိန်းလိုက်တာ"

အိမွန် တည့်တည့်ပြောတော့ ဦးစောဝင်း သဘောပေါက်သွား တယ်။

"သိပြီ. . ပေါက်သွားပြီ၊ ဒါ. . ငါ့လက်ချက်ပဲ၊ ဟေးဟေး. . ငါ့ လက်ချက်မှန်း ငါ့ညီဇော်မောင်ရော သိသွားသလား"

"သိတာပေါ့"

"ဘုရားကယ်တော်မူပါ"

"ကဲ, ဦးလေး. . ဘုရားတ,မနေနဲ့၊ သီးချိန်တန်သီး ပွင့်ချိန်တန် ပွင့်ကြရတာပဲ၊ အိမ်က ဖေဖေတို့လဲ သိကုန်ပြီ၊ အခု ဦးလေးလဲ သိပြီ၊ သမီး ဆုံးဖြတ်ရတော့မယ့်အချိန်ပဲ၊ သမီး ဘာလုပ်သင့်သလဲ"

"အယ်. . ညည်းဟာ ဗိုက်ထဲရောက်မှ စားလိုက်ရမလား မေးနေ သလိုပါပဲလား"

"မဟုတ်ဘူးလေ၊ ဦးလေးအကြံနဲ့ စထားတာ၊ ဦးလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြံနဲ့ပဲ အဆုံးသတ်ချင်တယ်"

"ညည်း ငါ့ကို တရားခံရှာတာလား"

"မဟုတ်ပါဘူး၊ လူမိုက်ငှားတာ"

"နေဦး . . ကောင်လေးကို ငါ စစ်ချက်ယူလိုက်ဦးမယ်"

"ရစ်တော့ မရစ်နဲ့နော်"

"အေးပါ သိတတ်လိုက်တာ"

ဦးစောဝင်းက ရိုးရိုးလူတို့ ထိုင်နေတဲ့ ဆက်တီဆီ ထသွားတယ်၊ ခုံလွတ်မှာ ဝင်ထိုင်တယ်။

ဦးစောဝင်း ထိုင်တာနဲ့ ရိုးရိုးလူက အောက်ဆင်းဆောင့်ကြောင့်ထိုင်ပြီး ကုန်းကန်တော့တော့တာ။

"ဟာ . . ဟ . . နေပါဦး၊ ဘာပြောရသေးလို့လဲ"

"ကျွန်တော် အန်ကယ့်ကို ကျေးဇူးတင်လွန်းလို့ပါ၊ ဖေဖေ့ကို အကြံပြုလိုက်တာ အန်ကယ်မှန်း အခုမှ သိရတာ၊ သိတာနဲ့ ဘယ်လို တန်တော့ ချင်မှန်းကို မသိလို့ပါ"

"ဟုတ်ပါတယ် ခင်ဗျာ၊ အန်ကယ့်လို ထက်ထက်မြက်မြက် အကြံပေးနိုင်တဲ့ ရှေ့နေမျိုးကို ကျွန်တော်တို့လဲ ကန်တော့ပါရစေ၊ ကျွန်တော်တို့ကိုလဲ အကြံပေးပါနော်"

ရှုပ်ကုန်ပြီ။

ကိုဇော်နဲ့ မင်းဟန်တို့ကပါ ဆင်းကန်တော့နေကြတော့တာ။

"ကဲ . . ကဲ, ထကြပါတော့၊ မင်းတို့နှစ်ယောက်ကိုတော့ အကြံမပေးပါရစေနဲ့တော့၊ ငါ့မှာလဲ တူမလေးတစ်ယောက်ပဲ ကျန်တော့တာ၊ ငါ့ညီ ဇော်မောင်ကိုတောင် မျက်နှာဘယ်လိုပြရမယ်မှန်း မသိသေးဘူး"

ဦးစောဝင်းက ရှက်ရှက်နဲ့ပြောနေတာ။

ဒါကို မင်းဟန်က နောက်လိုက်သေးတယ်။

"ဦးလေးမျက်နှာကို ဒီလိုပြလိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို လက်ဝါးနဲ့ကာပြီး လက်ချောင်းလေးတွေ ကားပြလိုက်တာ။

"ဟေး. . ဟေး. . ဟုတ်တယ်၊ အဲဒီလိုပဲ ပြရမှာ၊ အခုလဲ မင်းတို့ကို ရှေ့မျက်နှာနောက်ထားပြီး ပြောရဦးမှာ၊ ကဲ, ပြန်ထိုင်ကြပါကွာ"

အားလုံး ဆက်တီမှာပြန်ထိုင်တယ်။

ဦးစောဝင်း ဘာပြောမလဲ ငံ့လင့်နေကြတယ်။

"အဟမ်း. . အဟမ်း. . "

ဦးစောဝင်း ချောင်းဟန့်နေပြီ။ စတင်စစ်ဆေးတော့မှာ။

"မင်းနာမည်က ရိုးရိုးလူနော်"

"ဟုတ်. . "

"မင်းက အန်ကယ့်တူမကို မေတ္တာသက်ဝင် ချစ်ခင်နေတယ်ဆိုတာ အမှန်ပဲလား"

"မှန်ပါတယ်၊ စတွေ့ကတည်းက ချစ်မိတာပါ။ အန်ကယ့်တူမက ချောတယ်လေ၊ နဂိုချောပါ။ ကျွန်တော် ချစ်လို့ ချောတယ်ပြောတာ မဟုတ်ပါဘူး"

"ဟိုး. . ဟိုး. . အပိုတွေ မဖြေနဲ့၊ လိုရင်းဖြေ၊ ဟုတ်ရင်ဟုတ်တယ်၊ မဟုတ်ရင် မဟုတ်ဘူးဘဲဖြေ၊ သိတယ်နော်"

"ဟုတ်. . . "

"ဘာမှ မမေးရသေးဘူး၊ ဘာဟုတ်တာလဲ"

"သိတယ်နော်ကို ဟုတ်တာပါ"

"မင်း ရည်းစားမထားဖူးဘူးဆိုတာ အမှန်ပဲလား"

"မှန်ပါတယ်"

"ဟိုခုံမှာ ထိုင်နေတဲ့ ကလေးမကိုသိလား"

"သိတာပေါ့၊ ကျွန်တော့်ချစ်သူ အိမ္ဗွန်သည်းပိုဇော်"

"ဟိတ်. . အပိုတွေမပြောနဲ့၊ သိရင်သိတယ်၊ မသိရင် မသိ



www.burmeseclassic.com

www.burmeseclassic.com


ဘူးဘဲဖြေ"

"သိပါတယ်"

"မင်းနဲ့သူနဲ့ ချစ်နေကြပလား"

"မချစ်သေးပါဘူး"

"ဒီနေ့ ဒီကို ဘယ်သူချိန်းတာလဲ"

"သူချိန်းတာပါ"

"ဘာလုပ်ဖို့လဲ"

"ချစ်မိန့်ချဖို့"

"ကောင်းပြီ၊ သူ့ထံက အမိန့်ကို နာခံဖို့အသင့်ပြင်ထား၊ ဒီအမိန့်က ငါချလို့မရဘူး၊ သူကိုယ်တိုင်ချရမှာ"

ဦးစောဝင်းက ခဏစကားဖြတ်ပြီး အိမ္ဘန်သည်းပိုဖော်ထံ ထသွားတယ်။

သူတူမကို တိုးတိုးလေး ကပ်ပြောတယ်။

"ကောင်လေးက မဆိုးပါဘူး၊ တူမကြီးကို တကယ်ချစ်ပုံရတယ်၊ အပြီးပြတ်သာ အမိန့်ချလိုက်တော့"

"ဘယ်လိုချရမှာလဲ ဦးလေးရဲ့၊ တစ်ခါတည်း လက်ထပ်လိုက်ရမှာလား"

"ဟာ့ သေတော့မှာပဲ၊ သူ့အချစ်ကို လက်ခံလိုက်တယ်လောက်ပဲလုပ်ပေါ့၊ ဘယ့်နှယ် မိန်းကလေးက ရှေ့ကပြေးနေရတာလဲ"

"ဒါဆို သူချစ်တာကို လက်ခံလိုက်ရမယ်ပေါ့"

"အေး. . မျက်နှာပူရင် ငါရှောင်ပေးမယ်၊ ငါ လက်ဖက်ရည်ဆင်းသောက်လိုက်ဦးမယ်"

ဦးစောဝင်းက တူမချောကို သွန်သင်ပြီး ရှိုးရှိုးလူတို့ကို နှုတ်ဆက်လိုက်တယ်။

"ပြောကြဦးကွာ၊ အန်ကယ် ဆရာချစ်ကိုကိုယုဆီ သွားလိုက်ဦးမယ်၊ ကြာနေရင် စိတ်မပူနဲ့၊ နှစ်လုံးသောက်လူမိုက်ဇာတ်ကား


www.burmeseclassic.com

www.burmeseclassic.com



ရိုက်နေတယ် မှတ်လိုက်. . ဟေး. . ဟေး"

ဦးစောဝင်း ထွက်သွားတော့ အိမွန်ထလိုက်တယ်။ စားပွဲကို လက် ထောက်ပြီး ရိုးလူတို့ကို ကြည့်တယ်။

သူကြည့်တာက တရားခံကြည့် ကြည့်တာဆိုတော့ ရိုးလူတို့သုံး ယောက်လုံးကြောင်ပြီး ထရပ်နေလိုက်တယ်။

"ထိုင်ပါ။ ကျွန်မရဲ့ ဆုံးဖြတ်ချက်ကို ရှင်တို့ထိုင်ပြီး နားထောင် နိုင်ပါတယ်၊ ဟိုနှစ်ယောက်ကတော့ သက်သေပေါ့နော်"

"ဟုတ်ကဲ့ သက်သေလက်မှတ်ထိုးဖို့ အသင့်ပါပဲ"

"ဘာသက်သေလက်မှတ်မှ ထိုးဖို့မလိုသေးပါဘူး. . . ဆုံးဖြတ် ချက်က မူကြမ်းပဲရှိပါသေးတယ်"

"တစ်မျိုးပါလား"

ကိုဇော်ကရေရွတ်လိုက်တာ။

"ဘာကြီးမှန်းမသိ"

မင်းဟန် ညည်းတွားသံပဲ။

"အတော်ရစ်တာပဲ"

ရိုးလူ တိုးတိုးလေးညည်းတာ။

အဲဒါကို အိမွန်က မသဲမကွဲကြားလေရဲ့။

"ဘာပြောတယ်"

"အတော်ချစ်စရာပဲလို့ ပြောတာလေ၊ ဒီနေ့ အိ သိပ်လှတာပဲ"

"မုန်လာဥ မလုပ်နဲ့၊ ကဲ, နားထောင်၊ အားလုံးလက်ပိုက်ထား"

အိမွန်က တည်တည်ကြီးအမိန့်ပေးတော့ ရိုးလူတို့ လက်ပိုက် လိုက်ကြတယ်။

အိမွန်က ဆရာမကြီးစတိုင်နဲ့ စားပွဲကို လက်ထောက်ပြီး ပြောနေတော့တာ။

"အားလုံးနားထောင်ပါ။ လောကမှာ အချစ်ဆိုတာ နှစ်မျိုးပဲ ရှိတယ်၊ သုံးမျိုးမရှိဘူး၊ မှတ်မိလား"



www.burmeseclassic.com

www.burmeseclassic.com



*"မှတ်မိပါတယ်"*

"မှတ် . . မိ . ."

"မှတ်မိပါတယ် . . ဆရာ . . မ"

သုံးယောက်သား အသံသုံးမျိုးနဲ့ ဖြေလိုက်ကြတာ။ ကျူရှင်လာတက်နေကြတဲ့ ကျောင်းသားတွေကျနေတာပဲ။

"မှတ်မိရင်ပြောစမ်း၊ လောကမှာ အချစ်ဘယ်နှမျိုးရှိ . . "

"နှစ်မျိုးရှိ . "

"ဟုတ်ပြီ . . အဲဒီနှစ်မျိုးက ငါးရာနှစ်ဆယ့်ရှစ်နဲ့ တစ်ထောင့်ငါးရာပဲ . . မှတ်မိတယ်နော်"

"သိပြီးသားကြီးပါ"

"မှတ်စရာကို မလိုဘူး"

"ဟုတ်ပြီ"

"မောဗျ . . . အလကားနေ ဟုတ်နေတာပဲ၊ ဘာဟုတ်မှန်းလဲမသိဘူး"

လို့ တိုးတိုးပြောလိုက်တာ မင်းဟန်ပဲ။

ကိုဇော်ကလည်း တိုးတိုးပြန်ပြောလေရဲ့။

"သူ ဟုတ်ရင် ဟုတ်လိုက်ကွာ၊ ဒီပွဲက သူ့ပွဲ၊ သူကျော်နပ်မှတို့ ကောင်ကြီး အဆင်ပြေမှာ"

တိုးတိုးပြောနေတဲ့နှစ်ယောက်ကို အိမွန်က လှမ်းဟောက်တယ်။

"ဟိုနှစ်ယောက် ခေါင်းချင်းဆိုင် တွတ်ထိုးမနေနဲ့၊ ဒါ လက်ဖက်ရည်ဆိုင်မဟုတ်ဘူး၊ ရုံးခန်းရှင့်"

"ဟုတ် . . မှားပါတယ် ဆရာမလေး" လို့ပြောပြီး နှစ်ယောက်သား ရင်ကော့ ပါးစပ်ပိတ်ထားလိုက်လေရဲ့။

ရှိုးရှိုးလူကတော့ အိမွန်ကိုကြည့်ရင်း အတွေးနယ်ချဲ့နေတယ်။ သမိခင်ပြောခဲ့တဲ့စကားတွေကို ပြန်ကြားယောင်နေမိတယ်။

●



www.burmeseclassic.com

www.burmeseclassic.com



"ရွှေနေဆိုတာ ရွှေကာပဲနေတယ်၊ နောက်က ဘယ်တော့မှ မလိုက်ဘူး"

"ချွေးမက ရွှေနေဆို ဖြစ်မှာမဟုတ်ဘူး၊ တစ်အိမ်လုံးကို သူတအမှုသည်လို ကြည့်မှာမြင်မှာ"

"အားအားရှိ . . နို့တစ်ထုတ်နေမှာ"

"ဟုတ်လိုက်လေ အမေရယ်"

ရိုးရိုးလူ ယောင်ပြီး အသံထွက်သွားတယ်။

အိမွန်က မျက်မှောင်ကြုတ်ကြည့်ပြီး လှမ်းမေးတယ်။

"ရှင့်ကို ဘာမှမပြောရသေးဘူး၊ ဘာဟုတ်တာလဲ . . . ဘယ်က အမေလဲ"

"အိမ်က အမေပါ၊ အမေပြောတာ သတိရလို့ပါ"

"ဘာပြောဖူးလို့လဲ"

"ဟိုလေ . . သား . . မိန်းမယူမယ်ဆို ရွှေနေမလေးကို ရှာယူတဲ့၊ ရွှေနေတွေက သိပ်စကားပြောကောင်းတာတဲ့၊ အမေ သိပ်အားကျတာပဲတဲ့၊ ရွှေနေဆိုတာ တကယ့်ပညာရှင်တဲ့"

"ဟုတ်ရဲ့လား၊ ရှင် မညာနဲ့နော်"

"တကယ်ပါ၊ မယုံရင် ဒီကောင်တွေမေးကြည့်"

ရိုးလူက စစ်ကူတောင်းတော့ ကိုမောင် မနေသာလို့ ဝင်ဖော ရှော လုပ်ရတော့တာပေါ့။

"ဟုတ်တယ် . . ဟုတ်တယ် . . သူ့အမေက ရွှေနေမှ ချွေးမတော်ချင်တာတဲ့၊ သားရယ် လက်ထပ်ပြီး မြန်မြန်အိမ်ပေါ် ခေါ်ခဲ့ပါလို့ ချည်း ပြောပြောနေတာ၊ မယုံ သူ့မေးကြည့် . . ."

မင်းဟန်ဘက်လှည့် ကွန့်လိုက်တာ. . .

မင်းဟန်ကလည်း မခေပါဘူး။

"မှန်လိုက်လေ ဆရာမလေး၊ သူ့အမေတင် ရွှေနေချစ်တာ မဟုတ်ဘူး၊ သူ့အဖေကလဲ ရွှေနေချွေးမ မရမှာစိုးလို့ ရွှေနေ့သွား



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်တာ သာကြည့်”

သုံးယောက်သား အဖြေးကောင်းတော့ အိမ္ဗန် ငိုင်သွားတယ်။

“ဟုတ်မှာ”လို့ တွေးရင်း ရှိုးရှိုးလူကို ကြည့်မိတယ်။

ရှိုးရှိုးလူကလည်း အိမ္ဗန်ကိုကြည့်နေတာ ဝပ်တစ်ထောင့်ငါးရာ အားအပြည့်ပဲ။

အိမ္ဗန် ရှက်သွားပြီ။

စကားဟဟ မပြောရဲတော့သလို ဖြစ်သွားပြီ။

အချစ်နတ်က ဖမ်းစားလိုက်တာ ချက်ချင်းပဲ။

ဒါပေမယ့် သူပြောရမယ့်ကိစ္စက မပြတ်သေးဘူး။

ဆက်ပြောရဦးမှာ။

“ကဲ, ဆက်နားထောင်ကြပါ၊ အရေးကြီးပါတယ်”

အိမ္ဗန်ရဲ့အသံကြောင့် အားလုံးငြိမ်နားထောင်နေကြတယ်။

အိမ္ဗန်ရဲ့နောက်ဆုံးအပြီးသတ် အမိန့်လာတော့မှာမို့ ရင်ခုန်နေကြလေရဲ့။

အိမ္ဗန်သည်းပိုးဇော်ရဲ့ နှုတ်ဖျားက ချစ်မှုလျှောက်ထားချက်အပေါ် အပြီးသတ်အမိန့်ချတော့မှာ။

ကွင်းလုံးပဲ လွတ်မလား . . .

ပေါင်းရင်းလောက်ပဲ လျှော့မလားတော့ မသိဘူးရယ်။

ဒိတ် . . ဒိတ် . . .

ဒိတ် . . ဒိတ် . . .

ရင်ခုန်နေကြတာ။ မီးရထားခုတ်နေသလိုပဲ။

အိမ္ဗန် ပြောတော့မယ်။

ပါးစပ်ဟလာပြီ။

ဟာ . . . ပြန်ပိတ်သွားတယ်။

အမိန့်ချဖို့အရေး ပါးစပ်ကြီးက ဟလိုက်ပိတ်လိုက်နဲ့ ဘာမှန်းကို မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဟော. . . ပြန်ဟလာပြီ။

ပြောတော့မှာ. . .

ရိုးရိုးလူကို မရိုးမသားကြည့်ပြီး ပြောတော့မှာ။

ပြောပါပြီ။

"ရိုးရိုးလူရဲ့ လျှောက်ထားချက်ကို ကျွန်မ အပြန်ပြန်အလှန်လှန် သုံးသပ်ကြည့်တဲ့အခါမှာ တကယ်ချစ်ကြောင်း ပေါ်လွင်နေပါတယ်၊ သက်သေများရဲ့ ထွက်ချက်အရလဲ လူလွတ်တစ်ယောက်ဖြစ်ကြောင်း ထင်ရှားပါတယ်၊ ယခု ချစ်မှုမှာ မရိုးမဖြောင့်တာမပါဘဲ ရိုးသားစွာ ခံစားချက်နဲ့ လျှောက်ထားကြောင်း ထင်ရှားပေါ်လွင်တဲ့အတွက် အဖ ဦးဆန်းလူ၏သား မောင်ရိုးလူ၏လျှောက်ထားချက်အား အချစ် ကျင့်ထုံးဥပဒေပုဒ်မ-၁၅၀၀ အရ လက်ခံလိုက်ကြောင်းနဲ့ ချစ်သူ အဖြစ် သတ်မှတ်လိုက်ကြောင်း ဆုံးဖြတ်လိုက်ပါတယ်"

"ရှိုး. . ဖြောင်း. . ဖြောင်း"

"ဖြောင်း. . ဖြောင်း"

အိမ့်မွန်ရဲ့ ဆုံးဖြတ်ချက်အပြီးမှာ ကိုဇော်နဲ့ မင်းဟန်တို့က လက်ခုပ်တီးကြလေရဲ့။

ကိုရိုးလူကတော့ မပြောမဆို ထ,ကပါလေရော။

"ပျော်လိုက်တာဟော့. . . ပျော်လိုက်တာ၊ ပျော်တယ်ဟေ့၊ ပျော်တယ်ဟေ့"

ရိုးရိုးလူက က၊ မင်းဟန်တို့က လက်ခုပ်တီးနဲ့ ပွဲက လှတပတဖြစ်နေပြီ။

အိမ့်မွန်ကလည်း ရောယောင်ပြီး လက်ခုပ်တီးလို့ပေါ့။

မင်းဟန်က ရိုးရိုးလူကို မျက်ရိပ်ပြလိုက်တယ်။

ရိုးရိုးလူက ခေါင်းညိတ်ပြီး အိမ့်မွန်နားကပ်သွားတယ်။

"အိ. . "

ရိုးလူ တိုးဖွဖွလေး ခေါ်လိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



"ရှီး . ."

အိမွန် တိုးဖွဖွလေး ပြန်ထူးတာ။

"ချစ်တယ် အိရယ်"

"သိတယ် ရှီးရယ်"

"ဒီနေ့ လက်ထပ်ရမှာလား"

"အို . . ."

"အိုမှာပါ အိရယ်၊ လက်ထပ်မယ်နော်"

"ဟင့်အင်း, . . မိဘသားဖသားဝီဝီ လာတောင်းဦး"

"ကိုယ့်အိတ်ထဲရောက်နေမှ တောင်းဖို့လိုသေးလား"

"လိုတာပေါ့၊ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာဆိုတာ လိုက်နာရမယ်လေ"

"ဖြီးရော . . ဒီနေ့ အိနားမှာပဲနေမယ်၊ ဟိုကောင်တွေ ပြန်လွှတ်လိုက်မယ်"

ရှီးရှီးလူက ပြောပြောဆိုဆို မင်းဟန်နဲ့ ကိုဇော်ဘက် လှည့်ပြောတယ်။

"ကဲ, သူငယ်ချင်းတို့ ဒီနေ့ လက်မထပ်ဖြစ်ဘူး၊ ဒါကြောင့် မင်းတို့ကို ရှုံးချိန်းပေးလိုက်မယ်၊ နောက်တစ်ချိန်းကျမှ သက်သေလက်မှတ် ထိုးကြ၊ အခုတော့ ပြန်ကြဦး"

"မင်းကရော . . ."

"ငါ . . ဒီမှာ အိနဲ့ အမှုကိစ္စ ဆွေးနွေးရဦးမှာမို့ နေခဲ့ဦးမယ်၊ ပြန်ကြတော့"

"ဘုရားပြီး ငြမ်းဖျက်တဲ့သဘောလား"

မင်းဟန်က မေးတာ။

"မင်းက အိနဲ့ငြိပြီဆိုပြီး တို့ကို ကန်တာလား"

ကိုဇော်ရဲ့ မကျေနပ်သံ။

"မင်းတို့ ဘယ်လိုထင်ထင်ကွာ၊ ငါ အိနဲ့နေခဲ့ချင်သေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ ကိုယ်ချင်းစာကြကွာ"

ရိုးရိုးလူက တောင်းပန်မှ ကိုဇော်တို့ လက်သီးတပြုပြုလုပ်ပြီးပြန်သွားကြတယ်။

သူတို့ထွက်သွားပြီး မကြာခင် ရုံးခန်းထဲက ထွက်ပေါ်လာတဲ့အသံ တွေကတော့ . . .

"အိ. . ."

"ရှီး. . ."

"ရွတ်. ."

"အို. . ."

ရွတ်တာနဲ့ အိုတာနဲ့ကတော့ တစ်ဆက်တည်းပဲ။

ဘာလဲတော့မသိ။

✔ ✔ ✔



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ရန်ကုန်မြို့လယ်တည့်တည့် . . .
ဆူးလေမီးပွိုင့်။
ကားတွေက ဥဒဟိုဖြတ်သန်းနေကြတယ်။
လူရောင်စုံတွေကလည်း လှုပ်လှုပ်သဲသဲပဲ။
အဲဒီ ဆူးလေမီးပွိုင့်မှာ လူကူးခုံးကျော်တံတားတစ်ခုရှိတယ်။
ကမ္ဘာအေးဘုရားလမ်းကို ခွပြီးဆောက်လုပ်ထားတာ။
ဒါပေမယ့် အဲဒီတံတားပေါ်က လူတွေ မဖြတ်ကြဘူး။
ကားလမ်းပေါ်ကပဲ ဖြတ်နေကြတာ။
တံတားမှာလည်း ကြော်ငြာ ဆိုင်းဘုတ်တွေ ကပ်ထားတယ်။
ဘယ်သူတွေ ဖြတ်ဖြတ် မဖြတ်ဖြတ် လူနှစ်ယောက်ကတော့
အဲဒီ တံတားပေါ်ရောက်နေကြလေရဲ့။
ဘယ်သူတွေ ဖြစ်ရမှာတုံး။
ရိုးရိုးလူနဲ့ အိမ်မွှန်သည်းပို့ဇော်။

●



www.burmeseclassic.com

www.burmeseclassic.com



တံတားပေါ် တက်ဆော့နေကြတာတော့ မဟုတ်ဘူးရယ်။ ပြောနေကြတာလည်း ကြည့်ဦး . . .

"ဒီမှာရိုး . ."

"ဘယ်မှာလဲအိ၊ ဘာပြမလို့လဲ"

ရိုးလူက အောက်မှာသွားနေတဲ့ ကားတွေပြမယ်ထင်ပြီး အောက်ကြည့်ရင်း မေးလိုက်တာ။

"ဒီမှာဆိုတာ ရိုးကိုခေါ်တာ"

"ဆောရီး. . . ပြော"

"ကောင်လေးနဲ့ ကောင်မလေး ချစ်သူတွေဖြစ်သွားကြရင် ဘာဆက်လုပ်တတ်ကြလဲ"

"အို၊ လွယ်လွယ်လေး ရုပ်ရှင်ထဲကလိုပဲ ပန်းခြံသွားမယ်ကွာ"

"ပြီးတော့. . ."

"ကန်တော်ကြီးမှာ လှေစီးမယ်၊ ရေနဲ့ပက်ကြမယ်၊ ချစ်လို့ပက်တာ ဘာဖြစ်လဲ ဘာဖြစ်လဲ ပြောမယ်"

"နောက်ကော. . ."

"ရုပ်ရှင်ကြည့်မယ် . . . စားသောက်ဆိုင်ထိုင်မယ်၊ လိမ္မော်ရည်တစ်ခွက် နှစ်ယောက်ငုံ့သောက်မယ်ကွာ"

"နောက်. . ."

"ချောင်းသာ သွားမယ်၊ သဲသောင်ပြင်မှာ စလိုးမိုးရှင်း ပြေးဖက်ကြမယ်ကွာ"

"ပြီးတော့. . ."

"ဖက်တာ အားမရလို့ ခါးကကိုင်မြှောက်လိုက်တာ လွတ်တွားလို့ ခါးနာသွားမယ်ကွာ၊ ကောင်မလေးက ကောင်လေးရဲ့ ခြေသလုံးကို ကုန်းကိုက်မယ်ကွာ"

"အို၊ အဲဒီလိုတော့ ရုပ်ရှင်ထဲ တစ်ခါမှ မတွေ့ဖူးပါဘူး"

"ကိုယ်ရိုက်ရင် ထည့်ရိုက်မယ်၊ လူကံ ရှိုးဝေမယ့် ပြဇာတ်က



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆန်းနေရမယ်လေ"

"ဒါပဲလား"

"ရှိသေးတာပေါ့၊ ဘုရားသွားမယ်၊ ဘာဆုတောင်းလဲ မေးမယ်၊ ပန်းတွေ ပန်းအိုးထဲ ပေါင်းထိုးလှူပေးမယ်ကွာ"

"ကုန်ပြီလား"

"ကျန်သေးတယ်၊ ပလာဇာသွားမယ်၊ ပလာတာစားမယ်"

"ရှိသေးလား"

"ရှိတယ်၊ ကစားကွင်းမှာ ရထားစီးမယ်၊ သူများအပင်က ပန်းခူးပြီး ပန်းပန်ပေးမယ်၊ ကန်ပေါင်ပေါ်ထိုင်ပြီး ခဲနဲ့ပစ်မယ်"

"စွံပစ်ခံရတော့မယ်"

"အိုကလဲ စွံပစ်စိတ်က မပျောက်ဘူး၊ အခုလဲ အိ ရိုးကို စွံပစ်ထားတာပဲ မဟုတ်လား"

"ဟုတ်မယ် . . . အားကြီးကြီး သနားလို့"

"သနားလို့ပဲ ချစ်ချစ်၊ ချစ်လို့ပဲ ချစ်ချစ် ရိုးကျေနပ်ပြီးသားပဲ၊ ချစ်သူဘဝမှာ ခုနပြောတာတွေ အကုန်လုပ်ရအောင်နော်"

"နိုး . . နိုး . . အိက သူများနဲ့ မတူဘူး၊ ချစ်သူဘဝမှာ အဲဒီလိုမျိုးတွေလုပ်ကြတာ အိ အမုန်းဆုံးပဲ၊ ဒါကြောင့် . . အဲဒီကိစ္စတွေကို အိ ရှောင်မယ်"

"ဟောဗျ . . . တစ်မျိုးပဲ"

"သူများချစ်သူတွေလို မဖြစ်စေရဘူး၊ ရုပ်ရှင်ပြကွက်ထဲကနဲ့ မတူ အောင်နေရမယ်"

"မှားပြီ"

"လူကြားထဲ တွဲသွားတွဲလာ မလုပ်ရဘူး၊ ဒါကြောင့် အခု ဒီဘဲတား အပေါ်တက် စကားပြောရတာ၊ လူတွေကြားထဲက လွတ်ပြီး လူတွေအပေါ် ရောက်နေတယ်လေ၊ အဲဒီလိုကိုဖြစ်နေမှ ကြိုက်တာ"

•



www.burmeseclassic.com

www.burmeseclassic.com



"သားမှားပြီ အမေရယ်"

"ဘာလဲ ရှိုးက မကျေနပ်ဘူးလား"

"ကျေနပ်ပါတယ် အိရယ်၊ ဆုန်သင်းပါရှ်ဆိုတဲ့ ဒီကမ္ဘာကြီးက ကျဉ်းလှတယ်ဆိုတာ ဟုတ်နေပါပေါ့လား"

"ရှိုးပဲ အိရဲ့သိက္ခာကို လေးစားတယ်ဆို"

"အင်းလေ. . ."

"ဒါဆို အိသိက္ခာကျစေမယ့်နေရာကို ရှိုးရှောင်ပေါ့"

"ရှောင်ပါ့မယ် အိရယ်၊ အောက်ကိုလဲ ငုံ့ကြည့်ပါဦး"

ရှိုးက ထံတားအောက်ကို မေးငေါ့ပြလိုက်တယ်။

"ဟောတော့. ."

အိမွန် ပါးစပ်ပြသွားတယ်။

ဟုတ်တယ်။ တံတားအောက်မှာ လူတွေဝိုင်းအုံပြီး သူတို့ကို မော့ကြည့်နေကြတယ်။

ထင့်မြင်ချက်တွေလည်း အမျိုးမျိုးပေးနေကြလေရဲ့။

"ဗီဒီယို ရိုက်နေကြတာ ထင်တယ်"

"မဟုတ်ဘူး၊ ရွှေနေမမကွာ၊ ရွှေနေကုတ်လေး လက်ပေါ်တင်ထားတာကြည့်လေ၊ ကေန္ဒ အခင်းဖြစ်နေရာကို လာကြည့်တာနေမှာ"

"တံတားပေါ် တော့ ဘယ်သူမှ တက်အခင်းမသွားလောက်ပါဘူး"

"အယ်သူမှ တက်မလျှောက်တဲ့တံတားပေါ်မှာ ကတ်သီးတတ်သတ်တက်စကားပြောရတယ်လို့"

"အမှုကိစ္စဖြစ်မှာပါ၊ ဟိုကောင့်ပုံက တရားခံပုံပဲ"

သွားရော . . .

ရှက်ရှက်နဲ့ ပြန်ဆင်းမယ်လုပ်ပေမယ့် လူတွေများနေလို့ တွန့်နေမိတယ်။

အခုနေသာ အိမွန်ဖခင် ဦးဇော်မောင် ရောက်လာပြီး မြင်သွား



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဖြင့်. . မျက်ရည်စမ်းစမ်း ကြက်သီးဖြန်းဖြန်းဖြစ်ဦးတော့မှာ။

"ဖေဖေ သားအလုပ်သွားတော့မယ်"

"ဩော်, အေးအေး. . ထမင်းချိုင့်မယူတော့ဘူးလား"

"မယူဘူးဖေဖေ၊ ဒီနေ့ ရုံးမှာ သူငယ်ချင်းက သူ့မွေးနေ့ ကျွေးလိမ့် မယ်"

"အေးအေး. . သွား. . သွား"

ဒေါ်မမကြီးက သားရိုးလူရဲ့ကျောကို ကြည့်ရင်းကျန်ရစ်တယ်။

နောက်ကရောက်လာတဲ့ ဦးဆန်းလူက ဒေါ်မမကြီးကို ကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေတယ်။ နောက်ပြီး ဒေါ်မမကြီး ကို ပခုံးလှမ်းပုတ်လိုက်တယ်။

"အို, အမေ့ . . လန့်လိုက်တာ"

"လန့်ရင်ကိုယ့်ရင်ခွင်ထဲ ပြေးဝင်လိုက်လေ၊ ကိုယ့်ရင်ခွင်ဟာ မင်းအတွက် တံခါးကို တပ်မထားတာ ဟောင်းလောင်းပဲ"

ဦးဆန်းလူက လက်နှစ်ဖက်ဘေးဆန့်ပြီး ပြောနေတာ။

ဒေါ်မမကြီးက လက်သီးဆုပ်နဲ့ ဦးဆန်းလူရင်ဘတ်ကို ထုထည့် လိုက်တာ အုန်းခနဲပဲ။

"ဟာ. . . ဖြည်းဖြည်းလုပ်ပါ၊ လူသတ်တဲ့အတိုင်းပဲ"

"ထုမယ်. . . ဘယ့်နှယ် ကလေးကလား"

"ဟ, လူသာအိုမယ်၊ အချစ်က အိုသည်မရှိတဲ့၊ ဒါကြောင့် မင်းကို ငါ အခုထိ ချစ်နေတာပေါ့"

"မချစ်နဲ့ ဒါ ချစ်ရမယ့်အရွယ် မဟုတ်တော့ဘူး"

"ချစ်မှာပဲ"

"မကဲနဲ့နော်"

"ချစ်မှာပဲ"

"တော်. . . မရှက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်မှာပဲ"

ဦးဆန်းလူက ဗီစီဒီအခွေထဲက သီချင်းအလိုက်အတိုင်း လိုက်ဆိုနေတာ။

"ချစ်မှာပဲ. . နောက်တာပါကွာ. . ဟိုကလေးမလေး အခွေ ကြိုက်လို့ အရမ်းချစ်တတ်ကြတဲ့ ကောင်မလေးတွေကွာ၊ တစ်ခွေလုံး ချစ်မှာပဲနဲ့ကို ပြတ်ရော. . ဟေး. . ဟေး"

"ရှင် အသက်ကြီးပြီ၊ တရားခွေလေးဘာလေးတော့ မဖွင့်ဘဲ"

"တရားရှိပြီးသားကွာ အခွေဖွင့်မှ မဟုတ်ပါဘူး၊ ခုန မင်းသား ဘာပြောသွားတာလဲ"

"အလုပ်သွားမှာတဲ့၊ ထမင်းချိုင့်မယူတော့ဘူးတဲ့၊ သူငယ်ချင်း မွေးနေ့က ကျွေးမှာဆိုလားပဲ"

ဒေါ်မမကြီးပြောတော့ ဦးဆန်းလူ ခေါင်းညိတ်တယ်။

"အင်း. . မင်းသားက တစ်သက်လုံးအလုပ်မလုပ်ဘဲ တို ရှေ့နေမလေးနဲ့ အိုကေမှပဲ ချက်ချင်းအလုပ်လုပ်တော့တာပဲ ဆန်းတို့"

"ဒါများ ဆန်းသလားတော်၊ ကလေးမက အလုပ်သွင်းပေး ထားတာ တော်ရေ"

"ဟေ၊ ဒီကောင့်အစွမ်းအစနဲ့ ရတာမဟုတ်ဘူးလား"

"တော့်သားလား အစွမ်းအစရှိမှာ၊ ကောင်မလေးနဲ့ ပြေလည် သွားတာတောင် ရှင် ဝင်ဖန်တီးပေးလို့မဟုတ်လား"

"အေး. . . ဟုတ်တာပဲ၊ ငါ့သားသာဆိုတာ ငါ့လောတ်မှ မစွံဘဲ ကိုးကွ"

"အံမယ်. . . ကျုပ်သနားလို့ရတာကို ရှင်က စွံလှပြီထင်နေ တယ်ပေါ့"

"ဟုတ်ဘူးလား"

"ဟုတ်ပါ့ ကိုဖိုးစွံကြီး၊ ကျုပ် ဇက်ကြောတွေ တက်နေတယ် လာ နှိပ်ပေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လဲကွာ"

"တော်လုပ်ပေးနေကျကို လုပ်မှာလုပ်၊ ကျုပ်မှောက်အိပ်လိုက်မယ်နော်"

"မလုပ်ပါနဲ့ကွာ၊ မင်းကိုယ်ကြီး ငါ မထူနိုင်ပါဘူး၊ တကတဲ စိတ် ကြီးပဲ"

ဦးဆန်းလူ ရှုံ့ရှုံ့မဲ့မဲ့နဲ့ ဇက်ကြောဆွဲပေးနေရရှာတယ်။

အမှန်ကတော့ အစကတည်းက နင်းပေး နှိပ်ပေးခဲ့တာပဲလေ။

ဘာဆန်းတာမှတ်လို့။

၉၄

ဦးဇော်မောင်တစ်ယောက် လက်နောက်ပစ်ပြီး အိမ်ရှေ့ခန်းမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်တယ်။

ဧည့်ခန်း ကုလားထိုင်တွေပေါ်မှာတော့ မိသားစုစုံညီ ရှိနေကြတယ်။ သူတို့အားလုံး အိမ့်ဝန်ရဲ့ကိစ္စ တိုင်ပင်ညှိနှိုင်းနေကြတာ။

ဒေါ်မူမူက ဦးဇော်မောင်ကို လှမ်းကြည့်ပြီး. . .

"ထိုင်စမ်းပါရှင်၊ ရှင့်ကြည့်ရတာ မူးလိုက်တာ၊ ကျုပ် တက်လိုက်မှာနော်"လို့ ပြောတော့မှ ဦးဇော်မောင်က . . .

"အား မတက်နဲ့. . ထိုင်မယ်" ဆိုပြီး ဝင်ထိုင်တယ်။

ထိုင်ပြီး လေးလေးနက် စကားဆိုလေရဲ့။

"အင်း. . သမီးကြီးနဲ့ မောင်ရိုးလှုကိစ္စမှာ ဖေဖေတို့ ဘာမှ တန့်ကွက် စရာမရှိပါဘူး၊ အခု မောင်ရိုးလှုတို့ဘက် လူကြီးစုံရာနဲ့ လာရောက်တောင်းရမ်းစေ့စပ်ချင်တယ် ဆိုလာတော့လဲ လူကြီး လူကောင်းပီပီ လက်ခံရတော့မှာပေါ့"

"အဖေ. . လက်မခံရင် လူကြီးလူကောင်း မဟုတ်တော့ ဘူးလား"

အေးမွှေ့မွှေ့မောင်က ဝင်ကွန့်တာ။

ဦးဇော်မောင် ငေါက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးငယ် တိတ်တိတ်နေစမ်း၊ ဒါ သမီးအလုပ်မဟုတ်ဘူး"

"ဘာကို မဟုတ်ရမှာလဲ၊ သမီးအလှည့်ကျရင်လဲ အဖေတို့ လူကြီး လူ့ကောင်းဆန်ရမယ်နော်"

မို့မို့က ရစ်တယ်။

အိမ်မွန်က မိုမို့ကို မျက်စောင်းထိုးလိုက်ပြီး . .

"ညီမလေး တိတ်တိတ်နေ၊ ညနေကျ ဒန်ပေါက်ဝယ်ခဲ့မယ်"လို့ လာဘ်ထိုးလိုက်တယ်။

"ပြီးရော တကယ်မဝယ်ခဲ့လို့ကတော့ သိပါတယ်နော်၊ ရက်ကွက်ထဲမောင်းထုလိုက်မှာ"

"ဟယ်, ကိုယ့်အစ်မကို. . ."

"ဟုတ်သားပဲ မို့မို့ . . တိတ်တိတ်နေစမ်း"

ဒေါ်မူမူကပါ ဝင်ဟန့်လိုက်ရတော့တာ။

"ကဲ, ငါစကားပြောတာ နားထောင်ကြ၊ အခုကိစ္စမှာ တောင်လေးတွေဘက်က ရှိုးသားစွာတောင်းဆိုလာပြီဆိုတော့ တို့ဘက်ကလဲ ပြတ်သားစွာ တုံ့ပြန်ရပေလိမ့်မယ်"

ဦးဇော်မောင်က ပြတ်သားစွာ တုံ့ပြန်မယ်ဆိုလို့ အိမ်မွန် ထိတ်ခနဲ ဖြစ်သွားတယ်။

အနားကပ်ပြီးတော့မှ သူ့အဖေ ပယ်ချလိုက်ရင် ဒုက္ခပဲလို့ တွေးနေမိတယ်။

တကယ်တော့ ဒီကိစ္စက ရိုးရိုးလူ စီစဉ်တာမဟုတ်ဘူး။

အိမ်မွန်ဆွဲတဲ့ စီမံကိန်း။

"ရှိုး. . ."

"ပြော. . ."

"ရှိုးကိုပြောချင်တယ်"

"ပြောပါဆို. . ."

"ရှိုးနဲ့အိတို့ ချစ်သူတွေဖြစ်ကြပြီဆိုတော့ အိ. . လူသိရှင်ကြား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တယ်"

"ချစ်သူဖြစ်ကြောင်း ကြေညာချက်ဆိုပြီး သတင်းစာထဲ ထည့်လိုက်မယ်လေ"

"နောက်မနေနဲ့ တကယ်ပြောတာ၊ အိုကို ရိုးမိဘတွေနဲ့အတူလာတောင်းပါ"

"တကယ်. . ."

"တကယ်ပြောတာ၊ တောင်းဆို အမြန်လာတောင်း"

"စိတ်ချ. . စိတ်ချ. . ဘယ်နေ့လာရမလဲပြော"

"လာမယ့် တနင်္ဂနွေနေ့ နံနက်ကိုးနာရီတိတိ"

"အုံကေဗျာ. . အိုကေ. ."

ကဲ, အဖြစ်မှန်က အဲဒီလို။

ဒါပေမယ့် ဦးဇော်မောင်ကို တင်ပြထားတာက တစ်မျိုး။

မှုကွဲနေတယ်။

"နားနဲ့မနာ ဖဝါးနဲ့နာပါ ဖေဖေ၊ သမီးကို ကိုရိုးလူတို့ဘက်က လူကြီးစုံရာနဲ့ လာရောက်တောင်းရမ်းချင်လို့တဲ့၊ သမီးက စောပါသေးတယ်ဆိုတာ မရဘူးဖေဖေ၊ အဲဒါ လာမယ့် တနင်္ဂနွေနေ့ကျ လာရောက်တောင်းရမ်းမယ်တဲ့. . ဖွတ်ပဲ ဖေဖေ"

ကဲ. . ဘာပြောမလဲ။

အခု အဲဒီကိစ္စကို မိသားစု ညှိနှိုင်းဆွေးနွေးနေကြတာ။

"ဒီကိစ္စမှာ သမီးကြီးက စောပါသေးတယ်ရယ်လို့ အချိန်ဆွဲတောင်းပန်နေတဲ့ကြားက ဖွတ်ကြီး တောင်းရမ်းချစ်တယ်ဆိုတာဟာ မေတ္တာတရားကြီးမားတာကို ပြတာဖြစ်မှာပါ၊ ဒါကြောင့် မေတ္တာကို မေတ္တာနဲ့တုံ့ပြန်လက်ခံတယ် ပြောလိုက်"

"တကယ်လား ဖေဖေ"

အိုက မယုံသလိုမေးတာ။

"တကယ် သမီး၊ သမီးဖုန်းဆက်လိုက်တော့၊ လာမယ့်တနင်္ဂနွေ



www.burmeseclassic.com

www.burmeseclassic.com



နေ့ နံနက်ကိုးနာရီမှာ လူကြီးစုံရာနဲ့ လာရောက်တောင်းရမ်းနိုင်ပါပြီလို့"

"ဖုန်းဆက်စရာ မလိုပါဘူး ဖေဖေ၊ သမီး လက်ခံခဲ့ပြီးသား။ အဲဒီနေ့ သူတို့ရောက်လာကြမှာပါ"

"ဟောတော့ . . ."

ဒေါ်မူမူ ရင်ဘတ်ဖိလိုက်တယ်။

"ဟော့ . . ဟော့ . . မတက်နဲ့၊ ဒါ တက်စရာမဟုတ်ဘူး"

"မတက်ပါဘူးတော်၊ အံ့သြလွန်းလို့၊ သမီးကြီး ဒီလောက်သွက်မှန်း ခုမှသိရလို့"

"မမသွက်တာလောက်တော့ သမီးက ပျင်းတောင်ပျင်းသေး"

အေးမို့မို့က ဝင်ပြီးကွန့်ပြန်တယ်။

"မလုပ်ပါနဲ့ သမီးလေးရယ်၊ မကောင်းတဲ့အကျင့်တွေ အတုမခိုးစမ်းပါနဲ့၊ ကျောင်းတက်နေတဲ့အချိန်မှာ စာပဲကြိုးစားနေဉ်"

"ဟုတ်ကဲ့ ကြိုးစားပါတယ် မေမေ"

ဟုတ်မှာ။

အေးမို့မို့လွယ်အိတ်ထဲမှာ ရည်းစားစာတွေ အပြည့်ရှိတယ်။

သုတေသန လုပ်နေတယ်ဆိုလားပဲ။

ကြိုးစားတာ . . . ကြိုးစားတာ။

ပြောမယ့်သာပြောရတယ် . . .

အေးမို့မို့က စာတော့တော်တယ်။ မူလတန်းတတည်းက အတန်းတိုင်းမှာ ပထမ ဒုတိယဆုများ ချိတ်လို့ ဆုများ နှစ်စဉ်ရခဲ့တယ်။

အထက်တန်းကျောင်းမှာလည်း ဒီအတိုင်းပဲ။

ကျောင်းစာတော့ တကယ်ကြိုးစားတာ အမှန်ပဲ။

တကယ်တမ်းတော့ ရည်းစားမထားခဲ့ဘူး။

ရည်းစားစာပေးရင်တော့ လက်ခံတယ်။ စုထားတာတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ပိတ်ရက်၊ ကျောင်းပိတ်ရက်မို့ မိသားစုတွေ စုံစုံညီညီ ရှိနေတုန်း ဧည့်သည်တွေ ရောက်လာတယ်။

မိုးနဲ့ဖြူပဲပေါ့။ တကယ်တော့ သူတို့နာမည်ရင်းတွေက တစ်ယောက်က မိုးမိုး၊ တစ်ယောက်က ဖြူဖြူ။ အတိုခေါ်တာက မိုးတဲ့၊ ဖြူတဲ့။

နှစ်ယောက်ပေါင်းရင် မိုးဖြူမစဲ မိုးမည်းမရွာပဲပေါ့။

"ဟယ်, မိုး. . ဖြူလဲပါတယ်၊ ဘယ်ကလှည့်လာကြလဲ"

အိမွန်က လှမ်းနှုတ်ဆက်လိုက်ထယ်။

မို့မို့ကလည်း လှမ်းခေါ်တယ်။

"မမမိုးနဲ့ မမဖြူတို့ လာကြလေ၊ မိုးမိုးတို့ ညီအစ်မနှစ်ယောက်ကို ရုပ်ရှင်ကြည့်ဖို့ လာခေါ်တာ မဟုတ်လား"

မိုးမိုးက လှမြင်တာနဲ့ ကွန့်တော့တာ။ မိုးနဲ့ဖြူက ချက်ဆိုနားခွက်က မီးတောက်တယ်။

"ဟုတ်တယ် ညီမရဲ့၊ ကြည့်စမ်း ညီမက ကြိုသိနေတယ်၊ မမတို့ ရုပ်ရှင်ကြည့်မလို့ လာခေါ်တာ"

မိုးက မို့မို့ကိုပြောတယ်။

ဖြူက ဦးဇော်မောင်နဲ့ ဒေါ်မူထံ ခွင့်တောင်းတယ်။

"အန်ကယ်နဲ့အန်တီ သမီးတို့ ဒီနေ့ရုပ်ရှင်ကြည့်ကြမလို့၊ အဲဒါ အိတို့ညီအစ်မကို ခေါ်သွားမယ်နော်"

"အေး. . အေး. . ခေါ်သွား၊ ထမင်းစားသွားကြဦးလေ"

"မစားတော့ဘူး အန်ကယ်၊ စားခဲ့ပြီးပြီ"

"ကဲ, ဒါဆိုလဲ သမီးကြီးနဲ့ သမီးငယ် ထမင်းစားပြီးမှ သွားကြ၊ တော်ကြာ ဗိုက်ဆာနေလိမ့်မယ်၊ မြို့ထဲမှာ ဝယ်စားတာ ဘာမှမတန်ဘူး၊ အပြင်မှာ ငါးဆယ်ပေးရတဲ့ ဆီးထုပ်ကို ရုပ်ရှင်ရုံမှာ ခုနစ်ဆယ်ယူတာ၊ ရောင်းတာလဲ မာရေကျောရေနဲ့"

ဒေါ်မူမူက မကျေမနပ်နဲ့ ပြောနေတာ။



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်ဆို တစ်လောက သူ ရုပ်ရှင်ကြည့်တော့ မုန့်ဝယ်ထား ပြဿနာတက်လို့လေ။

သကြားလုံး၊ ဆီးထုပ်ကအစ အကုန် သူ့အိမ်နားက ဆိုင်မှာ ရောင်းတဲ့ဈေးထက် များနေလို့တဲ့။

ဒေါ်မူမူက ကပ်စေးခပ်နည်းနည်းရယ်။ သူ့ဝမ်းတောင် သူ သဒ္ဓါလှတာ မဟုတ်ဘူးရယ်။

အဲဒီနေ့က သမီးနှစ်ယောက် ရုပ်ရှင်ကြည့်ဖို့ ငွေနှစ်ထောင်ပေး လိုက်ရတာ ဒေါ်မူမူတို့ လက်များကိုတုန်လို့။

ညီအစ်မနှစ်ယောက်ကဖြင့် ငွေနှစ်ထောင်နည်းလို့ မဲ့နေတာ။

၆၄

"ဟယ်. . ရိုး. . ရိုး. . "

"အိ. . ဘာလဲ. . ဘာလဲ. . သူခိုးဟုတ်လား"

"ဟဲ့, ညည်းရိုးရိုး ငါမှမသိတာ"

"ဟိုမှာတွေ့လား၊ အကျီအပြာရောင်နဲ့၊ လှမ်းခေါ် လိုက်စမ်းပါ"

"ညည်းကိစ္စ ညည်းခေါ်မှပေါ့"

"လူကြားထဲ ငါမခေါ်ရဲဘူးဟ"

အိမွန် ပြဿနာရှာနေတာ၊ ခိုးလည်း စားချင်သေး၊ လူမိမှာ လည်း ကြောက်သေး။

မြွေအလမ္ပာယ်ဆရာမလေး အေးမို့မို့ကဝင်ပါပြီး တွန့်ဦးမှာ။

"ဖယ်. . ဘယ်မှာလဲ၊ ညီမ ခေါ်ပေးမယ်"

အိမွန်ပြတဲ့ဆီကို မို့မို့က လှမ်းကြည့်တယ်။

တွေ့ပြီ. . . ဟုတ်တယ် ရိုးရိုးလူပဲ။

မုန့်ဝယ်နေတာ။

အိမွန်က ခြေမကိုင်မိလက်မကိုင်မိနဲ့. . .

"ဟဲ့, ခေါ် လိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ရိုးရိုး. . ."

မကြားဘူး။ ထပ်ခေါ်တယ်။

"ကိုရိုးရိုး"

ရိုးရိုးက မုန့်ဝယ်ပြန်အလှည့်မှာ လက်ယပ်ပါလှမ်းခေါ်တယ်။

အဲဒီမှာ ပြဿနာ။

ရိုးရိုးဘေးက ကတုံးနဲ့လူက သူ့ခေါ်သလား လက်ဟန်ခြေဟန်နဲ့ မေးတယ်။

မို့မို့က ခေါင်းခါပြပြီး ရိုးရိုးကို လက်ညှိုးထိုးပြတယ်။

ကိုကတုံး ပေါက်သွားပြီ။ သူ့ဘေးက လူကို လက်လှမ်းတို့ပြီး မို့မို့ ဆီပြလိုက်တယ်။

ဟိုလူကလည်း လှမ်းအကြည့် မို့မို့ကလည်း လက်ယပ်ခေါ်နဲ့ဆုံသွားတယ်။

ဟိုလူက ခေါင်းညိတ်ပြီး လျှောက်လာတယ်။

ရှုပ်နေပြီ။

ရိုးရိုးကတော့ ဘာမှမသိသေး။

မို့မို့လည်း ဘာလုပ်ရမှန်း မသိဘူး။

ဟိုလူက စပ်ဖြီးဖြီးနဲ့လာနေပြီ။

"ညီမလေး. . အစ်ကို့ကို ခေါ်တာလား"

"ဟုတ်တယ်"

မို့မို့ အပြုံ့ကြောင့် အိမွှန် လန့်သွားတယ်။

ဖြူနဲ့ မိုးလည်း မျက်လုံးတွေဝိုင်းနေကြတယ်။

"ပြောလေ. . အစ်ကို ဘာကူညီရမလဲ"

"တကယ် ကူညီမှာလား"

"ဟာ, တကယ်ကူညီမှာပေါ့"

"ကျေးဇူးပဲ၊ ကျွန်မကို ဟိုနားက ရှပ်အင်္ကျီအပြာရောင်နဲ့လူ ခေါ် ပေးစမ်းပါ၊ အရေးကြီးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဘာမှခဲယဉ်းတာမှ မဟုတ်ဘဲ၊ ဟိုလူနော်"

အူကြောင်ကြောင်လူက ရိုးရိုးလူကို လက်ညှိုးညွှန်ပြပြီး မေးတာ။

"ဟုတ်တယ် . . ဟုတ်တယ်"

"ခဏလေးစောင့်"

အူကြောင်ကြောင်လူက သွက်သား။ လှစ်ဆို ထွက်သွားပြီး ရိုးရိုး လူကို လက်ဆွဲခေါ်လာတော့တာ။

ရိုးရိုးလူ ယက်ကန်ယက်ကန်နဲ့ ပါလာတယ်။

ရိုးရိုးနောက်နားက ကိုဇော်နဲ့ မင်းဟန်တို့လည်း ဘာဖြစ်ပါလိမ့် ဆိုပြီး ပြူးတူးပြတဲနဲ့လိုက်လာကြတယ်။

"ဒီမှာ ခင်ဗျားကို သူခေါ်ခိုင်းလိုက်တာ"

အူကြောင်ကြောင်လူက တာဝန်ကျေစွာနဲ့ ရိုးရိုးလူကို လက်ယပ် ခေါ်လာပြီး အပ်တယ်။

"ဟင်, အိ . ."

"ဟယ်, ရိုး . ."

အိမွန်နဲ့ ရိုးရိုးလူတို့က အိတွေ ရိုးတွေ ဖြစ်နေကြတုန်း အူကြောင်ကျားလူက မို့မို့ကို မေးတယ်။

"ညီမလေးက ဘာကူညီရဦးမလဲ"

"ရပြီ . . ကျေးဇူးပဲ . . ပြန်တော့၊ ခနောက်လိုရင် ခေါ်မယ်"

မို့မို့က ခပ်တည်တည် ပြောလိုက်တော့ အူကြောင်ကျား လူလည်း အူကြောင်ကြောင်နဲ့ ပြန်သွားရတော့တယ်။

ကိုဇော်နဲ့ မင်းဟန်တို့ကလည်း ဖြူနဲ့ မို့ကို ငေးကြည့်နေ ကြတယ်။

မို့မို့ဆိုလည်း လည်ပေးကြည့်နေကြတယ်။

နောက်ပြီး မှတ်ချက်ချတယ်။

"အကုန်လှတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်က ပြောလိုက်တာ။

ဒါကိုကြားတဲ့ မို့တို့က ပြန်ပြောမယ်လုပ်တုန်း မင်းဟန်ရဲ့ အပိတ်စကားကြောင့် ဘရိတ်အုပ်လိုက်ရတယ်။

"အေးကွာ. . ဒီကားမှာ သရုပ်ဆောင်တဲ့လူတွေအားလုံး လှကြတယ်"လို့ပြောရင်း သူတို့ကိုကျော်ပြီး ရုပ်ရှင်ပိုစတာဓာတ်ပုံတွေကို လှမ်းကြည့်နေကြလေရဲ့။

လူဆိုးတွေ . . .

သူတို့နှစ်ဖွဲ့ကလည်း ချိန်းထားရင် လွဲဦးမှာ။ အခုမချိန်းဘဲ လာတွေ့နေကြတာ။

ရှိုးရှိုးတို့ သူငယ်ချင်းသုံးယောက်ကလည်း ရုပ်ရှင်ကြည့်ဖို့ လာကြတာ။

သူတို့ကြည့်မှာ မြန်မာကားတော့ မဟုတ်ဘူး။ နိုင်ငံခြားကား Troy ဆိုတဲ့ကား ကြည့်ကြမှာ။

ရုပ်ရှင်က အကယ်ဒမီဆုတွေရထားတဲ့ နာမည်ကြီးကားပဲ။ ရှေး ရောမစစ်တပ်ကြီးတွေနဲ့ ရိုက်ထားတဲ့ကား။

လှေသင်္ဘောတွေ စစ်သားတွေ မြင်းတွေဆိုတာ ကွန်ပျူတာနဲ့ ဆတိုးပွားထားတာ များမှများပဲ။ အနုပညာလက်ရာမြောက်လှတဲ့ ကားတစ်ကားပဲ၊ ဒါကြောင့်မို့ ရန်ကုန်မြို့မှာ အကြိမ်ကြိမ်ပြန်ပြ ရတာနေမှာ။

အခု သူတို့က နေပြည်တော်ရုံမှာ လာဆုံနေကြတာ။

"အိုရယ်. . ချိန်းထားရင် လွဲကြဦးမယ်"

"ရှိုးရှိုးလာမယ်သိလို့ လာချောင်းတာ၊ နေပါဦး. . မနက်ဖြန် စေ့စပ်ပွဲလာရမှာကို ဒီနေ့ ရုပ်ရှင်ကြည့်ရတယ်လို့"

"ဘာဆိုင်လဲ အိုရဲ့ အားတုန်းကြည့်ရတာ၊ မနက် စေ့စပ်ပွဲ လာတာ ဘာများဖြစ်တာမှတ်လို့၊ ဖေဖေ အကုန်စီစဉ်ပြီးပြီ၊ ရှိုးဇော အခန့်သားလိုက်လာရုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . ကဲ, စကားနောက်မှပြော၊ လက်မှတ်ရောင်းနေပြီ တဲ့, ကြည့်မယ့်သူတွေ ပိုက်ဆံပေး"လို့ မို့မို့က ပိုက်ဆံတောင်းတော့ အိရှက်သွားတယ်။

"ဟဲ့ . . မို့မို့ . . ဘာလို့ပိုက်ဆံတောင်းနေတာလဲ၊ ညည်းစိုက်ဝယ်လိုက်"

"အို, မမကလဲ ဒီလောက်လူတွေ အများကြီးကို ဘယ်လိုစိုက်ရမှာလဲ၊ ပေးကြ တစ်ယောက်ငါးရာ၊ ကိုယ့်စရိတ်ကိုယ်ခံပဲ"

အားလုံး တစ်ယောက်ငါးရာဆီ ထုတ်ပေးကြတယ်။

ရိုးရိုးလူက သုံးယောက်အတွက် တစ်ထောင့်ငါးရာကျပ် ထုတ်ပေးရတာပေါ့။

ရိုးရိုးလူက တစ်ထောင့်ငါးရာကျပ်ကို မို့မို့လက်ထဲ မထည့်ဘဲ အိရဲ့ လက်ထဲထည့်လိုက်တယ်။

"အို . . ရော့ . . ကိုယ့်ရဲ့ တစ်ထောင့်ငါးရာ"

ရိုးရိုးသာဆိုတယ်၊ ရိုးရိုးမပေးဘူး။

အိလက်လေးကိုကိုင်ပြီး ထည့်ပေးတာ။ အဓိပ္ပာယ်ပါပါလေး ကြည့်လိုက်သေး။

အိ . . ရှက်သွားတယ်။ လူကြားထဲမှာကိုး။

အိက တစ်ထောင့်ငါးရာကို မို့မို့လက်ထဲ ထည့်လိုက်တယ်။

"လေးရာတန်းက ဝယ်မယ်၊ တစ်ရာပိုတာ နေကြာစေ့ တစ်ထုပ်ဆီရမယ်"

မို့မို့တို့ကတော့ အတွက်အချက်မှာ ပိုင်တယ်။

စာရင်းပြတ်ပဲ။

ရုပ်ရှင်ကြည့်ဆော့ မိန်းကလေးလေးယောက်တတစ်ဖတ်။

အိနဲ့ရိုးရိုးကတော့ ကပ်ထိုင်ရတယ်။

ချစ်သူနဲ့ ရုပ်ရှင်မကြည့်ဘူးဆိုတဲ့ ရှေ့နေမလေး မျှော်လင့်ဘဲ ရုပ်ရှင်ကြည့်ဖြစ်သွားလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ပြဖို့ မီးလည်းမှိတ်ရော . . .
ရွှတ်ဆိုပါလား. . .။

၉

ရုပ်ရှင်ပြီးတော့ ဆူးလေဘုရားလမ်းမပေါ်က လက်ရွေးစင် တဖီးမှာ ဝင်ထိုင်ဖြစ်ကြတယ်။

သူတို့အုပ်စုဝင်လာတာနဲ့ ဆိုင်ထဲမှာ ဆူညံသွားတယ်။ အလယ်စားပွဲမှာ ခုနစ်ယောက်လုံးပူးကပ်ထိုင်ကြတယ်။ တစ်ယောက် တစ်ပေါက်ဆီနဲ့ လက်ပံပင် ဆက်ရက်ကျသလိုပါပဲ။

ရုပ်ရှင်ထဲက အကြောင်းတွေပြောကြ၊ ဘာစားမယ် ညာစား မယ် ပြောကြနဲ့ ကြွက်ကြွက်ကိုညံလို့။

စားပွဲထိုးလေး အနားလာရပ်နေပေမယ့် ဘယ်သူမှ ဘာမှမမှာ ကြသေးဘူး။ စားပွဲထိုးလေး ခေါင်းကုတ်နေပြီ။

ဒီအချိန်မှာပဲ ရိုးရိုးက ဆတ်ဆိုထရပ်လိုက်တယ်။ စားပွဲကို လက်ထောက်ပြီး အစည်းဝေးမှာ မိန့်ခွန်းပြောမယ့် ပုံစံမျိုးနဲ့ ချောင်း တန့်ပြီးပြောလိုက်တယ်။

"အဟမ်း. . ကျေးဇူးပြု၍ နားဆင်ကြပါခင်ဗျာ"

ရိုးရိုးအသံကြောင့် ဘေးစားပွဲဝိုင်းကလူတွေ သူ့ထံစုပြုံကြည့် ကြလေရဲ့။ ဘာများပြောမလဲပေါ့။ တစ်ဆိုင်လုံး စိတ်ဝင်စားနေကြပြီ။

ကျေးဇူးရှင်က ဆက်မပြောသေးဘူး။

"ဟေ့ကောင် ဘာလဲ ပြောကွာ"

ကိုဇော်က စိတ်မရှည်သံနဲ့ ပြောလိုက်တာ။

ရိုးရိုး ဆက်ပြောတယ်။

"ဒီလိုပါ. . . မနက်ဖြန် ကျွန်တော်ရဲ့ အင်ဂေ့စ်ရှိပါတယ်၊ ဂေ့မှာ ကတော့ အားလုံးသိကြတဲ့ အိပါပဲ၊ အဲဒါ တစ်ခါတည်း ဖိတ်ကြားရင်း အခုကော်ဖီ ညနေခင်းလေးကို ကျွန်တော်က ဒကာခံပါရစေလို့. . ဒါပါပဲ ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



"ဟေး. . . ဘဲရီးဂွတ်"

"ကောင်းသော ကော်ဖီညနေခင်းပါ"

အားလုံးထောမနာပြုကြတယ်။ ရိုးရိုးက သူပြောချင်တာ စွတ်ပြောတာ။ အိမ္ပန် ရှက်ပြီး ခေါင်းကြီးငုံ့ထားတယ်။

အဲဒီအချိန်မှာပဲ ဘေးဝိုင်းက လူတစ်ယောက်က ထလာတယ်။ ရိုးရိုးကို ကပ်မေးတယ်။

"ဒကာခံမှာ ကျွန်တော့်အတွက်ပါ ပါသလား"

ရိုးရိုး ခေါင်းခါတယ်။

ပြတ်ပြတ် ရှင်းရှင်းလေးပဲ ပြောလိုက်တယ်။

"ပါဘူး. . ."

လာကပ်မေးသူကလည်း ပခုံးတွန့်ပြီး ပြန်ပြောသွားတယ်။

"ပြီးရော. . ."

ပြောပြီး သူနေရာသူ သွားထိုင်နေတော့တယ်။

ရိုးရိုးက သူ့အဖွဲ့သားအားလုံးကို ပြောတယ်။

"ကဲ, မိမိကြိုက်နှစ်သက်ရာ မှာစားနိုင်ကြပါပြီ"

ပြောပြီး မလုံမလဲနဲ့ ခုနလူကို လှမ်းကြည့်တယ်။ ဟိုလူက လှမ်းကြည့်တော့ ရိုးရိုးက ဘာပြောတယ်မှတ်လဲ။

"ဟော့လူ ခင်ဗျား မပါဘူးနော်"

"သိတယ်"

ဟိုလူကလည်း ခပ်တင်းတင်းပြန်ပြောလေရဲ့။ ပြီး သူစားပွဲမှာ သူဟာသူ ကော်ဖီငုံ့သောက်နေသေးတယ်။

သူတို့ကိုကြည့်ပြီး ဘေးစားပွဲက လူတွေက ပြုံးလို့ပေါ့။

ပြုံးမပေါ့. . ရိုးရိုးလူက ပြန်မထိုင်သေးဘဲ မတ်တတ်ကြီးရပ်နေတာကိုး။

အမှန်ကတော့ ကြောင်ပြီးရပ်နေတာ။

ကျားကြီးရပ်နေတာ မဟုတ်ဘူးရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်လေ ဘာလုပ်နေတာလဲ"

အိမွန်က တိုးဖွဖွပြောရင်း လက်ကုတ်တော့မှ. . .

"အဟီး. . မေ့လို့"

ဆိုပြီး ထိုင်ချတယ်။

သူစားမယ့်ဟာကိုလည်း အယောင်ယောင်အမှားမှားနဲ့ မှာလိုက်တယ်။

"ငါ့ကို ပုတင်ပေး"

ပုတင်ဆိုလို့ စားပွဲထိုးလေးတွေ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြတယ်။

ခပ်သွက်သွက် စားပွဲထိုးလေးက ရိုးရိုးလူအနားကပ်လာပြီး. . .

"အစ်ကို. . ပုတင်မရှိဘူး အလုပ်ထွက်သွားပြီ၊ ထွေးခင်ပဲရှိတယ် ပန်းကန်ဆေးနေတယ်၊ ခေါ်ပေးရမလား"လို့ မေးတော့. . .

"ခေါ်လိုက်. . အယ်. . မခေါ်နဲ့၊ ပူတင်း. . ပူတင်း တစ်ပွဲပေး" လို့ ထစ်ထစ်ငေါ့ငေါ့ပြောရှာရဲ့။

"ကိုရိုးလူက ပျော်တတ်တယ်နော်"

မို့က ပြောတာ။

"သိပ်ရယ်စရာ ပြောတတ်တာပဲ"

ဖြူက ချီးမွမ်းတာ။

မို့မို့ကတော့ ဘာပြောတယ်မှတ်လဲ။

"ရိုးရိုးလူဆိုလို့ သာမန်ပုဂ္ဂိုလ်လားမှတ်တယ်၊ အူတူတူကြီး"တဲ့။ ကောင်းရော။

စားသောက်ပြီးကြတော့ လမ်းခွဲခါနီးမှာ ရိုးရိုးလူက အိမွန်ကို တိုးတိုး ကပ်ပြောတယ်။

"အိ. . မနက်ဖြန်လာခဲ့ရင် အလှဆုံးလေးပြင်ထားတာ မြင်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ချောမှချစ်မှာလား"

"ချောပြီးသားလေးကို ချစ်နေတာလေ၊ ချစ်လို့ချောတာ မဟုတ်ဘဲ၊ နဂိုချော ညီချောလေးမို့ ရင်နင့်အောင် ချစ်ရတာ"

"သွား. . လူတွေကြည့်နေတယ်"

အဲဒီနေ့က ရွှေနေမလေး အိမ္ပန်သည်းပိုးဇော်တို့ ချစ်သူနဲ့ ရုပ်ရှင် ကြည့်ခဲ့တယ်။

စားသောက်ဆိုင်ထိုင်တယ်။

လူကြားထဲ သွားတယ်။

တော်သေးတာပေါ့၊ ဆူးလေးဘုရားပေါ်တက် ဆုမတောင်း ဖြစ်ကြလို့။

✔ ✔ ✔



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

တနင်္ဂနွေနေ့ နံနက် (၉)နာရီ။

ဆောင်းရဲ့သင်္ကေတ နှင်းပွင့်လေးတွေက ပြန့်ကျဲနေတယ်။

ဒီမနက် နှင်းတွေ အရမ်းကျနေတယ်။

အေးချမ်းမယ့် နိမိတ်ထင်ပါရဲ့။

နေလုံးနီနီကြီးကလည်း သိပ်မနီနိုင်ဘူး။

နှင်းထုကြားမှာ အီကလယ် ဖြစ်နေပုံရတယ်။

လောကကြီး ဘာတွေဖြစ်ဖြစ် အရမ်းပျော်နေတာကတော့ ရိုးရိုးလူပဲ။

သူ မိန်းမရတော့မယ်။

ဒီကိစ္စ သေချာတယ်။ အခုပဲ လူကြီးစုံရာနဲ့ မိန်းမသွားတောင်းကြတော့မှာ။ အဖေနဲ့ အမေကလည်း အသင့်ပဲ။

အမယ်. . အဖေ အရမ်းခန့်ပဲ။

တိုက်ပုံအဖြူ။ ပိုးတွဲလုံချည်ပန်းရောင်လေးနဲ့။

ဟိုက်. . ဒါချွတ်စွပ်ကြီးပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ. . ဒီလုံချည်ကြီး မဝတ်ခဲ့ပါနဲ့"

"ဟ, ဘာဖြစ်လဲ၊ ဒါ. . ပိုးတွဲအကောင်းစားလုံချည် တန်ဖိုးနည်းတာမှတ်လို့"

"တန်ဖိုး မနည်းတာ နည်းတာ နောက်ထား၊ ဒီလုံချည်ကြီးတော့ မဝတ်ခဲ့ပါနဲ့ အဖေရယ်"

"ဘာဖြစ်လို့လဲကွ"

"ချွတ်စွပ်ကြီးဖြစ်နေလို့"

"ဘာလဲကွ. . ချွတ်စွပ်"

"အဖေကလဲ ဟိုတစ်ခါ အဖေ ချွတ်ထားတုန်း သားကောက်စွပ် သွားတာလေ၊ အဖေကတောင် ငါ့ပုဆိုးနဲ့တူသားလို့ ပြောသေးတယ်လေ"

ရိုးရိုးလူပြောမှ ဦးဆန်းလူ ပြန်တွေးမိတယ်။

သူ့သား အင်တာဗျူး သွားမယ်ဆိုတုန်းက ကောက်စွပ်သွားတဲ့ အဖြစ်ကိုလည်း ပြန်မြင်ယောင်မိတယ်။ ဒါပေမယ့် ဦးဆန်းလူက ဆက်ဝတ်တယ်။

"ဘာဖြစ်လဲကွာ၊ ဘယ်သူ သိတာမှတ်လို့" လို့လည်းပြောတယ်။

ရိုးရိုးလူ မျက်လုံးပြူးသွားတယ်။

"အား. . မလုပ်နဲ့ သိတယ်အဖေ"

"ဟော့ကောင်. . ဒီနေ့ပွဲမှာ မင်း အင်တာဗျူးတုန်းကလူတွေ မပါဘူး"

တကယ်တော့ ဦးဆန်းလူ စိတ်ပေါက်တယ်။ တမင် သူ့သားကို ချွတ်နေတာ။ လူကို ချွတ်ပြီးမှ လုံချည်ကိုချွတ်မှာရယ်။

"မလုပ်ပါနဲ့ အဖေရယ်၊ အဲဒီနေ့က အင်တာဗျူးတာ အခု သားနဲ့ စေ့စပ်မယ့်အိမ်ပဲ"

"ဘာကွာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"တတယ်ပါ ဒီလုံချည် သူ မှတ်မိတယ်၊ သားက ခါးပတ်ကြိုးနဲ့ ဝတ်သွားတာ၊ သူက သေချာပြုံးကြည့်တာ အဖေရဲ့"

"ဒါဆိုလဲ ပြီးရော၊ မိဘလုံချည်ကို အဲ့ဒီလိုစည်းကမ်းမဲ့ ကောက်စွပ်ရင် အဲဒီလိုပဲ အရှက်ကွဲတတ်တယ်ဆိုတာ မှတ်ထား၊ နောက်ယူမဝတ်နဲ့. . ကြားလား"

"ကြားပါတယ် ဖေဖေ"

ရိုးရိုးလူက ညောင်နာနာနဲ့ ပြောလိုက်တယ်။

ဦးဆန်းလူက မဲ့ပြီး. . .

"အခုမှ ကျားပါတယ် ကြောင်ပါတယ်နဲ့၊ မခုတ်တတ်တဲ့ ကြောင်လေး ကျနေတာပဲ"

"ခုံတတ်ပါတယ် အဖေ၊ အခု. . သားခုတ်ထားတဲ့ ကြွက်မလေးကို သွားတောင်းမှာပါ"

ရိုးရိုးလူက ကြံဖန်ပြီး အမှတ်ယူနေတယ်။

ဦးဆန်းလူကလည်း အလျှော့မပေးဘူး။

"အံမယ်. . ငါကိုယ်တိုင် ရှေ့နေနဲ့တိုင်ပင်ပြီး အကြံပေးထားလို့ ရတာများ"

ဦးဆန်းလူက ပြောရင်း လုံချည်တစ်ထည်လဲဖို့ ရှာနေတယ်။

ဒေါ်မူမူက လှမ်းအော်တယ်။

"ကဲ့, သားအဖနှစ်ယောက် မပြီးကြသေးဘူးလား၊ စကားများ မနေကြနဲ့၊ အချိန်က ကပ်နေပြီ"

"သားပြီးပြီ မေမေ၊ အဖေ မပြီးသေးတာ"

ရိုးရိုးလူစကားကြောင့် ဦးဆန်းလူ မျက်လုံးပြူးကြည့်တယ်။

"ဟင်, သူ့ကြောင့်လဲ လုံချည်ပြန်လဲနေရသေး" ဆိုပြီး သားကို မျက်စောင်းထိုးတယ်။

ရိုးရိုးလူကတော့ မသိတော့ဘူး။ ကော့တော့ကော့ရော့နဲ့ ထွက်သွားတော့တာ။ သီချင်းလေးတောင် ညည်းသွားသေး။



www.burmeseclassic.com

www.burmeseclassic.com



"အို . . အို . . အို . . အို . . တစ်ရံတစ်ခါဆီက ပုဂံပြည်မှာမှ အိုကြ ရတာမဟုတ်ပါ၊ ခုခါတော့ ငါလဲ အိုရတော့မှာပေါ့ ကွာ. . သေချာ. . အို . . အို. . အို. . အို. . အို"

ရိုးရိုးလူတစ်ယောက် အရမ်းပျော်နေတာ။

အိုရမှာကို ပျော်နေတာ။

"ပွမ်. . ပွမ်"

အိမ်ရှေ့မှာ သူတို့မိသားစုကို လာကြိုတဲ့ကားတောင်ရောက်နေပြီ။

ကားမောင်းလာတာက ကိုဇော်ပဲ။

သူ့ဦးလေး ကားကို ယူမောင်းလာတာ။

"လာပြီဟေ့. . မင်းဟန် မပါဘူးလား"

ရိုးရိုးလူက လှမ်းမေးတာ။

ကိုဇော်က ကားပေါ်က မဆင်းတော့ဘဲ လှမ်းအော်တယ်။

"မင်းဟန်ကို ဝင်ခေါ်ရမှာ၊ လာသွားကြမယ်၊ ပြီးပြီမဟုတ်လား"

"ပြီးပြီ. . လာပြီဟေ့၊ အဖေနဲ့အမေ ကားရောက်နေပြီဗျ"

အိမ်ထဲကိုလည်း လှမ်းအော်ရသေးတယ်။

"လာပြီ သားရေ. . လာပြီ"

ပထမ ဒေါ်မမကြီး ပြေးထွက်လာတယ်။

မဆိုးပါဘူး။ ပြင်ဆင်ထားတော့လည်း နှုတ်ခမ်းနီလို့ပေါ့ ခြုပဝါလေး တောင်ခြုံထားသေး။

ကားနောက်ရောက်တော့ မတက်သေးဘဲ ဦးဆန်းလူကို စောင့်တယ်။ လာပါပြီ. . ဦးဆန်းလူ။ နံ့သာရောင်တိုက်ပုံနဲ့ ရှပ်ဖြူ လည်ကတုံး နဲ့ပဲ။ ဒါပေမယ့် ဦးဆန်းလူကို ကြည့်ပြီး အားလုံးပါးစပ် ပြဲသွားကြတယ်။

ဟုတ်တယ်. . . ဦးဆန်းလူ လုံချည်မပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူ လုံချည်ဝတ်မလို့ရွေးနေတုန်း ကားဟွန်းသံကြောင့် ထွက်ကြည့်တာ။

သူ လုံချည်မဝတ်ရသေးခင် သူ့သားလှမ်းခေါ်တော့ မေ့ပြီးပြေး ထွက်လာတာ။

တော်သေးတာပေါ့။

ဘောင်းဘီစကကြီး ဝတ်ထားလို့။

အားလုံး လက်ညှိုးထိုးပါးစပ်တွေပြနေရာကနေ တစ်ဆက်တည်း ပါးစပ်ပြန်မပိတ်ကြတော့ဘဲ ရယ်ပစ်လိုက်ကြတယ်။

"ဟား. . ဟား. . ဟား. . ဟား"

"ဟား. . ဟား. . ဟား. . ဟား. . ဟား"

"ဖြစ်ရလေ အဖေရယ်၊ အဟတ်. . ဟတ်ချိုး"

အရေးထဲ ရိုးလူ နှာချေရသေး။

ဦးဆန်းလူကတော့ ပြန်လှည့်ပြေးပြီ။

၉၄

"ကြွ. . ကြွပါရှင်. . ကြွကြွပါ"

သိုက်သိုက်ဝန်းဝန်းနဲ့ ရောက်လာတဲ့ ဦးဆန်းလူတို့လူသိုက်ကို ဒေါ်မူမူက ခရီးဦးကြိုပြုတယ်။

ဆက်တီမှာ နေရာချပေးတယ်။

စားပွဲထိပ်မှာတော့ ဦးဇော်မောင် ထိုင်လို့။

သူ့ဘေးမှာ သူ့အစ်ကိုဝတ်လုံတော်ရမင်း ဦးစောဝင်းလည်း ခန့်ခန့်ကြီး။

ဦးစောဝင်းက ခုနသာ ခန့်တာ။ ဦးဆန်းလူ ဝင်လာတာမြင်တော့ မခန့်နိုင်တော့ဘူးရယ်။ မျက်မှောင်ကုတ်တယ်။

ဦးဆန်းလူကို ကြည့်တယ်။ စဉ်းစားတယ်။

ဦးဆန်းလူကလည်း အတူတူပဲ။

ဝင်လာကတည်းက ဦးစောဝင်းကို မြင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြုံးကြည့်ပြကြည့်တယ်။ စဉ်းစားတယ်။

အားလုံး လှူစုံတက်စုံပဲ။

ဖြူနှင့်မိုးတို့ကလည်း အေးမို့မို့ဇော်နဲ့အတူ ဝိုင်းလုပ်နေတယ်။

ကော်ဖီ ဖျော်ကြ၊ ကိတ်မုန့်လှီးကြနဲ့ပေါ့။

မို့မို့က ကော်ဖီခွက်တွေ လိုက်ချပေးနေတယ်။

အိမွန်ကတော့ ရိုးရိုးလှူတွေနဲ့ မျက်နှာချင်းဆိုင်ခုံမှာ ထိုင်လို့။

ဘေးမှာတော့ ဒေါ်မူမူ။

"ဖေဖေ. . အဲဒါ ရိုးရိုးလှူရဲ့ မိဘတွေပါ၊ သူတို့ သမီးပြောထားတဲ့ အစီအစဉ်အရ လာကြတာပါ"

အိမွန်က စတင်မိတ်ဆက်ပေးနေတာ။

"ဒါကတော့ သမီးမေမေ ဒေါ်မူမူပါ၊ ဟိုက ဖေဖေ ဦးဇော်မောင်၊ ဟိုက ဘကြီးပါ"

ဘကြီးအလှည့်ရောက်တော့မှ ပြဿနာ။

ဦးဆန်းလှူက ပြုံးကြည့်ပြီး. . .

"ဟေးဟေး. . သိတယ်. . သိတယ်၊ အရမ်းတော်တဲ့ ဝတ်လုံတော်ရမင်းပဲ၊ ကျုပ်ကိုတောင် အကြံကောင်းပေးခဲ့ဖူးတာ ကလား"

ဦးဆန်းလှူ စွတ်ပြောနေပြီ။ ဦးစောဝင်းကတော့ မျက်စိမျက်နှာ ပျက်နေပြီ။ ကိုယ်လုံးကတော့ ကောင်းသေးတယ်။

ဦးဆန်းလှူကို ရိုးရိုးလှူက လက်ကုတ်တယ်။ မရဘူး။

ဆက်ပြောနေတယ်။

"လက်မကုတ်နဲ့သားရယ်၊ တကယ်တော်တဲ့ ရွှေနေကြီးတို့ မင်းတို့ ဂါရဝပြုသင့်တယ်၊ ဟေး. . ဟေး. . ရွှေနေကြီး အကြံပေး တာကို မင်း အဆင်ပြေသွားတာ"

သွားပြီ။ ဦးစောဝင်း ချွေးပြန်နေပြီ။

မျက်နှာ မထားတတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မူမူကလည်း ခဲအိုတော်ကို ကြည့်နေပြီ။

ဦးဇော်မောင်ကတော့ သူ့အစ်ကို ရှက်သွားမှာစိုးလို့ ဖာထေးပြောဆိုပါတယ်။

"ဟင်း. . ဟင်း. . နဖူးစာရွာလည်ဆိုသလိုပဲပေါ့။ ဖူးစာမှန်တော့လဲ အကြွေပေးကောင်းတဲ့ ရွှေ့နေနဲ့ တည့်တည့်တိုးရတာပေါ့။ ဟုတ်ဘူးလား အစ်ကိုကြီး"

ဦးဇော်မောင်က သူ့အစ်ကိုပေါင်ကို တို့ပြီးပြောလိုက်တာ။

ဦးစောဝင်းက ယောင်ပြီး ခေါင်းညိတ်လိုက်တာ။

မို့မို့က သူ့ဘကြီးရဲ့ အကျပ်အတည်းကိုရိပ်မိတာနဲ့။

"ကဲ, ကော်ဖီသောက်ကြပါဦး၊ မုန့်တွေ သုံးဆောင်ကြပါ၊ ပြီးမှ စကားပြောကြပေါ့"

လို့ လမ်းကြောင်းလွှဲပြောတော့ ဦးဆန်းလူက . . .

"ဟေး. . ဟေး. . ဟုတ်တယ် အစားဆိုတာ ဦးစားပေးရမယ်"

ဆိုပြီး ကိတ်မုန့်လှမ်းနှိုက်မယ်အလုပ် ဒေါ်မမကြီးက အင်္ကျီလက်ကိုဖမ်းဆွဲထားလို့ လက်ကြီးက လေထဲမှာ တန်းလန်းကြီးဖြစ်နေလေရဲ့။

"ရှင်. . ဣန္ဒြေလေးနဲ့ နေစမ်းပါ၊ ဘယ်လိုဖြစ်နေတာလဲ"လို့. . ဒေါ်မမကြီးက ကပ်ပြောလိုက်တာ။

ရိုးရိုးလူကလည်း သူ့အဖေလက်ကြီး မုန့်ဆီမရောက်သေးဘဲလေ ထဲမှာတန်းနေတာမြင်တော့ . . .

"အဖေ. . နှိုက်မှာဆိုလဲ နှိုက်လေ၊ လက်ကြီးက ဘာလုပ်ထားတာလဲ" လို့ တိုးတိုးကပ်ပြောတယ်။

ဦးဆန်းလူကလည်း ပြန်ပြောရှာပါတယ်။

"နှိုက်ချင်သပေါ့သားရယ်၊ မင်း အမေလေ. . မင်းအမေ. . အား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မမကြီးက ဦးဆန်းလူရဲ့ခါးကို ဆွဲလိမ်လိုက်လို့ အော်တာ။

အဲဒါကို ရိုးရိုးလူက သူပြောတယ်ထင်ပြီး. . .

"အမေ အားလို့လိုက်လာတာပဲ အဖေရာ၊ ဒါများ ဘာဆိုင်လို့လဲ"

သူတို့သားအဖကိုကြည့်ပြီး အိမွန်က ခေါင်းလေးငုံ့ပြုံးနေတယ်။

မို့မို့ကတော့ တည့်တည့်ပြုံးတယ်။

မိုးနဲ့ဖြူက တစ်ဖက်လှည့်စောင်းပြုံးတယ်။

အခြေအနေကို ထိန်းသိမ်းတဲ့အနေနဲ့ ဦးဇော်မောင်က ချောင်းဟန့် လိုက်တယ်။

"အဟမ်း. . အဟမ်း"

သူ ဟမ်းလိုက်တော့ ဦးဆန်းလူ ပိုပြီး လက်တွန့်သွားတယ်။

ဦးဇော်မောင် ဆက်ပြောလေရဲ့။

"အားရပါးရ သုံးဆောင်ကြပါခင်ဗျာ၊ ကော်ဖီတွေလဲ သောက်ကြပါဦး"

ပြောပြောဆိုဆို သူလည်း ကော်ဖီရော မုန့်ရော ယူစားတော့တာ။

ဦးစောဝင်းကိုလည်း စားဖို့သောက်ဖို့ပြောတယ်။

ဦးစောဝင်းလည်း ရှက်ရှက်နဲ့ စားလိုက်တာ. . ထော်ဓီတစ်ခွက်၊ ကိတ်မုန့်နှစ်ချပ်၊ ဝေဖာနှစ်ခု။ ဪ. . အကြံပြုအတိုးချစားတာထင်ပါရဲ့။ စားပြီးတော့ စကားပြောဖို့တာဝန်တဦးစောဝင်းထံ ကျလာပါ လေရော။

"ကဲ၊ အစ်ကိုက ဝတ်လုံတော်ရဆိုတော့ ပြောသင့်ဆိုသင့်တာတွေ အစ်ကိုပဲ ပြော. . ."

ဦးဇော်မောင်က သူ့အစ်ကိုကို တင်ပေးလိုက်တာ။

အစ်ကိုကြီးလည်းဖြစ်၊ ရှေ့နေကြီးလည်းဖြစ်နေတော့



www.burmeseclassic.com

www.burmeseclassic.com



ဦးစောဝင်း ရှောင်လို့ မရဘူး။ ပြောပြီ။

"အင်း. . မင်္ဂလာရှိတဲ့အချိန်၊ မင်္ဂလာရှိတဲ့ အိမ်ဂေဟာမှာ မင်္ဂလာ စကားပြောတာဟာ မင်္ဂလာအရှိဆုံးပါပဲ"

ဦးစောဝင်း စကားမဆုံးသေးဘူး။

ကိုဇော်က မင်းဟန်ကို တိုးတိုးကပ်ပြောတယ်။

"ဟော့ကောင် သေချာနားထောင် မင်္ဂလာတွေများနေတယ်၊ သတိ ထားနားထောင်ကြည့်"

"အေးပါ ငါလဲ အဲဒါနားထောင်နေတာ"

"မင်္ဂလာကိစ္စကတော့ အထူးပြောစရာ မလိုတော့ပါဘူး၊ မင်္ဂလာ သတို့သားနဲ့ မင်္ဂလာသတို့သမီးတို့က မင်္ဂလာရှိရှိ ချစ်ခင် စုံမက်တယ်ဆိုမှတော့ မင်္ဂလာဆောင်ပေးဖို့ပဲ ရှိတော့တာပေါ့"

ပြတ်ရော . . .

ရှေ့နေငှားမှ ထောင်လုံးလုံးကျပဲ။

စေ့တောင် မစေ့စပ်ရသေးဘူးရယ် မင်္ဂလာ တန်းဆောင် ခိုင်းတော့တာ။

တောင်းတဲ့သူကလည်း မတောင်းရသေးဘူး၊ ရမ်းတဲ့လူက ရမ်းနေပြီ။

"ကြားလား. . မင်္ဂလာချင်းကိုထပ်နေတာပဲ"

"ဟုတ်မှာ. . ."

ကိုဇော်နဲ့ မင်းဟန်ကလည်း မင်္ဂလာကိစ္စကို အထူးစိတ်ဝင် စားနေကြတာ။

ဘယ်သူတွေ ဘာပဲစိတ်ဝင်စား စိတ်ဝင်စား မုန့်တွေကို အထူး စိတ်ဝင်စားနေတာကတော့ မို့မို့တို့ ဖြူတို့ပဲ။

သူတို့လည်း မုန့်တွေ ပလုတ်ပလောင်းနဲ့ ပါးစပ်မအားရှာ ကြဘူး။

"အားလုံး နားထောင်ကြပါခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဆန်းလူက ထပြောတာ။

ရိုးရိုး မပြောဘူး။ ရိုးရိုးက ထိုင်ပြီး အိမ္ဗန်ကို ငန်းကြောလွှတ်နေတယ်။

အိမ္ဗန်က ရုက်ကြောလေးတွေ ပြန်ဆက်နေတယ်။

ဦးဆန်းလူက တကယ်ကို ထပြောတာ။

ဒီတော့ သူတို့အားလုံး စိတ်ဝင်စားသွားကြတယ်၊ ဝိုင်းကြည့်ကြတယ်၊ လေးထောင့်မကြည့်ရဲဘူး။

"ကျွန်တော် တစ်ခု တင်ပြပါရစေ"

ဦးဆန်းလူက တင်ပြမယ်လည်းပြော၊ မတ်တတ်လည်းထရပ်တော့ အကြည့်တွေက သူ့ကျောနောက်ဆီ ရောက်တုန်ကြတယ်။

ဘာများပြောချင်ပါလိမ့်။ လိပ်ခေါင်းလား၊ သွေးစုနာလား တစ်ခု ခုပဲ။

ဦးဆန်းလူက အကြည့်ခံရတော့ မလုံမလဲဖြစ်သွားတယ်။

"ဟီး. . . မဟုတ်ပါဘူးခင်ဗျာ၊ နှုတ်နဲ့ပြောပြမှာပါခင်ဗျာ"

ပြင်ဆင်ချက်ထုတ်လိုက်မှပဲ အားလုံး ဟင်းချလိုက်ရတယ်။

ဦးဆန်းလူ. . ဆက်ပြီး. . တင်ပြ. . အဲ. . အဲ. . ပြောဆိုတယ်။

"ဒီလိုပါခင်ဗျာ၊ မင်္ဂလာရှိတဲ့ သတို့သားနဲ့ မင်္ဂလာရှိတဲ့ သတို့သမီး မင်္ဂလာခန်းမမှာ မင်္ဂလာဆောင်ပြီးရင် မင်္ဂလာရှိရှိ ရှိနေဖို့ မင်္ဂလာရှိရှိ သွားလာဖို့၊ စီးဖို့ တိုက်နဲ့ကား လိုမှာအမှန်ပါပဲ"

အားလုံး မျက်လုံးတွေ ပြူးကျယ်လာကြတယ်။

ဒေါ်မမကြီး မျက်လုံးက အပြူးဆုံးပဲ။

ရင်ဘတ်လေးတောင် ဖိထားတာ။

"ကိုဆန်းလူ ဘာတွေလျှောက်ပြောနေပါလိမ့်"

လို့ပဲ တွေးနေမိတယ်။ ဦးဆန်းလူက ဆက်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအတွက် ကျွန်တော် ဒီလို စီစဉ်ထားပါတယ်"

ဦးဆန်းလူရဲ့ အစီအစဉ်ကို အားလုံး အရမ်းအရမ်း စိတ်ဝင်စားသွားကြတယ်။

မို့မို့ဆို မုန့်တောင် ဆက်မစားနိုင်ဘူး။

အိမွန်ကလည်း တွေးနေမိတယ်။

"ငါ့ယောက်ျမလောင်းကြီးက ဘယ်ဆိုးလို့လဲ၊ ငါတို့အတွက် တိုက် နဲ့ကားနဲ့တောင် စီစဉ်ထားတာပဲ" လို့တွေးရင်း ဦးဆန်းလူကို အထင်တကြီး ကြည့်နေမိတယ်။

တိုက်နဲ့ကားဆိုလို့ ဒေါ်မူမူရဲ့ မျက်လုံးတွေလည်း အရောင် လက်နေလေရဲ့။

ကိုဇော်နဲ့ မင်းဟန်တို့တောင် ဦးဆန်းလူကို မော့ကြည့် နေကြတာ၊ ပါးစပ်တွေ ပြူး. . အဲ. . ပြဲလို့။

ဦးဇော်မောင်ကတော့ လက်ပိုက်ပြီး မင်ဖြည့်လို့ ကြည့်နေ တယ်။

ဦးစောဝင်းက မေးပွတ်ရင်း ဦးဆန်းလူကို အမှုသည်ကြည့် ကြည့်နေတယ်။

"ဘာများဖြီးမလို့ပါလိမ့်"လို့လည်း တွေးနေသေးတာ။

ဦးဆန်းလူက အားလုံးကို တစ်ချက်ဝေ့ကြည့်ပြီးမှ ဆက်ပြော တယ်။

"ကျွန်တော့်ရဲ့ အစီအစဉ်လေးကတော့ ဒီမှာပါ" လို့ပြောရင်း ဦးဆန်းလူ သူ့တိုက်ပုံထဲက တစ်စုံတစ်ရာကို ဆွဲထုတ်တယ်။

တိုက်စာချုပ်လား. . .

ကားစာချုပ်လား. . .

အားလုံး စိတ်ဝင်စားနေကြပြီ။

ဦးဆန်းလူ စာအိတ်လေးနှစ်အိတ်ကို စားပွဲပေါ် ချပြလိုက် လေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးစုပြုံကြည့်ကြလေရဲ့။

"ဟိုက်, ထီလက်မှတ်"

ရိုးရိုးလှ ယောင်အော်လိုက်မိတာ။

ဦးဆန်းလှက မယောင်ဘဲ အေးအေးဆေးဆေးပဲ ပြောတယ်။

"ဟုတ်ပါတယ်၊ ထီလက်မှတ်ပါ၊ ရိုးရိုးလက်မှတ် မဟုတ်ပါဘူး"

"သားလက်မှတ်လို့ ဘယ်တုံးက ပြောလို့လဲ"

ရိုးရိုး ဝင်ကြောင်တာ။

"အေး . . သားလက်မှတ်မဟုတ်ပေမယ့် သားလက်မှတ်ဖြစ်တော့မှာ၊ ရိုးရိုးလက်မှတ် မဟုတ်ဘူး"

"သားလက်မှတ်ဖြစ်တော့မယ်ဆိုသေး၊ ရိုးရိုးလက်မှတ် မဟုတ်ဘူးတဲ့ . . အဖေ့ဟာ ရှုပ်ယှက်ကိုခတ်နေတာပဲ"

ထီလက်မှတ်နှစ်အုပ်နဲ့ တိုင်ပတ်နေကြတဲ့ သားအဖနှစ်ယောက်ကို ဦးမောင်မောင်တို့ဘက်ကရော၊ ကိုဇော်တို့ပါ အထူးအဆန်းအဖြစ် ကြည့်နေကြတယ်။ ဦးဆန်းလှက ဆက်ပြောတယ်။

"ရိုးရိုးလက်မှတ် မဟုတ်ဘူးဆိုတာ မင်္ဂလာစုံတွဲကို ပြောတာ"

"သားတို့စုံတွဲကို ပြောတာလား"

ရိုးရိုးက အိမွန်ကို လက်ညှိုးလေးနဲ့ပြရင်း မေးပြန်တာ။

ဦးဆန်းလှ တင်းသွားတယ်။ စကားကောင်းကောင်းပြောလို့မရဘူးကိုး။ ပစ်ဟောက်ပစ်လိုက်တယ်။

"တိတ်တိတ်နေစမ်းကွာ၊ ငါထကန်လိုက်ရရင်တော့ ဂိုးဂိုးဖြစ်သွားလိမ့်မယ်"

ရိုးရိုးက ဂိုးဂိုးဖြစ်မှာတော့ ကြောက်သား၊ ငြိမ်သွားတယ်။

ဒီတော့မှ ဦးဆန်းလှ ဆက်ပြောတယ်။

"ထီလက်မှတ်က မင်္ဂလာမောင်နှံပါ၊ ပေါက်ရင် သိန်းသုံးရာအပြင် ထီဆိုင်က အပိုဆုသိန်းငါးရာထပ်ဆောင်းပေးမှာဆိုတော့ သိန်းရှစ်ရာရပါမယ်၊ ဒါဆို တိုက်ရော ကားရော ဝယ်နိုင်ရပါပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုစီစဉ်ထားတာပါခင်ဗျာ၊ ဒီလက်မှတ်တွေ အခုတစ်ခါတည်း လက်ဖွဲ့လိုက်ပါပြီ၊ ကျေးဇူးတင် ပါတယ်ခင်ဗျာ”

ခပ်တည်တည်ပြောပြီး ပြန်ထိုင်တယ်။

မောသွားဟန်နဲ့ မုန့်ကောက်စားတယ်။

ဘာမှ မဆိုင်ဘူး။ ရေသန့်ဘူး ဖွင့်သောက်တယ်ဆိုတော်သေး။

အဲဒီနေ့က စေ့စပ်ပွဲအောင်မြင်စွာပဲ ပြီးဆုံးသွားတယ်။

လက်ထပ်မယ့်ရက်ကိုတော့ တစ်လခွာပြီး ဒီဇင်ဘာရဲ့ ခရစ်စမတ် ညမှာလုပ်ဖို့ သဘောတူလိုက်ကြတယ်။ ရှမ်းကန်(၃) ရမလား၊ ရှမ်းကန်(၂) ရမလား၊ ချိတ်ရဦးမှာတဲ့။

အားလုံးကုန်ကျစရိတ်ကို ရှိုးရှိုးတို့ဘက်က တာဝန်ယူလိုက်တယ်။

လောလောဆယ် မင်္ဂလာမောင်နှံ့ထီလက်မှတ် နှစ်အုပ် တင်ထားခဲ့တယ်။

မဆိုးပါဘူး။ စားသောက်ပြီး ဒီတိုင်းပြန်သွားတာထက်စာရင် ထီ နှစ်အုပ်ဆိုနည်းလား။

သူပြောသလို သိန်းသုံးရာပေါက်ရင် ရှစ်ရာရနေဦးမှာ။

ဦးဇော်မောင်က ထီလက်မှတ်နှစ်အုပ်ကိုကြည့်ပြီး ဒေါ်မူမူ ထံက လှမ်းတောင်းလိုက်တယ်။

စာအိတ်ထဲက ထီလက်မှတ်တွေကို စစ်ဆေးကြည့်လိုက်တယ်။

“ဟိုက်, ထီလက်မှတ်အဟောင်းကြီးဟ”

ဦးဇော်မောင် အသံထွက်သွားတယ်။

ဦးစောဝင်းက လှည့်ကြည့်ပြီး ထီလက်မှတ်ကို ယူကြည့်တယ်။

ဦးစောဝင်း ခေါင်းယမ်းတယ်။ ထီလက်မှတ်ကို ဖင်ပြန် ခေါင်းပြန် ကြည့်ရင်း . . .

“ဒါ. . လိမ်လည်မှုပဲကွ၊ အမှုလုပ်မလား”လို့ သူ့ညီကို မေးတော့တာ။ ဦးဇော်မောင်က ဗျာပျာသလဲ. . .



www.burmeseclassic.com

www.burmeseclassic.com



"အာ. . မလုပ်ပါဘူး အစ်ကိုရယ် စိတ်ကိုလျှော့လိုက်နော်၊ မှားလို့ နေမှာပေါ့" လို့ လေပြေထိုးတယ်။

မထိုးလို့ မဖြစ်ဘူး။ သိတယ် မဟုတ်လား။

ရှေ့နေဆိုတာ အားအားရှိ အမှုပဲလုပ်ချင်နေကြတာ။

ရှေ့နေခမပေးရတောင် ဝါးခတွေက ကုန်ဦးမှာ။

ဦးဇော်မောင် ပခုံးတွန့်တယ်။

ဦးစောဝင်းလည်း ထတယ်။ ပြန်မယ်ပေါ့။

ပြန်ခါနီး ပြောလိုက်သေးတာက . . .

"အမှုလုပ်ချင် ပြောနော်၊ တရားစွဲလို့လဲ ရတယ်"

၆၄

"ရှိုးတောင်းပန်ပါတယ် အိရယ်၊ ဖေဖေက ရိုးရိုးသားသား မှားသွားတာပါ၊ လာခါနီး ရှိုးက အတင်းခေါ်တော့ ထီလက်မှတ် အုပ်ကို အသစ်နဲ့အဟောင်း မှားထည့်လာမိတာပါ"

"ဘာမှလျှောက်လဲချက် ပေးမနေနဲ့၊ ရှိုးတို့သားအဖဟာ အတူတူပဲ၊ အတူတူပဲ၊ တစ်ကျိတ်တည်းတစ်ညဏ်တည်းနေမှာ၊ ရှေ့နေဆီ အကြံတောင်းတာတောင် ဦးလေးဆီ သွားတောင်းရတယ် လို့၊ ဒါ. . ရှိုးရှိုးတို့သားအဖ မရိုးသားကြောင်းပြနေတာ"

"ရှိုးရှိုးတို့သားအဖ ရိုးသားကြောင်းတင်ပြချက်ကို လက်ခံပါ အိရယ်၊ ဒီမှာ ဖေဖေက ထီလက်မှတ်အသစ်နှစ်အုပ် ပေးထားပါ တယ်၊ အိယူသွား"

"မယူဘူး၊ ဘာလဲ. . တိုက်နဲ့ ကားနဲ့ဆိုပြီး ခွေးဝမ်းသာအောင် ရေး လည်ပြပြီး နောက်ဆုံးတော့ ဝမ်းလျှောသွားတာ"

"အိ. . အဲဒီလို မပြောနဲ့လေ"

"ပြောတယ်"

"အိပြောတာ ပြန်ရုပ်သိမ်းပါ"

"မသိမ်းဘူး၊ ကိုယ့်အဖေထိတော့ နာတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး အိရဲ့၊ အိပြောတာ ကိုယ့်အဖေကို မထိဘူး၊ အိပြန်စဉ်းစားဦး"

ဒီတော့မှ အိမွန် ပြန်စဉ်းစားတယ်။

"ဟောတော့. . ."

လျှာလေး တစ်လစ်ဖြစ်သွားရတော့တယ်။

နှင့်နှင့်နည်းနည်းဖြစ်အောင် ဝမ်းလျှောတာကြီးဟု ထည့်ပြောလိုက်တာ သွားရောဗျ။

ဪ. . . မမှားသောရှေ့နေပဲလေ။

ဘာပဲဖြစ်ဖြစ် ရှေ့နေဆိုတော့ မှားလည်း ခပ်တည်တည်ပဲ။

ပြင်ဆင်ချက်နဲ့ ပြန်ဖြည့်ပြောလိုက်သေး. . .

"ဒီမှာ အိတို့ဘာဖြစ်ဖြစ် ရှင့်အဖေကြီး ဝမ်းလျှောဖို့က အဓိကပဲ၊ အိတို့ခွေးဖြစ်လဲ သိန်းကျော်တန်တဲ့ အယ်လ်ဆေးရှင်းမျိုး၊ တိုက်နဲ့နေရတယ်၊ ကားစီးရတယ်၊ ဘယ်တော့မှ ချေးမစားဘူး၊ မှတ်ထား"

အားရပါးရကို ပြောချလိုက်တာ။

ရိုးရိုးလူက ဘာမှပြန်မပြောဘဲ ပြုံးဖြဖြလုပ်နေတယ်။

စိတ်ဆိုးနေတဲ့ချစ်သူကို ချော့ဖို့ အနားကပ်သွားတယ်။ သူတို့က ရုံးခန်းထဲက ဆက်တီမှာ ထိုင်နေကြတာ။

ဦးစောဝင်းကတော့ ရုံးချိန်းသွားနေလို့ မရှိဘူး၊ ရှိရင်လည်း ရှေ့နေ နှစ်ယောက်ကြားမှာ ရိုးလူ ပြားနေလောက်တယ်။

"လာပါအိရယ်၊ အယ်လ်ဆေးရှင်းလဲ ချစ်မှာပဲ"

"ဘာပြောတယ်"

"ဟိုး. . ဟို. . ခုန အိပဲ အယ်ဆေးရှင်း. . ."

ရိုးလူ ဆက်မပြောရဲဘူး။ အိမွန်က လက်သီးဆုပ်ပြီး ရိုးရဲ့ ရင်ဘတ်ကို ထုဖို့ရွယ်တယ်။ မိန်းမလက်နက် ငါးဖြာထဲက တစ်ခု လက်နက်ကို သုံးဖို့ကြံတာ။



www.burmeseclassic.com

www.burmeseclassic.com



ဟေး . . ဟေး . . ရှိုးတို့က ဒါမျိုးတွေ ရှိုးနေပြီ။

အိရဲ့လက်သီးဆုပ်လေးကိုဖမ်းပြီး လူကိုပါလာအောင် ဆွဲလိုက်တယ်။ ပြုလဲလာတဲ့ အိရဲ့ကိုယ်လုံးလေးကို ရှိုးက ဖက်ထားလိုက်တယ်။

"လွှတ် . . ရှင့်ကို လက်ရောက်မှုနဲ့ တရားစွဲလို့ရတယ်"

အိက ဖွဖွလေးခြိမ်းခြောက်လိုက်တာ။

ရှိုး ကြောက်သွားပုံရတယ်။

"လက်ရောက်မှုရော၊ ရင်ခွင်ထဲရောက်မှုရော ပေါင်းဆွဲတွားကြာ ပါတယ်-နှာရောက်မှုပါ ထပ်ဆွဲ"

"ရွှတ် . . ."

ခုနကတော့ တရားစွဲမှာလေး ဘာလေးနဲ့ ကျားဖမ်းမယ် ဆင်ဖမ်း မယ့်အိတို့ ပါးလေးပွတ်ပြီး ငြိမ်လို့ပါလား။

ဦးစောဝင်းရဲ့ မင်္ဂလာခန်းမ . . အဲလေ . . ရုံးခန်းက မင်္ဂလာနဲ့ပြည့်စုံနေလေရဲ့။

ကြည့်လေ . . .

ဆက်တီပေါ်မှာကလည်း လူမင်္ဂလာစုံတွဲ။

စားပွဲပေါ်မှာလည်း ထီမင်္ဂလာစုံတွဲ။

✔ ✔ ✔



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

နှင်းမှုန်လေးတွေ ကျနေတယ်။

နံနက်စောစော နှင်းမှုန်အောက်မှာ လမ်းလျှောက်ရတာ ရိုးသိပ်ပျော်တာပဲ။ တစ်ယောက်တည်း နှင်းမှုန်ထဲမှာ လျှောက်နေမိတယ်။

လူကသာ တစ်ယောက်တည်း၊ စိတ်က နှစ်ယောက်ဖြစ်နေတယ်။ သူ့ဘေးမှာ အိကို စိတ်ကူးနဲ့ထည့်ထားတာ။

ဟုတ်တယ်။ စိတ်ကူးနဲ့ရှုပြီး အိနဲ့စကားတွေ ပြောလာတာ။

"လက်ထပ်ဖို့ ရက်တွေနီးလာလေ ရိုးရင်တွေ ခုန်လေပဲ၊ ဆောင်း အမီ လက်ထပ်ဖြစ်တာ ရိုးကံကောင်းတာပဲ"

"...................."

"ကြည့်လိုက်စမ်းပါ အိရယ်၊ သစ်ရွက်စိမ်းလေးကြားမှာ မြက်ခင်း စိမ်းစိမ်းလေးကြားမှာ နှင်းစက်လေးတွေ ပြိုလဲနေကြလေရဲ့"

"...................."



www.burmeseclassic.com

www.burmeseclassic.com



"နော်. . နော်လို့ . . နှင်းထဲမှာ အမြဲလျှောက်လည်ကြမယ်နော်၊ ကြည့်. . အိကဘာမှလဲပြန်မပြောဘူး"

ရိုးလူ အားမလိုအားမရ ဖြစ်နေတာ။

အိက ပြန်ပြောလို့ ဖြစ်မလား။ တကယ့် အိမှ မဟုတ်ဘဲဟာ။

သူ့စိတ်ကူးပုံရိပ်ထဲက အိပဲ။

ရုပ်ရှင်ထဲမှာဆိုရင်တော့လည်း အိ ဘာမှပြန်ပြောလို့မရဘူး။ ပြုံးစစမျက်နှာလေးနဲ့ပဲ အိုက်တင်လုပ်နေရမှာ။

အက်ရှင်. . . အက်ရှင်ကြီးက ဘယ်လိုစကားပြောမလဲ။

ကဲ, ပြော. . .

အဲဒါကို ရိုးရိုးလူတို့က ဇွတ်။

"အိ. . ကိုယ့်ကို မကျီစယ်နဲ့နော်၊ ကိုယ် ဖက်နမ်းလိုက်မှာ"

"ရွှတ်. . ."

တကယ် ဖက်နမ်းလိုက်တာများ လေထဲမှာ ရွှတ်ခနဲနေတာပဲ။

ရိုးလူနဲ့ မလှမ်းမကမ်းမှာ လမ်းလျှောက်နေတဲ့ လူတစ်ယောက် ရိုးလူ လေ့ကျင့်ခန်းလုပ်နေတယ်ထင်ပြီး ကြည့်နေတာ။

နောက် သဘောကျဟန်နဲ့ပြုံးပြီး ရိုးလူနားကပ်လာပြီး မေးလိုက်တယ်။

"ညီလေးလုပ်နေတဲ့ လေ့ကျင့်ခန်းမျိုး အစ်ကို တစ်ခါမှ မမြင်ဖူးဘူး၊ နောက်ဆုံးပေါ် လေ့ကျင့်ခန်းလားဟင်"

ဟိုက မှင်ကြီးနဲ့ မေးနေတော့ ရိုးလူကလည်း မှင်ကြီးနဲ့ ဖြေလိုက်တယ်။

"ဟုတ်တယ် နောက်ဆုံးပေါ်လေ့ကျင့်ခန်းပဲ"

"ဘယ်ကရတာလဲဟင်"

"နိုင်ငံခြားသွားတုန်းက ရလာတာ"

"သင်ပေးပါလား"

"ရတယ်လေ ခုန ကျွန်တော်လုပ်သလို လိုက်လုပ်ကြည့်"



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူက ခုန ရိုးလူလုပ်သလို လိုက်လုပ်တယ်။

ဘေးက လူတစ်ယောက်ကိုပါ လက်ချင်းချိတ်ဟန်လုပ်ပြီး စကားပြောမလို့ လုပ်တယ်။

ရိုးလူကို လှမ်းမေးတယ်။

"စကားပြောတော့ ဘာတွေပြောရလဲ"

"ကိုယ့်ချစ်သူ ဘေးမှာပါလာတယ် အမှတ်ထားပြီးပြော၊ ပြောချင်ရာပြော၊ ချစ်သူကိုပြောတဲ့စကား ဖြစ်ဖို့ပဲလိုတယ်၊ နောက်ဆုံးမှာ ဖက်မယ်၊ ရွှတ်ဆိုနမ်းမယ်၊ ဒါပဲ. . လေ့ကျင့်ခန်း နာမည် မှတ်ထားဦး၊ နှင်းမှုန်အောက်က ချစ်စုံတွဲတဲ့"

ဟိုလူက အဟုတ်မှတ်ပြီး လိုက်ရေရွတ်တယ်။

"နှင်းမှုန်အောက်က ချစ်စုံတွဲ"

"နှင်းမှုန်အောက်က ချစ်စုံတွဲ"

"ရွှတ်. . ."

"ရွှတ်. . ."

"အား. . အကြောအချဉ်တွေပြေပြီး နှာပါပွင့်သွားတာပဲ၊ ညီလေး လေ့ကျင့်ခန်း သိပ်ကောင်း. . ကောင်း. ."

ဟိုလူ စကားရှေ့မဆက်နိုင်ဘူး။

ဆက်လို့ရမလား. . .

သူ လှည့်ကြည့်လိုက်တော့ ရိုးလူ မရှိတော့ဘူး။

ပြေးပြီ၊ တော်တော်ဝေးဝေးတောင် ရောက်နေပြီ။

လှည့်ကြည့်ပြီး လက်တောင်ပြသွားသေးတယ်။

ဆက်လုပ်တဲ့. . .။

၆၁

"အိုး. . အိုး. . အိုး. . အိုး. ."

"မမ. . တအိုအိုနဲ့ ဘာလဲ အိုမှာကို နိမိတ်ဖတ်နေတာလား"

အိပ်ခန်းထဲ ရှင်းလင်းရင်း တအိုအိုနဲ့ သီချင်းဆိုနေတဲ့ ဒီမွန်ကို



www.burmeseclassic.com

www.burmeseclassic.com



မို့မို့က နောက်လိုက်တယ်။

"ညီမလေးနော်. . . မမက ရိုးရိုးသီချင်းဆိုနေတာ"

"ဟုတ်တယ်လေ၊ ရိုးရိုးသီချင်းဆိုနေတာ ကြားသားပဲ၊ အိုမှာလဲ သေချာနေမှ၊ ခရစ်စမတ်ညတောင် နီးလာပြီ"

"ဟုတ်တယ်နော်. . မမ လက်ထပ်ဖို့ သုံးရက်ပဲလိုတော့တယ်"

"ညီမလေးနော်. . ဘာတွေပြောနေတာလဲ"

အိမွန် ရှက်သွားတယ်။

ဘာလိုလိုနဲ့ တကယ်အိုရတော့မှာပါလားလို့လည်း တွေးမိတယ်။

အတွေးလွန်ပြီး ပြုံးမိသေး။

"မမ. . ဘာပြုံးတာလဲ၊ ခရစ်စမတ်လက်ဆောင် ခြုံစောင်ကြီး ရပြီဆိုပြီး ပြုံးတာလား"

"ညီမလေးနော်. . ပြောလေ. . ကဲလေ. . ကဲ. . ကဲ. ."

အိမွန်က လိုက်ထုတာ။

မို့မို့က အခန်းထဲ ပတ်ပြေးနေတယ်။

"ဟဲ့, ညီအစ်မနှစ်ယောက် ဘာဖြစ်နေကြတာလဲ၊ ဒီမှာ ပုတီးစိပ်နေတာကို အလိုက်မသိကြဘူး"

အိပ်ခန်းထဲက ဒေါ်မူမူက လှမ်းဆူလိုက်တယ်။

ဒီတော့မှ ညီအစ်မနှစ်ယောက် ပခုံးလေးတွေတွန့်ပြီး ပါးစပ်ပိတ်လိုက်ကြလေရဲ့။

"သမီးကြီးအိ. . ပြီးရင် ဖေဖေ့ဆီ ခဏလာပါဦးကွာ"

ဦးဇော်မောင်က လှမ်းခေါ်တာ။

ဦးဇော်မောင်က ခြံထဲက မရန်းပင်အောက်မှာရှိတဲ့ ကွပ်ပျစ်ပေါ်မှာ ဖျာခင်းပြီးနှပ်နေတာ။

အတော်တောင် နူးနေပြီပဲရယ်။

"အဖေ့ကျောမှာ မိတ်တွေ ဇုတ်ပေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်မောင်က စွပ်ကျယ်ကိုလှန်ပြီး မှောက်ပေးတယ်။

အိမ္ဗနိက ဘေးမှာဝင်ထိုင်ပြီး သူ့လက်သည်းရှည်ရှည်လေးတွေနဲ့ ကုတ်ပေးရတယ်။ ကျောက မိတ်ဖုလေးတွေ စမ်းပြီး လက်သည်းနဲ့ထိုး ပေးရတယ်။

ဒါ သူတို့ညီမနှစ်ယောက် လုပ်ပေးနေကျအလုပ်ပဲ။

နောက်တစ်လုပ်က မုတ်ဆိတ်မွေး တိုနံ့နံ့ကလေးတွေ နုတ်ပေးရတာ။

ဦးဇော်မောင်က မွေးညှပ်သုံးလေးခုတောင် ဝယ်ထားတာ။

အလကားနေရင်း မုတ်ဆိတ်မွေးနုတ်နေတတ်တာ။

သမီးတွေကလည်း အားရင်အားသလို နုတ်ပေးနေရသေးတာ။

မုတ်ဆိတ်မွေးနုတ်တဲ့ အလုပ်ကိုတော့ မို့မို့ကို တစ်ပင်တစ်ကျပ်နဲ့ ကန်ထရိုက်ပေးထားတာ။

မို့မို့ကလည်း နေ့တွက်ကိုက်အောင်ဆိုပြီး တစ်ခါနုတ်ရင် သုံးလေးပင်ပါအောင်ဆွဲနုတ်၊ အရေအတွက်များများရအောင် နားသယ်မွေးတွေပါ ဆွဲနုတ်လုပ်တော့တာ။

ဦးဇော်မောင်ခမျာ နာလည်းနာ၊ တစ်ခါနုတ်ခရှင်းရင် တစ်ရာ့ငါးဆယ်၊ နှစ်ရာရှင်းရတယ်။ မကိုက်တော့ဘူး။

မို့မို့ကလည်း ညာဏ်များတယ်။ သူ့ဆံပင်ကို အနေတော်လေးတွေ ဖြတ်ထားပြီး စာရင်းရောပြတာ။ ဘာကျွမ်းသလဲ မမေးနဲ့။

ဒါနဲ့ ဦးဇော်မောင်က မို့မို့နဲ့ချုပ်ထားတဲ့ ကန်ထရိုက်စာချုပ်ကို ဖျက်သိမ်းပစ်လိုက်ရော။

မို့မို့လည်း အလုပ်လက်မဲ့ဖြစ်သွားပြီး ဒူးတွေဘာတွေနှန့်လို့။

သူ့ကို နုတ်လည်းမခိုင်းရဲ၊ ကုတ်လည်းမခိုင်းရဲ။

နုတ်ခိုင်းရင် နားသယ်မွေးတွေပါ ဆွဲနုတ်တာ။

ကုတ်ခိုင်းရင်တော့ ကျောပေါ်လက်တင်ပြီး ရှစ်ရှစ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပုရွက်ဆိတ် တက်သလိုလုပ်နေတာ။ ဦးဇော်မောင်ခမျာ ပိုယားလာလို့ ဘယ်တော့မှ မခိုင်းတော့တာ။ ဒီတော့ အိမွန်ပဲ လုပ်ပေးနေရတော့တာ။

"အဖေ မို့မို့ကိုလဲ ရအောင်ခိုင်းဦး၊ သူ အပါးခိုနေတာ သမီးမရှိရင် အဖေ ဘယ်လိုလုပ်မလဲ"

"သမီးက ဘယ်သွားမှာမို့လဲ"

"လက်ထပ်တော့မယ့် ဥစ္စာ"

"လက်ထပ်ကော ဘာဖြစ်လဲ၊ မောင်ရိုးလှူကိုပါ အိမ်မှာခေါ်ထား . . ပြီးတာပဲ"

"သူ့အိမ်လိုက်နေရမယ်လို့ ပြောနေတယ်"

"မနေဘူး၊ ကိုယ့်အိမ်ကိုယ်နေမယ် ပြောလိုက်ပေါ့"

"ဖေဖေကလဲ ဇွတ် . . ."

အိမွန်က ပြောရင်း ကုတ်ထည့်လိုက်တာ အားပါသွားတယ်

"အား . . နာတယ်ဟ၊ မနေနဲ့တော့ လိုက်သွား၊ ဟိုဘက်လိုက် နေတော့"

"ဟောတော့ . . ."

"မဟောတော့နဲ့ ကျောကော့သွားတာ မမြင်ဘူးလား လက်သည်းချွန်ကြီးနဲ့ စွတ်ဆွဲချရလား၊ သွား . . လိုက်သွားတော့"

"အမျိုးမျိုးတော့"

အိက ဒီဘက်အခြမ်းမှာ ဖြစ်နေတာ။

ရိုးလှူဘက်မှာ ဖြစ်နေတာလည်း ကြည့်ဦး . . .။

၆၄

"သား . . ."

"ပြောပါ ဖေဖေ"

"သား အိမ်ထောင်ပြုပြီးရင် ဘာလုပ်မယ်စိတ်ကူးလဲ"

"ဘုရားဖူးတွေ ထွက်မယ်ဖေဖေ၊ ဖျားရည်ရော အကြားရ



www.burmeseclassic.com

www.burmeseclassic.com



ရောဆမ်းစားမယ်၊ ကဗျာတွေရေးပြီး ခြင်းထဲလုံးထည့်မယ် ဖေဖေ"

"ကောင်းလိုက် ချိုလိုက်တဲ့ အကြံပဲကွာ၊ အဖေ ပြောချင်တာက တစ်မျိုး"

"နှစ်မျိုးလောက်ထိတော့ ပြောပါဖေဖေ"

ရိုးလူက အူကြောင်ကျားလုပ်နေသေးတာ။

မိန်းမသာ ယူတော့မယ် ကလေးစိတ်က မပျောက်သေးဘူး။

"ပြောရမှာကတော့ သားအိမ်ထောင်ပြုပြီးရင် အိမ်မခွဲဘဲ အဖေ တို့ဆီမှာပဲနေ"

"ဟာ, ဖေဖေကလဲ အိမ်ထောင်ပြုပြီး သားက ကောင်မလေးနဲ့ မနေဘဲ အဖေတို့နဲ့ နေရမယ်လို့၊ မဟုတ်တာ အဖေရာ"

"သေချာနားထောင်သားရဲ့၊ အဖေတို့နဲ့နေဆိုတာ ကောင်မလေးကိုပါ ခေါ်ထားခိုင်းတာ"

ဦးဆန်းလူက တည့်တည့်ပြောမှပဲ ရိုးလူ သဘောပေါက်တော့တယ်။

ရိုးလူ စဉ်းစားတယ်။ မေးပွတ်လိုက်၊ ပါးပွတ်လိုက်နဲ့ စဉ်းစားတယ်။ နောက်ပြီး သူ့အဖေကို ခေါ်လိုက်တယ်။

"ဖေဖေ. . ."

"ဘာလဲ သား . . ပြော"

"ကောင်မလေး သားကိုပြောထားတယ်"

"ဘာတဲ့လဲ"

"ကောင်မလေးက သားကို ကတိတောင်းထားတယ်"

"ဘာတဲ့လဲ"

"မင်္ဂလာဆောင်ပြီးရင် သူ့အိမ်လိုက်နေရမယ်တဲ့"

"သားက ဘာပြောလိုက်လဲ"

"ဟာ, ဘာနေသလဲ မေးမနေနဲ့လို့ ပြောလိုက်တယ်"

ဦးဇော်မောင် တွေသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ ဒေါ်မမကြီး အနားရောက်လာပြီး ဝင်ပြောတယ်။

"ဒါများ သားရယ် ပြင်ဆင်ချက်တွေ တင်သွင်းလိုက်၊ ငါ့မိဘတွေ ကျန်းမာရေးမကောင်းဘူး၊ အဖေရဲ့စီးပွားရေးလုပ်ငန်းတွေမှာ ငါဝင်လုပ်ရလိမ့်မယ်၊ ဒါကြောင့် ကိုယ့်အိမ်လိုက်နေပါလို့ ပြောလိုက်ပေါ့"

"ဖြစ်ပါ့မလား မေမေ"

"ဖြစ်တယ်သားရဲ့၊ သျှောင်နောက်ဆံထုံးပါတဲ့လေ၊ အမေ့တုန်းကလဲ မင်းအဖေ အဲဒီလိုပြောလို့ အမေ သူ့နောက်လိုက်နေတာပဲ၊ အလကား. . .သူ့အဖေက သူ့စိတ်မချလို့ ဘာလုပ်ငန်းမှ မခိုင်းပါဘူး"

ဦးဆန်းလူကိုပါ ထည့်ပြောလေတော့ ဦးဆန်းလူက မျက်လုံးပြူးကြည့်တယ်။

"ဟ, ငါ့အဖေက ငါ့ချစ်လို့ မခိုင်းတာ၊ ငါက ငါ့သားကိုလဲ ချစ်လို့ခိုင်းမှာ၊ သား. . တကယ်လဲ အဖေ့လုပ်ငန်းတွေ ဝင်လုပ်ပေးပေါ့"

ရိုးလူက ခေါင်းခါတယ်။

"မဖြစ်ပါဘူး အဖေရယ် သားမှ အလုပ်မလုပ်ချင်သေးဘဲ၊ မိန်းမရပြီးရင် ပျားရည်ဆမ်းမယ်၊ သကြားပုံမယ်၊ ကဗျာတွေရေးမယ်လို့ အဖေ့ကို ပြောထားတာပဲ ဥစ္စာ"

"တော်တော်ကြီးမားတဲ့ ရည်ရွယ်ချက်ပဲကွာ၊ နေပါဦး. . အလုပ်မလုပ်ဘဲ မင်း ဘယ်ကဝင်ငွေနဲ့ ပျားရည်ဆမ်းမလဲပြော"

"ဒါကတော့ အဖေ့ပဲ အားကိုးရမှာပေါ့၊ အဖေရှိရင် ငွေရှိတယ်၊ အမေလာရင် ငွေပါမယ်၊ အမေ. . သားဆီလာတိုင်း ငွေများများယူခဲ့နော်"

ရိုးလူက အေးဆေးပဲ။

ပြောနေတာများ ဘာမှအပူပင်မရှိသလိုဘဲ။



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေကတော့ သားလေးတစ်ယောက်ရှိတာ မိဘရင်ခွင်ထဲက မခွာစေချင်လို့ ပြောနေရတာ၊ သူက ပြောလေကဲလေ၊ မန်းလေပြလေ၊ မှုတ်လေမြုပ်လေ။

ဦးဆန်းလူ တင်းနေပြီ။

မျက်နှာကြီး နီရဲလာတယ်။

သားတော်မောင်ကို အားကိုးတကြီးနဲ့ ပြောလိုက်တာက တော့. . .

"ဟော့ကောင်. . သွား. . သွား. . မင်္ဂလာဆောင်ပြီးမှ လုပ်မနေနဲ့၊ အခုကတဲက မင်းကောင်မလေးအိမ် သွားတက်နေတော့". . . တဲ့။

ဒါကို ရိုးလူက ဘာပြန်ပြောသေးတယ် မှတ်လဲ။

"သားကတော့ နှစ်အိမ်လုံး ခွနေမှာပဲ"

၉၄

ဆောင်းရဲ့စေတမန် နှင်းပွင့်လေးများက တာဝန်သိသိ သစ္စာရှိရှိ ကျရောက်လွင့်မျောနေကြတယ်။

"မင်္ဂလာပါ နှင်းလေးများခင်ဗျာ၊ ကျွန်တော့်ရဲ့ မင်္ဂလာဆောင်ညမှာလဲ နှင်းလေးများ တက်ရောက်အားပေးကြဖို့ ဖိတ်ကြားပါရစေ"

ရိုးလူက ကောင်းကင်ကြီးကို မော့ကြည့်ပြီး တစ်ယောက်တည်း ပြောနေတာ။

သူ့ပတ်ဝန်းကျင်မှာတော့ နှင်းမှုန်လေးများ တဖွဲဖွဲရယ်။

သူ ဒီဇင်ဘာဆောင်းရက်ရဲ့ နှင်းမှုန်အောက်မှာ လမ်းလျှောက်နေတာလေ။

ဟုတ်တယ်။

ဒီနေ့ ဒီဇင်ဘာ (၂၄)ရက်၊ ခရစ်စမတ် အကြိုနေ့ပဲ။

ရိုးလူ သိပ်ပျော်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်ဆို သူ မင်္ဂလာဆောင်ရတော့မှာ။

"ဟီး. . . အိုရချည်သေးရဲ့၊ နာရချည်သေးရဲ့"

လို့ တွေးနေသေးတာ။

သေမှာတော့ ထည့်မတွေးဘဲ ချန်ထားတယ်။

"နှင်းမှုန်လေးတွေရေ နောက်နေ့ဆို ငါ့ဘေးမှာ ချောချော ကောင်မလေးတစ်ယောက် ပါလာတော့မှာကွ၊ အဲဒီတော့မှ မင် နဲ့ မိတ်ဆက်ပေးတော့မယ်နော်"

ရိုးလူက တစ်ယောက်တည်း ပြောနေတာ။ ဘေးဘီ ဘယ်မှ မကြည့်ဘဲ အပေါ်ကို မော့်ပြောနေတာ။

သူ့နားကို လူတစ်ယောက်ချဉ်းကပ်လာတာ သူ သတိမထား မိဘူး။

ဟိုတလောက နှင်းမှုန်အောက်က ချစ်စုံတွဲ လေ့ကျင့်ခန်း ယူသွားတဲ့လူပဲ။

"ညီလေး. . ."

"လန့်လိုက်တာ ကလူ. . ကလူ"

ရုတ်တရက်မို့ ရိုးလူ လန့်သွားတာ။

လှည့်ကြည့်ပြီး မျက်လုံးပြူးသွားတယ်။

"ဟို. . ဟို. . ဟိုအစ်ကိုကြီး"

လက်ညှိုးထိုးပြီး အထစ်အထစ်နဲ့ ပြောတယ်။

ဟိုလူက ပြုံးပြီး . . .

"ဟုတ်ပါတယ်၊ ညီလေး လေ့ကျင့်ခန်းပေးခဲ့တဲ့လူပါ။ အခု ညီလေး လုပ်နေတာ လေ့ကျင့်ခန်းအသစ်လားဟင်" လို့ပြောတော့ ရိုးလူက ယောင်ယမ်းခေါင်းညိတ်မိတယ်။

"ဒါဆို. . ကိုယ့်ကို အဲဒီလေ့ကျင့်ခန်းပေးဦး"

"ရပါတယ်၊ ဟိုမှာ. . မိုးပေါ်မော့်ကြည့်ပြီး နှင်းမှုန်လေးတွေကို စကားပြောရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"တုတ်လား . . ဘာကောင်းလဲ"

"ခံတွင်းရှင်းတယ်၊ ရင်ချောင်တယ်၊ လေ့ကျင့်ခန်းရဲ့ နာမည် မှတ်ထားဦး"

"မှတ်ထားမယ် . . ပြော"

"နှင်းမှုန်များဖြင့် စကားပြောခြင်းတဲ့"

"မှတ်မိပြီ၊ နှင်းမှုန်များဖြင့် စကားပြောခြင်း၊ စလုပ်ကြည့်မယ်"

ဟိုလူ အဟုတ်မှတ်လို့ လုပ်နေတုန်း ရိုးရိုးလူ လစ်ပြေးလာ ခဲ့တော့တာ . . . တာ့တာ . .

၉၄

"ဟော့ကောင် ရိုးလူ ဘယ်လျှောက်သွားနေတာလဲကွာ၊ ရှာလိုက်ရတာ"

"ငါ ဘယ်မှမသွားပါဘူး၊ လမ်းလျှောက်တယ်၊ ပလာဇာသွား တယ်"

"အံမယ် တယ်ဟုတ်ပါလား၊ အိမွှန်နဲ့လား"

"အေးပေါ့ မနက်ဖြန် မင်္ဂလာပွဲအတွက် လိုတာလေးတွေ လိုက် ဝယ်ပေါ့ကွာ"

ရိုးရိုးလူက မျက်လုံးလေး မှေးပြောတာ။ မေးလည်း ပွတ် လိုက်သေးတာ။ လောကကြီးမှာ အကျေနပ်ဆုံးဖြစ်နေသူပုံမျိုးပဲ။

သူ ကျေနပ်မယ်ဆိုလည်း ကျေနပ်စရာပဲ။

မနက်ဖြန်ညဆို သူ အိုရပြီလေ။

"ဟော့ကောင် . . မင်း ဒီည ငါတို့ကို တစ်ဝိုင်းလုပ်ပေး"

ကိုဇော်က တောင်းဆိုလိုက်တာ။

မင်းဟန်ကလည်း ဝင်ပြောတယ်။

"ဟုတ်တယ် မနက်ဖြန်ညဆို မင်းအိုပြီ၊ မအိုခင် တို့ကို Bach-elor Night One Table အမှတ်တရလုပ်ပေးဖို့ လိုတယ်ကွ၊ ဘယ်မှာလုပ်ပေးမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ကြိုက်တဲ့နေရာ ပြောကွာ"

ရိုးလူက အာမခံလိုက်တယ်။ မလုပ်ပေးလို့လည်း မဖြစ်ဘူး။ ကိုယ့် သူငယ်ချင်း အရင်းအချာတွေ ဖြစ်နေတာကိုး။

နောက်နေ့ညဆိုလည်း မင်္ဂလာပွဲနဲ့ သူတို့ကို ဘာမှမလုပ်ပေးနိုင်တော့ဘူးလေ၊ အမှန်က အစောကြီးကတည်းက လုပ်ပေးရမှာ။

ဒါနဲ့ သူတို့ည(၇)နာရီတိတိ၊ (၁၉)လမ်းက ရွှေမင်္ဂ... စားသောက်ဆိုင်မှာ ချိန်းလိုက်ကြတယ်။ အဲဒီဆိုင်မှာတ မို့... မကြာမကြာထိုင်ဖူးတယ်။ စာရေးဆရာ ကဗျာဆရာ မောင်သာယာ ခေါ်ခေါ်သွားတာ။

ဆရာက စာတည်းလုပ်တော့ စာရေးဆရာတွေ စာမူလာအပ်ရင် ဝိုင်းဖွဲ့ဖြစ်တတ်ကြတာကိုး။

ရိုးလူလည်း ညနေ (၆:၃၀)နာရီလောက်ကတည်းက တာဆွား ပြီး (၁၉)လမ်းကဆိုင်ကို သွားဖြစ်တယ်။ လမ်းမှာ ကိုဇော်နဲ့ မင်းတန် ကိုပါ ဝင်ခေါ်သွားသေးတာ။

ဆိုင်ထဲဝင်တော့ ည(၇)နာရီ ထိုးတော့မယ်။

ဘယ်သူမှ မပါဘူး။ သူတို့သုံးယောက်ထဲရယ်။

တခြားသူတွေခေါ်ရင် စကားများမှာစိုးလို့ မခေါ်တာ။

သူတို့သုံးယောက်ကတော့ ပြဿနာမရှိဘူး။

"ကဲ, ကြိုက်တာ မှာစားကြကွာ၊ သောက်တာတော့ နည်းနည်း စီပဲပေါ့၊ တစ်ပြားသုံးယောက်ပဲကွာ၊ များရင်မကောင်းဘူး"

ရိုးရိုးလူက အရက်သိပ်သောက်တတ်တာ မဟုတ်ဘူး။ သုံးယောက် လုံး ဘယ်သူမှ မသောက်တတ်ပါဘူး။

ဒါ ရိုးရိုးလူရဲ့ Bachelor Night သူတို့သောက်မှာ။

အဲဒါ အမှားပဲ။

အူရိုင်းတွေဆိုတော့ နှစ်ပက်လည်း မူးတော့တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ရမ်တစ်ပြား သုံးယောက်သောက်ပြီး သူတို့မူးကြပြီလေ။

"အော့.. ရိုးလူ.. မင်းကောင်မလေးနဲ့ ငါတို့ကို ဘယ်သူ ပိုချစ်လဲ"

"ဟ, ငါ့ကောင်မလေး ပိုချစ်တာပေါ့"

"မင်းတော်တယ်၊ မှန်တာပြောရဲတယ်၊ ဘဲကင်တစ်စိပ်ဟော့"

"ဟ, ဘာဆိုင်လဲ"

"စားသောက်ဆိုင်လေ၊ စားမယ်သောက်မယ်၊ မင်းတော်လို့ ထပ် မှာတာ"

"မှားပြီ"

ရိုးလူ ခေါင်းကုတ်တယ်။ သူလည်း မူးနေပြီ။

မင်းဟန်ကတော့ လျှာသိမ်းရင်း...

"အရက်ဆိုတာ သောက်လိုက်ရင် ပူတာပဲ ငါသိတယ်၊ ငါ့ခေါင်း တွေကိုက်နေပြီ၊ ပြန်ချင်ပြီကွာ"

"နေဦး.. ဘဲကင်လေး ဝါးလိုက်ဦး၊ ဒီကောင်ရိုးလူက မိန်းမရ ပြီးရင် ဒီလိုပြုစုမှာ မဟုတ်တော့ဘူး၊ ဒါကြောင့် အခုဝါးထားကြ"

ကြိမ်းမောင်းနေတုန်း ဘဲကင်လာချတယ်ဆိုရင်ပဲ မင်းဟန်က အငြိုးနဲ့ ကောက်ဝါးတော့တာ။ တစ်ယောက်တစ်လက်နဲ့ ဘဲကင် လည်း ပြောင်ရော။ ဘဲကင်ကုန်တော့ ည (၈း၃၀)နာရီကျော်နေပြီ။

မင်းဟန်က ...

"ကဲကွာ ဘေလ်ရှင်း၊ ပြန်ကြမယ်၊ ခေါင်းကိုက်တာပါဆို၊ ရိုးလူလဲ သူ့အိမ်က စိတ်ပူနေဦးမယ်"

မင်းဟန် လောပေးလို့ အားလုံးပဲ ထဖြစ်ကြတယ်။

(၁၉)လမ်းထဲက ထွက်ခဲ့ကြတယ်။ ခြေလှမ်းတွေကတော့ သိပ် မမှန်တော့ဘူး။

လမ်းမကြီးပေါ်မှာ ကားတွေက များနေဆဲပဲ။ ရိုးလူက ကတင်္ဘားမလို့ လမ်းပေါ်ကို တက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ထားတဲ့ ကားတွေအကွယ်ကနေ ရုတ်တရက် ထက်လိုက်တာဆိုတော့ ကားတစ်စီးနဲ့ တိုးမိပါလေရော။

"ဝုန်း. . ."

"အား. . ."

ရိုးလူ လွင့်ကျသွားတယ်။ ကားက ရှောင်ရင်း ပွတ်ဆွဲမိသွားတာ။ တော်သေးတယ်၊ နောက်ကားတွေ ရှင်းနေလို့။

"ဟာ. . ဟာ. ."

"ဟာ. . ."

မင်းဟန်တို့ ကြောင်သွားကြတယ်။ ရိုးလူဆီ ပြေးသွားပြီး ပွေ့ထူ ကြတယ်။

ရိုးလူ သတိမရတော့ဘူး။ လူတွေဝိုင်းလာကြတယ်။ တိုက်သွားတဲ့ ကားက မရှိတော့ဘူး၊ ပြေးပြီ။

ကိစ္စမရှိဘူး။ ကားနံပါတ်ကို ကိုဇော် မှတ်မိလိုက်တယ်။

ချက်ချင်းပဲ ဘောလ်ပင်ထုတ် စာရွက်မှာရေးမှတ်လိုက်တယ်။

မှူးတာတွေလည်း ပျောက်ကုန်ပြီ။

ရိုးလူကိုတော့ ဘေးကလူတွေ အကူအညီနဲ့ အရေးပေါ်ဆေးရုံပို့လိုက်ရတယ်။

တီး. . . တော်. . .

တီး. . . တော်. . .

တီး. . . တော်. . .

၆၄

"ကလင်. . ကလင်"

"ကလင်. . ကလင်"

ဖုန်းသံကြောင့် အိမွှန် ပြေးကိုင်လိုက်တယ်။

ဖုန်းခွက်လေးကို နားမှာကပ်နားထောင်လိုက်တယ်။

"ဘာ. . ရိုး. . ရိုး. . ကားတိုက်ခံရလို့၊ အရေးပေါ်မှာ. .



www.burmeseclassic.com

www.burmeseclassic.com



အင်း. . လာခဲ့မယ်"

အိမ္မွန် ကတုန်ကယင်နဲ့ ဖြစ်နေတယ်။ ဖုန်းကိုင်ရင်း ကြောင်နေတယ်။ မျက်ရည်တွေ ကျလာတယ်။

"သမီး ဘာဖြစ်လို့လဲ၊ မောင်ရိုးလူ. . ."

"အစ်ကို ကားတိုက်ခံရလို့တဲ့. . ဆေးရုံမှာ၊ လိုက်သွားကြမယ် ဖေဖေ"

ရိုးလူရဲ့သတင်းက အိမ္မွန်တို့ မိသားစုတစ်ခုလုံးရဲ့ ရင်ကို ထိခိုက် သွားစေခဲ့တယ်။

အားလုံးပဲ မျက်နှာမကောင်းလှစွာနဲ့ ဆေးရုံကို ပြေးကြတယ်။

(ပြေးသွားတာကတော့ ဘယ်ဟုတ်မလဲဗျာ၊ ကားငှားသွားတာပေါ့၊ စကားအရပြောရတာ၊ တကတည်း ဇာတ်ရှိန်မြင့်နေတုန်းဗျာ။ စာရေးသူ)

ဆေးရုံရောက်တော့ ရိုးလူရယ်. . .

ခုတင်ပေါ်မှာ ပက်လက်လေး. . .

ရိုးလူ ဘေးမှာတော့ ဦးဆန်းလူနဲ့ ဒေါ်မမကြီးတို့။

မျက်ရည်လေး စမ်းစမ်း စမ်းစမ်း ဖြစ်နေကြတယ်။

ကြက်သီးဖြန်းဖြန်း ဖြစ်မဖြစ်တော့ မသိဘူးရယ်။

ဆေးရုံအပေါ်ထပ်ကို အိမ္မွန်ပြေးတက်လာ. . .

အခန်းဝရောက်တော့ ခုတင်ပေါ်မှာ ပက်လက်လေးဖြစ်နေတဲ့ ရိုးလူကို မြင်တယ်ဆိုရင်ပဲ. . .

"ရိုး. . ရိုး. . " လို့ခေါ်ရင်း ပြေးသွားတယ်။

ဒီနေရာမှာ စလိုးမိုးရှင်းတော့ မဟုတ်ဘူးရယ်။

မြန်မြန်ကို ပြေးတာဗျာ။

တော်သေးတယ်၊ ခလုတ်မတိုက်ဘဲ ရှောရှောရှူရှူရောက်သွားလို့။

အိမ္မွန် ငိုပြီး မျက်ရည်တွေ ပေါက်ခနဲ ပေါက်ခနဲ ကျတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေ ဆေးရုံတက်တုန်းကတောင် မငိုဘဲ၊ အခုတော့ ငိုတာ မြင်တော့ ဒေါ်မူမူ မျက်စောင်းတစ်ချက်ထိုးပြီး ဘာပြောတယ်မှတ်လဲ။

"ရင်နာလိုက်တာနော်. . မောင်ရိုးလူရယ်၊ ရင်နာလိုက်တာကွယ်" တဲ့။ ရိုးရိုးမပြောဘူး၊ ရိုးလူကိုမကြည့်ဘဲ အိမ့်မွန်ကိုစွေကြည့်ပြီး ပြောတာ။

ဦးဇော်မောင်ကလည်း ရိုးလူကိုကြည့်ရင်း ဒေါ်မမကြီးကို မေးလိုက်တယ်။

"ဘယ်လိုဖြစ်ရတာလဲဗျာ"

"မမေးပါနဲ့တော့ရှင်" ဆိုပြီး စကားဆက်မလို့ လုပ်တုန်း ဦးဇော်မောင်က ဟိုဘက်လှည့်သွားလို့ ဒေါ်မမကြီး ဟပ်ကော့ကြီး ဖြစ်သွားတယ်။

ဟုတ်တယ်လေ၊ သူကမှ မမေးနဲ့ဆိုမှတော့ မမေးတော့ဘူးပေါ့၊ အမှန်က မမေးနဲ့ဆိုပြီးမှ အရှည်ကြီး ငိုချင်းချပြောမလို့ ဟာဘဲ၊ ဟာပဲ. . ဟာပဲ။

"အိ. . ."

ရိုးလူထံက တိုးဖွဖွလေး ထွက်လာတဲ့အသံ။

"ဟော. . . ရိုးသတိရပြီ"

ဟုတ်တယ်. . ရိုးလူ သတိရပြီ။

သတိရရချင်းပဲ ခေါ်လိုက်တာက . . .

"အိ. . ." တဲ့။

ဦးဆန်းလူနဲ့ ဒေါ်မမကြီး စိတ်လေသွားတယ်။

"ဟင်း. . သတိရတာနဲ့ အိတဲ့၊ အဖေနဲ့ အမေများ တ,မလားမှတ်တယ်၊ မွေးရကျိုးနပ်ပါပေ့"

ဦးဆန်းလူ တိုးတိုးလေးပြောနေတာ ဒေါ်မမကြီးကလည်း ကြားလို့ ခေါင်းညိတ်ထောက်ခံတယ်။ ဦးဆန်းလူကို လှမ်းပြောသေးတာ။



www.burmeseclassic.com

www.burmeseclassic.com



"ဖအေတူသားပဲ၊ ရှင်မေ့လဲတုန်းကလဲ သတိရတာနဲ့ မမ. .
မမနဲ့ ခေါ်တာပဲ မဟုတ်လား၊ မေမေမှ မခေါ်ဘဲရယ်"

အရှိုက်ထိသွားလို့ ဦးဆန်းလူ ငြိမ်သွားတယ်။

သူငြိမ်တုန်း ရိုးလူ လှုပ်လာတယ်။ အသံထွက်လာတယ်။

"ဝမ်း. . ဝမ်း. ."

"ဟဲ့, ဝမ်းသွားချင်လို့တဲ့၊ ခွက်ယူလာစမ်း"

ရိုးလူ ခေါင်းခါတယ်။

"ဟဲ့, မဟုတ်ဘူးတဲ့. . ဘာလဲသား. ."

ဒေါ်မမကြီး ထပ်မေးရတယ်။

"ဝမ်း. . ဝမ်း. . ကော်ပေးပါ"

"ဟဲ့. . ဟဲ့. . စမြင်းတစ်နေလို့ ကော်ထုတ်ခိုင်းတာ ထင်တယ်၊
ဆရာမ သွားခေါ်စမ်း"

လွဲပြန်ပြီ။

ရိုးလူ ခေါင်းခါတယ်။

နှုတ်ခမ်းကို လျှာနဲ့သပ်ပြတယ်။

ပေါက်သွားပြီ. . အဓိပ္ပါယ် ပေါက်သွားပြီ။

"ရိုး. . ကော်ဖီသောက်ချင်တာလား"

ရိုးလူ ခေါင်းညိတ်ပြတယ်ဆိုရင်ပဲ ဒေါ်မူမူ မျက်မှောင်ကုတ်ပြီး
မှတ်ချက်ပြုတယ်။ တိုးတိုးလေးပါပဲ။

"လူနာ သတိရတာ ရေမတောင်းဘဲ ကော်ဖီတောင်းရတယ်
လို့၊ ကြား. . ကြားဖူးပေါင်"

ဒါနဲ့ပဲ ကိုဇော်က ကော်ဖီမစ်သွားဝယ်ဖို့ပြင်တယ်။

သူ့သူငယ်ချင်းကို လှမ်းမေးသေးတာ။

"သူငယ်ချင်း. . ရှယ်လား. . ရိုးရိုးလား"

မင်းဟန်က ကိုဇော်ကို လှမ်းဟောက်တယ်။

"ရိုးရိုးက ရိုးရိုးပဲ သောက်တဲ့ဟာကို"



www.burmeseclassic.com

www.burmeseclassic.com



"အေးအေး. . ဆောရီး. ."

ကိုဇော် ပြေးပြီ။ ကော်ဖီမစ်သွားဝယ်မှာ။

ထိုစဉ်ခိုက်မှာပဲ ဆရာဝန်ကြီး ရောက်လာတယ်။

သူနာပြုဆရာမလေး နှစ်ယောက်လည်းပါတယ်။

ရိုးလူကိုကြည့်ပြီး မေးတယ်။

"သတိရပြီနော်၊ သက်သာရဲ့လား"

"သတိရပါပြီ၊ သက်တော့ မသက်သာဘူး"

"ဘာဖြစ်နေလဲ"

"စိတ်ညစ်နေတယ်၊ ငိုချင်တယ်"

"အို့, စိတ်ကိုထိန်းမှပေါ့၊ မသေကောင်း မပျောက်ကောင်းဖြစ် ရတာပဲ ကျေးဇူးတင်ဦး၊ ဒဏ်ရာသိပ်မပြင်းပါဘူး၊ နှစ်ပတ်လောက်ဆို ဆေးရုံက ဆင်းရမှာပါ"

"ဗျာ, နှစ်ပတ်"

"အင်းလေ. . . နှစ်ပတ်ဆိုတာ ကံကောင်းတယ်မှတ်"

"ဟုတ်သားပဲ ရိုးရယ် နှစ်ပတ်ထဲများ၊ နှစ်ပတ်ဆိုရင် နိုး နေကောင်းပြီလေ"

အိမွန်က ဝင်ပြောတာ။ နောက် ဆက်ပြောသေးတယ်။

"ရိုးကို တိုက်ပြေးတဲ့ကားကိုလဲ မိပြီတဲ့၊ ရိုးအမှုကို အိကိုယ်တိုင် လိုက်ပေးမယ်၊ ရိုး ဘာမှမပူနဲ့"

အိစကားကြောင့် ရိုးလူ မျက်နှာငယ်လေးနဲ့ ပြန်မေးရှာတယ်။

"အိ.., ကိုယ် တကယ်အမှုဖြစ်နေပြီလားဟင်"

"ဟုတ်တယ် ယာဉ်တိုက်မှု"

ရိုးလူ သက်ပြင်းချတယ်။ အိကို တွေကြည့်နေတယ်။

တိုးတိုးလေးပြောတယ်။

"မနက်ဖြန် ခရစ်မတ်ညနော်"

"ဒါတွေ မတွေးပါနဲ့ရိုးရယ်၊ နေကောင်းအောင်နေပါ၊ မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



ပွဲရက် ရွှေ့လို့ရပါတယ်"

"ဟင့်အင်း အခုပဲ လက်ထပ်ချင်တယ်"

ရိုးလူက တိုးဖွဖွလေးပြောတာ။

အိက ခေါင်းယမ်းတယ်။

"မဖြစ်နိုင်ဘူး ရိုးရယ်" လို့ တိုးညင်းညင်းလေးပြောတယ်။

သူတို့အဖြစ်ကိုကြည့်ရင်း အားလုံးအသက်ရှူဖို့ မေ့နေကြတယ်။

သနားလည်း သနားနေကြတယ်။

"အခုပဲ လက်ထပ်ချင်တယ် အိရယ်"

"ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ ရိုးရယ်"

သူတို့ တိုးတိုးလေးပြောနေတာကို ဆရာဝန်ကြားသွားတယ်။ ပြုံးတယ်၊ ရိုးကို ကြင်နာဟန်နဲ့ မေးတယ်။

"သားက လက်ထပ်ထားချင်လို့လား"

"ဟုတ် . . ဟုတ် . . ."

ရိုး မြန်မြန်ဖြေတယ်၊ ခေါင်းလည်း ညိတ်တယ်။

"ဆရာ စာနာပါတယ်၊ စိတ်ချမ်းသာစေရမယ်၊ ဆရာ စီစဉ်ပေးမှာပေါ့။ ကဲ, သား . . မျက်စိမှိတ်ထား"

သိပ်အလိုက်သိတဲ့ ဆရာဝန်။ သိပ်ချစ်ဖို့ကောင်းတဲ့ ဆရာဝန်ပဲဆိုပြီး ရိုးမျက်လုံးလေး မှိတ်ထားလိုက်တယ်။

ဆရာဝန်က ရိုးရဲ့လက်တွေကို ကိုင်ကြည့်တယ်။

နှစ်ဖက်လုံးက ဒဏ်ရာတွေနဲ့မို့ ပတ်တီးတွေနဲ့။

ဆရာဝန်ကိုင်လိုက်တော့ ရိုးလက် (နာရီမဟုတ်)တွေနာသွားလို့ ရိုး တွန့်သွားပါတယ်။ ဒါပေမယ့် အောင့်ခံနေလိုက်တယ်။

အလိုက်သိတဲ့ ဆရာဝန်ကြီးက နှစ်ဖက်မိဘစုံရာရှေ့မှာ ရိုးကို လက်ထပ်ပေးတော့မှာကိုး။

အားလုံးကလည်း ဆရာဝန်ကြီးလုပ်သမျှ ပြုံးကြည့်နေကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်။

ဆရာဝန်ကြီးက ရိုးရဲ့ဘယ်လက်ကို ဖွဖွလေးကိုင်ပြီး ဗိုက်ပေါ်တင် လိုက်တယ်။ ညာလက်ကိုလည်း ဖွဖွလေးကိုင်ပြီး ဘယ်လက်ပေါ်တင်လိုက်တယ်။ ဆရာမတစ်ယောက်ကို ပတ်တီးလိပ်နဲ့ သူထပ်ပေးထားတဲ့လက်ကို ဖွဖွလေးပတ်နှောင်စေတယ်။

ပြီးပြီ။ ရိုးရဲ့လက်လေးနှစ်ဖက် ထပ်လျက်သားလေးဖြစ်သွားပြီ။

ရွှေလက် ထပ်ထပ်မြဲရအောင် ပတ်တီးလိပ်လေးနဲ့ ရစ်နှောင်လို့ရယ်။

"သားမျက်စိဖွင့်၊ သားဆန္ဒအတိုင်း လက်ထပ်ပေးထားပြီးပြီ၊ အနေ ခက်ရင်ပြောနော်"

ရိုးလှ မျက်စိဖွင့်ကြည့်တယ်။

သူ့လက်ကြီး ဘာဖြစ်နေပါလိမ့်။

မ,ကြည့်တယ်။ နေသာလား လသာလားတော့ မသိဘူးရယ်။

ရိုးလှ အော်ငိုပါလေရော။

"အမယ်လေး . . လက်ထပ်ပါဆိုမှ လက်ထိတ်ခတ်ခံရတယ်ဗျ"

သူ့အော်လည်း ဆရာဝန် မကြားတော့ဘူး၊ ထွက်သွားပြီ။

ဆရာမလည်းနှစ်ယောက်လည်း ပြုံးဖြဖြနဲ့ထွက်သွားပြီ။

နှစ်ဖက်မိဘတွေလည်း ပြုံးစိစိနဲ့ ထွက်သွားကြပြီ။

ကိုဇော်နဲ့ မင်းဟန်လည်း မျက်ရိပ်ပြပြီး ရှောင်ပေးကြပြီ။

အခန်းထဲမှာတော့ အိတစ်ယောက်ပဲ ကျန်ခဲ့လေရဲ့။

အိ စိုးရိမ်စိတ်တွေနဲ့ ရိုးလှကိုကြည့်ပြီး ရပ်နေဆဲ . . .

ရိုးလှက အိကိုကြည့်ပြီး သူ့နားလာဖို့ခေါ်တယ်။

အိ ရိုးလှနားကပ်သွားတယ်။ ကြောက်စိတ်တော့ မရှိဘူး။

ရိုးလှက လှုပ်တောင် မလှုပ်နိုင်ဘူး မဟုတ်လား။

ခေါင်းမှာလည်း ပတ်တီးပတ်ထားတဲ့အပြင် နှာခေါင်းမှာပါ ဓာတ်ဆာ စတာကပ်ထားတဲ့ ရိုးလှကို အိက သနားကြင်နာစွာနဲ့ ငုံ့နမ်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

အိ နမ်းပြီးတော့ ရိုးလူမျက်ရည်တွေ စီးကျပြီး ငိုပါလေရော။

"အဖေရေ. . အဖေ့သားအဖြစ်ကို ကြည့်ပါဦး၊ ရေခဲမုန့်ခွက်ကြီး အနားလာချထားတာတောင် စားမရတဲ့အဖြစ်ဗျ၊ ဟီး. . ဟီး". . တဲ့ဗျာ။

ကောင်းရော. . ကောင်းရော. . . ။

(ပြီးပါပြီ)

အားလုံးပျော်ရွှင် ရယ်မောနိုင်ကြပါစေ

မောင်ညာဏ်ကျယ်

BURMESE CLASSIC



www.burmeseclassic.com